www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှုမှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၄၇၇၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၄၈၀၀၄၀၉
စီစဉ်သူ - ဟိန်းဇေ
မျက်နှာဖုံးပန်းချီ - ရိုးနွယ်အိမ်
ထုတ်ဝေသူ - ဦးအောင်စိုး(၀၃၇၉၄)
စိုးစာပေ
၅၅(F) အနောက်မြင်းပြိုင်ကွင်းလမ်း
ပဟန်း၊ ရန်ကုန်မြို့
မျက်နှာဖုံးနှင့် - ဦးကျော်စိန်(၀၂၀၀၉)
အတွင်းပုံနှိပ်သူ ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃လမ်း၊ ရန်ကုန်မြို့

ကွန်ပျူတာစာစီ - ၄၄
အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀၀ ကျပ်
၂၀၀၉ခုနှစ်၊ မေလ
ပထမအကြိမ်

၈၉၅. ၈၃

ရွှေတောသား ၊ ကို
ဇနပုဒ်မှာသာတဲ့လ/ ကိုရွှေတောသား ။ - ရန်ကုန် ၊
စိုးစာပေ ၊ ၂၀၀၉ ။
၂၄၀ - စာ ၊ ၁၂.၇ စင်တီမီတာ ၊ ၂၀.၃ စင်တီမီတာ
(၁) ဇနပုဒ်မှာသာတဲ့လ

စိုးစာပေ
၅၅(E)၊ အနောက်မြင်းပြိုင်ကွင်းလမ်း
ပဟန်း၊ ရန်ကုန်မြို့
☎ : ၅၅၃၇၅၇

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး (၃) ပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✠ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✠ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✠ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✠ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✧ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✧ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✧ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✧ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ✦ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✦ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✦ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✦ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## စိုးစာပေမှထွက်ပြီးစာအုပ်များ

| | |
|---|---|
| သိမ့်ဇာမိုးဟန် | ယောကျာ်းကောင်း အချစ်တဲ့လားကွယ် |
| မောင်သာပြည့် | ကဲ - ပြောတယ်မဟုတ်လား ချစ်နေတာပါလို့ |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း အမှိုင်သို့လျှို့ဝှက်သီး |
| သုတေသီမြင့်ထွန်း | ရွှေတိဂုံကုန်းတော်မှ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများ |
| ဆရာကြီးအရိန္ဒမာ | ပဿိဒ္ဓိပုဂ္ဂိုလ်ထူးများ၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ |
| မောင်မြတ်သိန်း | ကမ္ဘာ့ဖလားဘောလုံးသမိုင်းနှင့် ကမ္ဘာကျော်ရွှေခြထောက်ပိုင်ရှင်များ |
| ဟိန်းငေ | ဒဿနကမ္ဘာ ၉၇ |
| ဆရာကြီးအရိန္ဒမာ | ဂန္ဓာရခရီးသည် |
| ရွှေစကြာ | အင်္ဂလိပ်သူလျှို |
| သုတေသီမြင့်ထွန်း | အစွမ်းထက်မြက်သော ဂါထာမန္တန်များနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၁) |
| ဟိန်းငေ | ဒဿနလူသား |
| သုတေသီမြင့်ထွန်း | အနောက်တိုင်း ဂမ္ဘီရမှဲ့သုတ္တရ |
| မိန်မိန် (လသာ) | နိုင်ငံတကာ သက်သတ်လွတ်ဟင်းမျိုးစုံချက်ပြုတ်နည်း |
| သုတေသီမြင့်ထွန်း | လာဘ်လာရုတ်လာ ချမ်းသာကျန်းမာ |
| အောင်မြတ်ဦး | ကမ္ဘာကျော်ဝိန်းမများ၏အချစ်အတွင်းရေး |
| မိန်မိန် (လသာ) | အိမ်ရှင်မတိုင်းအတွက် သက်သာချွေတာ ဟင်းနည်းပဒေသာ |
| သုတေသီမြင့်ထွန်း | ခုနစ်ရက်သားသမီးများအတွက် ဂမ္ဘီရသိပ္ပအစီအမံများ |
| မိန်မိန် (လသာ) | နိုင်ငံတကာဟင်းမျိုးစုံချက်ပြုတ်နည်းများ |
| သုတေသီမြင့်ထွန်း | လူတိုင်းအတွက် ကန်တော့ပွဲတင်နည်း |
| အောင်မြတ်ဦး | ချစ်ခြင်းတရားဆိုင်ရာ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏အချစ်ဇာတ်လမ်းများ |
| ဆရာကြီး အရိန္ဒမာ | ပုဂ္ဂိုလ်ထူးများနှင့် ဂမ္ဘီရလမ်းမှ ဖြစ်ရပ်ဆန်းများ (၁) |
| အောင်မြတ်ဦး | အချစ်သမိုင်းတွင် စတင်ခဲ့သည့် ကမ္ဘာကျော်ချစ်သူများ (၁) |
| ဦးမြင့်လွင် | တရားနှင့်လက်တွေ့ဖြစ်မှုဆိုင်ရာလျှောက်ထားမှုများ |
| ဟိန်းငေ | ထိပ်ဆုံးသို့အတွေး ၁၀၀ |
| မောင်ဝေဖြိုး | နိုင်ငံတကာအတွေးအခေါ် ပုံတိုပတ်စများ |
| ကောင်းထက် | နပိုလီယံ (သို့မဟုတ်) ဥရောပတိုက်တစ်တိုက်လုံးကို ဖိနှိပ်တုန်စေခဲ့ရ |
| သုတေသီမြင့်ထွန်း | သင့်တစ်သက်တာယတြာနှင့် ရာသီခွင်ဟောကိန်းများ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| သုတေသီမြင့်ထွန်း | တောင်ပြုံးလက်ဆောင် |
| ဆရာကြီး အရှိန္ဒမာ | ပြည်တွင်းပြည်ပဗိသုကာဉ်လောက အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်များ |
| နေဦးလွင် | ရှေးဟောင်းတကျောမလွန်သာ၍နှင့် မှုခင်းဝတ္ထုများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၂) |
| သုတေသီမြင့်ထွန်း | ပုတီးသမားလက်စွဲ |
| သုတေသီမြင့်ထွန်း | လှာဘ်ခေါက်ကျော်ဂါထာတော်များ |
| မိုးဦး | ကမ္ဘာကိုကိုင်လှုပ်သည့် အချစ်အတွင်းရေးများ |
| မိန်မိန် (လသာ) | ဈေးကွက်ဝင် အစားအသောက်မျိုးစုံပြုလုပ်နည်းများ |
| နေစိုးထက် | ဆက်အမ်ဟူစိန်ထံနောက်ဆုံးနေ့များ |
| နေဦးလွင် | အောင်မြင်လိုသူတိုင်းအတွက် |
| | အကောင်းဆုံးနာမည်ပေးနည်းများ |
| ကောင်းထက် | စုဗုရားလတ်ရှင်းတမ်းနှင့် ပါတော်မူဖြစ်ရပ်များ |
| မိန်မိန် (လသာ) | အကောင်းဆုံးဟင်းလျာချက်နည်း ၁၀၀ |
| ကောင်းထက် | ပါတော်မူပြီးနောက်ပိုင်း သူရဲကောင်းများနှင့် မြန်မာနိုင်ငံ |
| နေစိုးထက် | မင်းတုန်းမင်းနှင့် မန္တလေးနန်းတွင်းအရေးတော်ပုံ |
| ဟိန်းဇေ | စုဗုရားလတ်ဘာလ်နှင့် အမှန်တရားဆိုင်ရာအတွေးအမြင်များ |
| သုတေသီမြင့်ထွန်း | လိုအင်ပြည့်ဝ တရုတ်ဂမ္ဘီရနှင့် မိုးရာပူဇော်ပသနည်းများ |
| နေစိုးထက် | ရှေးက်နှင့်ယှဉ်သည့် နိုင်ငံတကာမှုခင်းများ |
| မိန်မိန် (လသာ) | ထမင်းကောင်းဟင်းကောင်း စားကြရအောင် |
| ကလောင်စုံ | ထူးဆန်းသောကပ္ပိယမှုများနှင့် ဂမ္ဘီရဝတ္ထုတိုများ |
| ကိုရွှေတောသား | တောကဗိုးရှုပ် |
| ဟိန်းထော | စည့်ယူနေအိ |
| ကိုရွှေတောသား | ဂျွဝင်ခွတ်ကျား |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်းထံအမှိုင်သို့လျှို့ဝှက်စာ |
| ကလောင်စုံ | ဂမ္ဘီရအမြုတေ အမှတ်(၁) |
| ကိုရွှေတောသား | ပြောမှတ်တွင်မယ့်တောရပ်ခွင် |
| ကိုရွှေတောသား | ကလိမ်ကကျစ် |
| ဟိန်းဇေ | ထိပ်ဆုံးသို့အတွေး ၁၀၀ (ဒုတိယအကြိမ်) |
| ကိုရွှေတောသား | ပြောရရင်ဩချသွားမယ် |
| ကလောင်စုံ | ဟာသအမြုတေ အမှတ်(၁) |
| ကိုရွှေတောသား | ဇာတ်လိုက်များ |
| ကိုရွှေတောသား | တောရွာရဲ့ထုဂါ |
| ဟိန်းဇေ | တယင်ရွှေထီးဘုရင့်နောင်နှင့်ဒုတိယမြန်မာနိုင်ငံတော် |

BURMESE CLASSIC .com

# ကိုရွှေတောသား

## ရေနှစ်မှာဟောတဲ့လေ

(ကျေးလက်ပျော် ဟာသလုံးချင်းဝတ္ထုစစ်စစ်)

www.burmeseclassic.com

www.burmeseclassic.com

# [၁]

## ပဋိကြွေးဒေါ်သဝ



www.burmeseclassic.com

www.burmeseclassic.com

ရှာဦးဘုန်းတော်ကြီးကျောင်းမှ သီလယူပြီးပြန်လာခဲ့သော ဒေါ်မွေးတုတ်အဖို့ အိမ်ပြန်ရောက်လေတော့ တွေ့မြင်ရလေသည့် မြင်ကွင်းများကြောင့် အငတော်ကလေး စိတ်ပျက်သွားခဲ့ရသည်။

စိတ်မပျက်ဘဲကော နေနိုင်ပါမည်တဲ့လား။

သမီးအကြီးမ ထွေးရီလုပ်ပုံတွေက အတော်ကလေးကို မြင်ပြင်းကတ်စရာကောင်းလွန်လှ၏။

"ဟဲ့ . . . ထွေးရီ၊ ညည်း ကြက်မွေးတံမြက်စည်းကို သူ့နေရာသူပြန်ထားလိုက်စမ်း။ ကြက်မွေးဆိုတာ ဖုန်တွေကို လှည်းဖို့ဟဲ့ . . ."

"အို . . . မထားနိုင်ပါဘူး အမေရယ်၊ ဘယ့်နှယ် စည်းမရှိကမ်းမရှိ၊ အဝတ်ပုံထဲ သေးပန်းတဲ့ကြောင်စုတ်၊ ကျောင်းမှန်းကန်မှန်းသိအောင် အရေခွံကို ဆုတ်ပစ်ရမယ်"





"တိရစ္ဆာန်ပဲ . . . ထွေးရီရယ်၊ လူလိုအသိဉာဏ်မှ မရှိတဲ့ဥစ္စာ၊ သူ့သွားနိုပ်စက်လို့ကတော့ ခံရရုံရှိတော့မပေါ့၊ အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်လေးတွေကို ညည်း ကြပ်ကြပ် ဒုက္ခပေး၊ တစ်နေ့ ကောင်းကောင်းကြီးဝဋ်လည်လိမ့်မယ်၊ ဒီကနေ့တောင် ဆရာတော်က သီလပေးရင်း 'ဝဋ်မှာအမြဲ ရေမှာအပ'ဆိုတဲ့ တရားကိုတောင် ဟောလိုက်သေးတယ်"

"အမေတို့ပဲ တရားတွေရအောင်လုပ်ပါ၊ ကျုပ်တော့ ကိုယ့်စိတ်ထဲ ဘဝင်မကျတာတွေ၊ မျက်စိထဲ ထော်လော် ကန့်လန့်ဖြစ်နေတာတွေ တွေ့ရမြင်ရရင် လက်က ငြိမ် မနေနိုင်ဘူး အမေရဲ့ . . ."

ပြောပြောဆိုဆိုနှင့်ပင် . . . ထုပ်တန်းပေါ်ရောက်နေသော ကြောင်ထီးကြီးရွှေဝါအား မမှီမကမ်းဖြစ်နေသည့်အတွက် ကြက်မွေး ချောင်းဖြင့် ခုန်ခုန်၍ထိုးနေသည်မှာ အပျိုတန်မဲ့ နိုင်လွန်းလှပါဘိ။

"ဟင်း . . . ခက်တယ် ထွေးရီရယ်၊ ညည်းကြောင့်တော့ ခက်ပါသေးတယ်၊ ဝဋ်လည်မှာကိုမကြောက်ဘူး။ အင်း . . . အနိစ္စ၊ ဒုက္ခ၊ အနတ္တ"

ဒေါ်မွေးတုတ်အဖို့ အကြီးဆုံးသမီး ထွေးရီအတွက် စိတ် မသက်မသာဖြစ်ရသည်မှာ အမှန်။

သူမမှာ သားသမီး(၃)ဦး မွေးဖွားခဲ့သည့်အထဲ သမီးအကြီး ဆုံး ထွေးရီက အင်မတန်မှဖွေဖောက်သူ ဖြစ်၏။ မိန်းကလေးတန်မဲ့ အပျိုတန်မဲ့ ကြွေရရက်ကိုမရှိ၊ ရပ်ထဲရွာထဲမှာလည်း ဆတ်ဆတ်ကြဲ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်ရူပကာအားဖြင့် အချောအလှကြီးဟူ၍လည်း မဆိုသာ။ အကျည်းတန်လွန်းသည်ဟူ၍လည်း ပြောမဖြစ်။ ရှက်ကြမ်းရေကျိုအလှတော့ ရှိ၏။ သည်အလှဖြင့် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်နိုင်ပါလေသော်ငြား သူမ၏ အမူအကျင့်စရိုက်များကြောင့် အနားသို့ပင် မသီဝံ့ခဲ့ကြ။ သည်လိုနှင့်ပင် အပျိုဟိုင်းစည်းဝိုင်းအတွင်းသို့ ခြေတစ်ဖက်ပင် နင်းလုလု။

အိမ်မှာရှိလို့များကတော့ . . . ဘယ်အခါမှ ငြိမ်ငြိမ်သက်သက်ကို မရှိ။

ငြိမ်ငြိမ်သက်သက်မရှိဆို အိမ်တွင်းဗာဟီရအလုပ်တွေကို လက်နှင့်မပြတ် လုပ်နေသောကြောင့်လားဆိုတော့ ဒါလည်းမဟုတ်။ နေပုံထိုင်ပုံကိုက အချိုးအစားမပြေပြစ်။ ဒူးတဆတ်ဆတ်၊ ခြေတလှုပ်လှုပ်ဖြင့် မိန်းကလေးဣန္ဒြေကို တစ်စက်ကလေးမှမရှိ။ ပြီးတော့ ဟိုလည်းစပ်စပ်၊ သည်လည်းစပ်စပ်။

အထူးသဖြင့် အသိဉာဏ်ကင်းမဲ့သော အဟိတ်တိရစ္ဆာန်ကလေးများနှင့်တွေ့လျှင် ကိုယ့်ကို ရန်မမူသည့်ဝိုင်အောင် သူမဘက်က စတင်ပြီး တွေ့ရာတုတ်နှင့်ကောက်ရိုက်၊ ကောက်ထိုးတတ်သည့်အကျင့်က လုံးလုံးကိုမဖျောက်။

"ဟဲ့ . . . ထွေးရီ၊ ညည်းတော့လေ တစ်နေ့တော့ ကောင်းကောင်းကြီးကိုဝဋ်လည်မှာ မြင်ယောင်ပါသေးရဲ့ အေ . . ."

မအေဖြစ်သူက ဘယ်သို့ပြောပြော သူမကတော့ လုံးဝဆိုလုံးဝ နားမဝင်ချေ။





အိမ်နီးနားချင်းမှ ခွေးတွေ၊ ကြောင်တွေဆိုလျှင် ထွေးရီကိုမတွေ့လိုက်နှင့်၊ တွေ့လိုက်လျှင်တွေ့လိုက်ချင်း အမြီးကုပ်လျက်ဝေးရာသို့ရှားကြလေတော့၏။

ခုလည်းပဲ ကြောင်ထီးကြီးရွှေဝါကို ကြက်မွေးတံမြက်စည်းလက်နက်ဖြင့် ဒုက္ခပေးနေပြန်ပါပကော။

ကြောင်ထီးကြီးရွှေဝါခမျာ ထွေးရီ၏ကြက်မွေးတံမြက်စည်းတောဝမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းအတွက် ပြေးပေါက်ကိုရှာရင်း ပြုန်းဆို ထရံနှင့်ကပ်လျက်ထောင်ထားသော ဖျာလိပ်အတွင်းသို့ ခုန်ချပုန်းအောင်းလိုက်သည်။

မလွတ်ပါ။ ဒါမျိုး ထွေးရီကို လုည့်ပတ်လို့မလွတ်ပါ။

"ဟား . . . ဟား . . . ဘယ်ရမလဲ ကြောင်စုတ်ရယ်၊ နင် ဖျာလိပ်ထဲဝင်ပုန်းလို့ကော ငါ့လက်က လွတ်မှာတဲ့လား။ လာလာချည်သေးတော့၊ ကိုင်း . . . ကိုင်း . . . ကိုင်းဟာ . . ."

"ညောင် ဝေါင် ဝေါင် ခွီး ခွီး . . ."

ကြက်မွေးရိုးတံဖြင့် ဖျာလိပ်ခေါင်းထဲသို့ တရစပ်ထိုးချနေသည်။ တစ်ချက်တစ်ချက် အထိနာ၍ထင့်။ ရွှေဝါ့ထံမှ အော်ဟစ်သံ၊ မာန်ဖီသံများ ပေါ်ထွက်လာလေသည်။

"ဟဲ့ . . . ထွေးရီ ရုပ်စမ်း၊ ရုပ်လိုက်စမ်း ဘယ့်နှယ်ကျော်မကောင်းကြားမကောင်းတော် . . . သူ့ဘာသာသူ ဘေးလွတ်ရာလွတ်ကြောင်းအတွက် ဖျာလိပ်ထဲဝင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပါစေလား၊ မတော် . . . သင်ဖြူးတွေကိုကုတ်ခြစ်လို့ ငါ့ဖျာတွေ ပစ်ရပါဦးမယ်''

''အဲသည်လိုမဖြစ်ရအောင် ဆုံးမနေတာ အမေရဲ့''

''တော်စမ်းပါဟယ် . . . အဲသည်လို ဆောင့်ဆောင့် ထိုးနေတာ မတော် . . . မျက်လုံးတွေဘာတွေ သွားထိုးမိလို့ ညည်းဝဋ်လိုက်လိမ့်မယ်၊ ကဲ . . . ပေးစမ်း ကြက်မွေး''

သည်သို့ပြောလည်းပြော, ဆိုလည်းဆို အတင်းကာရော ကြက်မွေးတံမြက်စည်းကို လုယူလိုက်မှသာ ကြောင်ထီးကြီးရွှေဝါခမျာ သက်သာရာရသွားတော့သည်။ သည့်နောက် ဖျာလိပ်ကို လှဲချပေးလိုက်သည့်သမယ ရွှေဝါလည်း လှစ်ခနဲဆိုသလို အိမ်ပေါ်မှ ခုန်ချပြေးဆင်းသွားလေတော့သတည်း။



BURMESE CLASSIC .com

တကယ်တော့ . . . ထွေးရီသည် ဒေါ်ဗွေးတုတ်တို့မိသားစုထဲ၌ အကြီးဆုံးဖြစ်ရုံမက ဖတဆိုးလည်းဖြစ်သည်။

သမီးဦးမို့ ငယ်စဉ်ကတည်းက အလိုလိုက်ထားခြင်းခံရလေသည့်အတွက် မိခင်ဒေါ်ဗွေးတုတ်ကို ကြောက်ရလန့်ရမှန်းမသိ။ ပြန်မပြောနားမထောင်ဆိုသည့် အနေအထား။ တကယ်လည်း ပြော,ပြောတုန်းခဏသာ။ ပြီးတော့လည်း မွေးရာပါအကျင့်ဗီဇ အတိုင်းပင် လုပ်မြဲ၊ ကိုင်မြဲ၊ ကျင့်ကြံမြဲ။

''ဂိန် အိုင် အိုင် အိုင် . . .''

ဒေါ်ဗွေးတုတ်အဖို့ မီးဖိုချောင်ထဲ ငါးပိကျိုနေရင်းမှ ခွေးတစ်ကောင်၏ မချိမဆန့်တေးသွားကို နားဆင်းရဲလှစွာ ကြားရပြန်ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ထွေးရီ၊ ဘာလုပ်တာလဲ၊ အဲ ... ကြမ်းကြားပေါက်ကနေ ဝါးလုံးနဲ့ ခွေးကိုထိုးနေတယ်"

"ထိုးရမယ် ... အမေရဲ့၊ ထိုးရမယ်၊ ဘယ့်နှယ် .. အိမ်အောက်ထဲ ချေးလာယိုနေတဲ့ခွေးစုတ်၊ ဒီလိုမှမလုပ်ရင် မဖြစ်ဘူး"

"ထွေးရီရယ် ... နင်နဲ့တော့ ငါ့မှာ ခက်ပါသေးတယ် အေ ... လက်ထဲ တုတ်တို့၊ ဝါးလုံးတို့ မရောက်လိုက်နဲ့ ဘယ်သတ္တဝါကိုမှ ချမ်းသာမပေးတော့ဘူး၊ တစ်ထိုးတည်း ထိုးနေတော့တာပဲ၊ ညည်းတော့နော် ... ဝဋ် မကြောက်၊ ဘာမကြောက်"

"အို ... ဘာလို့ကြောက်ရမှာလဲ၊ ကိုယ့်အိမ်ကိုယ့်ခြံထဲ ပေါက်လွှတ်ပဲစားဝင်လာပြီး မဖွယ်မရာလုပ်တာမျိုးတော့ လုံးဝကိုသည်းမခံနိုင်ဘူး၊ အမေ၊ ကျုပ်ကတော့ ရိုက်ချ,ထိုးချလိုက်မှာပဲ ဘာဝဋ်ပဲလည်လည် ကြောက်ကို မကြောက်ဘူး"

တကယ်ဆို ထွေးရီဟူသည့် လှတပတအမည်နာမကလေး မမှည့်ဘဲ ဂျမ်းတောမဟူ၍သာ မှည့်ခေါ်ဖို့ကောင်းလေသည်။ သည့်အတွက် ထွေးရီဟု အမည်သညာ ခေါ်စရာပေးခဲ့လေသည့် သွားလေသူ ကိုဘိုးအင်ကို အပြစ်တော်တင်လိုက်ချင်ပါသေးတော့။

"ကဲ ... ကဲ ... ထမင်းတွေဟင်းတွေ ကျက်သွားပြီ၊ ဘုရားဆွမ်းတော်တင်ဖို့လုပ်တော့၊ ဆွမ်းခံကိုယ်တော်ကို လောင်းဖို့ အမေ ခူးထားခပ်ထားပြီးပြီ"

"ဟုတ်ကဲ့ ... အမေ၊ သမီး လာယူပြီ"





မီးဖိုချောင်အကျွင်း မိခင်ဒေါ်ဗွေးတုတ် အသင့်ခူးခပ်ထားသည့် ဆွမ်းတော်ပန်းကို သွားယူသည်။ ပြီးနောက် သောက်တော်ရေချမ်းကိုလဲလှယ်ပြီး ဘုရားကျောင်းဆောင်ရှိရာသို့ သွားလေသည်။

"ကဲဟာ ... ကဲဟာ ... ဒီလောက်တောင်ငတ်ကြီးကျလှတာ၊ သေစမ်း ... သေစမ်း၊ သေကြစမ်း ..."

"ဗျန်း ဗျန်း ဗျန်း"

အိမ်ရှေ့ဆီမှ အသံဗလံများ ပေါ်ထွက်လာသည့်အတွက် ဒေါ်ဗွေးတုတ်ခမျာ ခေါင်းနပန်းကြီးသွားရသည်။ ဘာတွေဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်။ တစ်ခုခုတော့ တစ်ခုခု။

ချက်ချင်းဆိုသလိုပင် ဒေါ်ဗွေးတုတ် အိမ်ရှေ့ခန်းသို့ အမြန်ထွက်လာခဲ့သည်။ မြင်ကွင်းက သိပ်မလှမပ။ ထွေးရီသည် ဝါးခြမ်းပြားတစ်ချောင်းဖြင့် ကျောင်းဆောင်နံရံကို တဗျန်းဗျန်းရိုက်နေသည်။

"ဟဲ့ ... ထွေးရီ၊ ကုသိုလ်ကိစ္စလုပ်နေတဲ့အထဲ ဘာတွေဘယ်လို ဖြစ်ရပြန်တာလဲ"

"ဘာဖြစ်ရမှာလဲ အမေရဲ့၊ အိမ်မြှောင်စုတ်တွေပေါ့၊ ဟောဒီမှာ ဆွမ်းတော်တင်ထားတာတွေကို လာပြီးငတ်ကြီးကျတယ်လေ"

"အို ..."

မြင်ကွင်းက မလှမပ။

ထွေးရီ၏ဝါးခြမ်းပြားရိုက်ချက်ကြောင့် အိမ်မြှောင်ကလေးတွေခမျာ ခါးကျိုးသူကျိုး၊ အမြီးပြတ်သူပြတ်နှင့်၊ ကျောင်းဆောင်အောက်ဝင်ပြေးသွားကြသော အိမ်မြှောင်တွေကိုလည်း ထွေးရီသည် စွပ်စွပ်ရွတ်ရွတ်ထိုးနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မလုပ်နဲ့၊ မလုပ်နဲ့၊ အတန်တန်တားမြစ်နေတဲ့ကြားက ထိုးနေပြန်ပါပြီ၊ ညည်းတော့ ဝဋ်လည်တော့မှာပဲ"

"လည်ချင်သလောက်လည်စမ်းပါစေ ... အမေရာ၊ ကျုပ်ကတော့ ထိုးကိုထိုးမှာပဲ၊ ကဲ ... ကဲ ..."

"ဟယ် ... ပြောလဲကဲလေ၊ မန်းလေပြီလေပါလား ခက်ပါရဲ့အေ ... အပြစ်မဲ့တဲ့ အိမ်မြှောင်လေးတွေခမျာ သနားစရာ၊ ညည်းလုပ်ပုံနဲ့တော့ ... ဝဋ်လည်တော့မှာပဲ၊ 'အိမ်မြှောင်တစ်ကောင် ကျောင်းတစ်ဆောင်'တဲ့အေ့ .."

"ဘာလဲ အမေရဲ့၊ 'အိမ်မြှောင်တစ်ကောင် ကျောင်းတစ်ဆောင်ဆိုတာ ..."

"ငါကြားဖူးတာ အိမ်မြှောင်တစ်ကောင်ကိုသတ်ရင် အဲသည်အပြစ်ကကျေအောင် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းရင်တောင် မကျေနိုင်ဘူးတဲ့အေ့ ..."

"အို ... အမေ့ဟာက အခြေအမြစ်မရှိလိုက်တာ၊ ခုဟာက ကျုပ် အိမ်မြှောင်တွေကို ရိုက်ချင်လို့ ထိုးချင်လို့ ထိုးတာမှမဟုတ်တာပဲ၊ ဆွမ်းတော်တင်ထားတာတွေကို အသားလွတ်လာစားနေလို့ ပညာပေးလိုက်တဲ့ဉစ္စာ၊ ငရဲမကြီး ဝဋ်မလည်တဲ့အပြင် ကုသိုလ်တောင်မှရဦးမှာတော့"

"ဪ် ... တော်တော်ခက်ပါလား ထွေးရီရယ်၊ ညည်းကြောင့်ခက်တယ်၊ ကဲ ... သွား .. သွား၊ ဆွမ်းခံကိုယ်တော်ကြွလာရင် ဆွမ်းလောင်းရအောင် ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ သွားယူခဲ့ ..."





ဒေါ်ဖွေးတုတ်က သည်သို့ဆိုလေတော့ ထွေးရီလည်း မီးဖိုချောင်ရှိရာသို့ သွားခဲ့သည်။ မီးဖိုချောင်က အိမ်မကြီး၏နောက်ဖေး အဆွယ်၌ မြေစိုက်တဲကလေးသဖွယ် တွဲကပ်ထားသည်။ မြေပြင် မီးဖိုချောင်ထဲမှာတော့ ထင်းခွဲခြမ်းတွေက အစီအရီ၊ ဝါးကပ်စင်ကလေးမှာတော့ ထမင်းအိုး၊ ဟင်းအိုးတွေ ရှိသည်။

"ဂွမ်း ... ဂလွမ်း ..."

"ကဲ ... ကဲဟာ၊ ကဲဟာ ..."

အိမ်ရှေ့ကိစ္စပြီးပြန်တော့ အိမ်နောက်ဖေးမီးဖိုချောင်မှာ အိုးသံခွက်သံတွေနှင့်အတူ ထွေးရီ၏ ဒေါသမာန်တင်း ထန်ပြင်းသည့်အသံကို ကြားရပြန်လေပြီ။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်ပြန်ပြီလဲ ထွေးရီ"

ဒေါ်ဖွေးတုတ် လှမ်းမေးလိုက်သည်။

"ဘာဖြစ်ရမလဲ ... အမေရဲ့၊ ကျက်သရေတုံးတဲ့ ကြွက်တွေလေ၊ ကာလနာကြွက်တွေပေါ့၊ ဟင်းအိုးတွေကို နှုတ်လှန်ထိုးလို့၊ ဟင်းတွေခိုးစားဖို့လုပ်နေတယ်"

"အိုအေ ... အလေးတစ်ခုခုနဲ့ဖိထားရင် ရပါတယ်"

"ဘာပဲဖြစ်ဖြစ် ... ကြွက်သူခိုးတွေကို ပညာပေးရမယ်"

ဘယ်လိုများပညာပေးလေမလဲဆိုသည့်အတွေးဖြင့် ဒေါ်ဖွေးတုတ် မီးဖိုချောင်မြေစိုက်တဲသို့ လှမ်းဝင်ခဲ့သည်။

"အို ..."

ကြည့်စမ်းပါဦးတော့။



www.burmeseclassic.com

www.burmeseclassic.com



ထွေးရီသည် ပွက်ပွက်ဆူနေသော ရေနွေးအိုးမှရေနွေးတို့အား ကြွက်တွင်းထဲသို့ လောင်းထည့်နေသည်။

"ဟဲ့ ... ဟဲ့ .. မလုပ်ကောင်းတာတွေ မလုပ်နဲ့လေ"

"အသာနေစမ်းပါ အမေရာ၊ သည်လိုမိုက်ရိုင်းစုတ်ပဲ့တဲ့ သတ္တဝါတွေကို သည်လိုပဲ ပညာပြန်ပေးရမယ်"

ကြွက်တွင်းတွေထဲ ရေနွေးပူများလောင်းထည့်ပြီးလေသော် အားရတင်းတိမ်နိုင်ခြင်းမရှိဘဲ ဝါးလုံးတုတ်တုတ်ရှည်ရှည်ဖြင့် ကြွက်တွင်းတွေထဲ တစွပ်စွပ် ဆောင့်ဆောင့်ထိုးနေပြန်သေးတော့၏။

"ထွေးရီ ... မလုပ်နဲ့လေ၊ မလုပ်နဲ့၊ ရေနွေးပူနဲ့လည်း လောင်းပြီးပြီ၊ ခုလည်း ကြွက်တွင်းထဲ ဝါးလုံးနဲ့ထိုးပြန်ပြီ၊ တော်တော့ ... ရပ်တော့ .. ရပ်လိုက်တော့ အကုသိုလ်မ၊ ညည်းတော့လေ ... အကြီးအကျယ်ကို ဝဋ်လည်တော့မှာပဲ'"

အတင်းကာရော ဝါးလုံးကိုဆွဲယူကာ သူ့နေရာသူ ပြန်ထောင်ထားလိုက်သည်။ အမေမို့ ပြန်လည်ခွန်းတုန့်မသာ၍ထင့်။ ထွေးရီစိတ်ထဲမှာတော့ ဘယ်လိုပင် ဝဋ်လည်ပါစေ အားရပါးရကို ဆောင့်ဆောင့်ထိုးချင်နေတော့သည်သာ။

ဩော် ... မာန်တင်း,ထန်ပြင်းလှပါသကော ထွေးရီ။



# (၂)

# နှိုက်နှိုက်ချွတ်ချွတ်

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဖွေးတုတ်တို့မိသားစုထဲမှာတော့ ဖိုးချွန်ဆိုသည် အငယ်ဆုံးသား။

အသက်က ဘာရှိဦးမှာနည်း။

ခြောက်နှစ်ကျော်၍ ခုနစ်နှစ်ထဲရောက်နေပြီ။ အိမ်မှာ အတန်းကျောင်းတက်တာဆို သူတစ်ယောက်တည်းသာရှိသည်။ သူ့အထက်က အစ်ကို၊ အစ်မတွေက လယ်ယာလုပ်ငန်းခွင်ထဲမှာ။

ဖိုးချွန်ကား ... အရွယ်နှင့်မလိုက်အောင် ဉာဏ်ရည်ကောင်းလှ၏။

အတန်းကျောင်းမှာ တတိယတန်းကိုရောက်နေပြီး စာလည်းသွား၏။ ရွာရှိကျောင်းဆရာလေးထံမှ စာအုပ်စာစောင်များကို ကျောင်းပိတ်ရက်များ၌ အိမ်သို့ငှားရမ်းကာ အိမ်သားများကို ဖတ်ရှုပြလေ့ရှိ၏။ သူစာဖတ်ပြပြီဆိုလျှင် မိခင်ဒေါ်ဖွေးတုတ်နှင့်





အစ်မအပျိုကြီးဖွေးရီတို့အပါအဝင် အိမ်သားအပေါင်းတို့မှာ ပျော်တပြုံးပြုံး။

"တို့များမိသားစုမှာ ဖိုးချွန်လေးဟာ တစ်မိပေါက်တစ်ယောက်ထွန်းမယ့်သူပဲ၊ ဒီတော့ ... ဖိုးချွန်ကို ဘွဲ့ရပညာတတ်ကြီးဖြစ်အောင် လုပ်ပေးရမယ်"

"ဟုတ်တယ် ... အမေ၊ ကျုပ်တို့က ပညာပါရမီမပါလေတော့ ပညာပါရမီပါတဲ့ ဖိုးချွန်လေးကို မြေတောင်မြှောက်ပေးကြတာပေါ့"

တကယ်တမ်းကျတော့ ဖွေးရီကလည်း သူ့မောင်အငယ်ဆုံးလေး ဖိုးချွန်ကို အလွန်မတန်ချစ်ပါသည်။ သည်တော့ အစားကောင်းကလေးများကို ဦးစားပေးကျွေးသလို၊ အဝတ်ကောင်းလေးများကိုလည်း ဦးစားပေးဆင်သည်။

"အမေ့သားက အရွယ်နဲ့မလိုက်အောင်ကို သွက်သွက်လက်လက်ရှိတယ်၊ သူ့အထက်ကကောင်တွေလိုမဟုတ်ဘူး၊ ဘာမဆို စူးစမ်းလေ့လာစိတ်ရှိတယ်"

"ကောင်းတာပေါ့အေ ... လူဆိုတာ သူ့ဗီဇနဲ့သူလာကြတာအေ့၊ ကောင်းတဲ့ဗီဇကိုတော့ မြှင့်တင်ပေးရမှာပဲ၊ ညည်းမှာသာ မကောင်းတဲ့ဗီဇပါလာတာ၊ တိရစ္ဆာန်တွေ၊ သတ္တဝါတွေကို တုတ်နဲ့ရိုက်ချင်ရတာနဲ့၊ ဝါးလုံးနဲ့ထိုးချင်ရတာနဲ့၊ ဝိပါကမကြောက်၊ ဝဋ်လည်မှာမကြောက်"

"တော်ပါတော့ ... အမေရာ၊ ဝဋ်ဆိုတာကြီးကို"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးချွန်ကား . . . ဖခင်မဲ့သည်မှလွဲ၍ မိခင်နှင့်တကွ အစ်မတွေ၊ အစ်ကိုတွေ၏ အလေးပေးခြင်းကို ခံရလေသဖြင့် သူ့ဘဝကို သူ ကျေနပ်နေလေသည်။

တစ်မြန်နေ့က တစ်ဖက်ရွာရှိ အဘွားလေးထံ အိမ်က ကောက်ညှင်းဆန်အပို့ခိုင်း၍ သူ ရောက်သွားခဲ့သေးသည်။ အဘွားလေးမှာ သွားတွေမရှိတော့။ ဆံပင်တွေလည်း ဖြူဆွတ်နေသည်။ အသားအရည်တွေကလည်း ရှုံ့တွတွ။ အသက်ကလည်း နည်းမှ မနည်းတော့ပြီပဲ။ ခုနစ်ဆယ်ကျော်၍ ရှစ်ဆယ်နား ချဉ်းနေပြီပဲ။ သို့တိုင် အစားအသောက်မပျက်သေး။

"ဟဲ့ . . ဖိုးချွန်၊ အဘွားလေးကို လာထောင်းပေးစမ်း"

"ဘာထောင်းပေးရမှာလဲ . . . အဘွားလေးရဲ့"

"ကွမ်းစားချင်လို့ဟဲ့ . . . ငါ့မှာက သွားတွေမှမရှိတော့တဲ့ဥစ္စာ"

အဘွားလေးက သူ့ရှေ့မှာတင် ကွမ်းရွက်တစ်ရွက်ကိုယူကာ ကွမ်းရိုးကိုချိုးသည်။ ကွမ်းရွက်ဖျားကို ဖြတ်သည်။ ပြီးလေသော် ကွမ်းရွက်ပေါ် ထုံးဘူးထဲမှထုံးကို ကော်၍သုတ်သည်။ ပြီးလေသော် ဗမာဆေးအနည်းငယ်နှင့် ကွမ်းသီးစိပ်ကိုထည့်ကာ အသာလိပ်လျက် ကွမ်းဆုံထဲထည့်လိုက်သည်။

"ကဲ . . . ထောင်းပေရော့"

ဖိုးချွန်လည်း အဘွားလေးခိုင်းစေသည့်အတိုင်း သံလက်ကိုင်ဖြင့် သံဆုံအတွင်းရှိ ကွမ်းယာကို ကျေညက်သွားစေရန် တဒုံးဒုံးနှင့် ထောင်းတော့သည်။





ညက်ညက်ကြေလေသော် အဘွားလေးလည်း ဆုံအတွင်းမှ ကော်ယူလျက် ပါးစပ်ထဲထည့်လေ၏။ ပြီးနောက် ပိန်ရှုံ့နေသော ပါးချိုင့်တို့ကို လှုပ်ရှားလေတော့၏။ ဒါနဲ့တင်အားမရ၊ ထုံးဘူးထဲမှ ထုံးကိုကော်လျက် သွားဖုံးကြားသို့ ထည့်လိုက်ပြန်ပါသေး၏။ သည်မြင်ကွင်းကိုကြည့်လျက် ဘာကြောင့်မှန်းတော့မသိ၊ ဖိုးချွန် သဘောအကျကြီးကျနေမိတော့သည်။ အိမ်ပြန်ရောက်တော့ စိတ်ကူးပေါက်သည့်အတိုင်းလုပ်ကြည့်သည်။ သူ့ဆီမှာ အဘွားလေးထံမှ မသိမသာလစ်ယူလာသည့် ထုံးဘူးကလေး ရှိနေသည်။

ညနေ . . . ထမင်းစားချိန်။

မိသားစု ထမင်းဝိုင်းမှာ စုံစုံညီညီရှိနေချိန်တွင် ကြောင်ထီးကြီးရွှေဝါက တညောင်ညောင်အသံပေးရင်း ဒေါ်ဖွေးတုတ်အား အစာတောင်းနေသည်။

"မီ မီ မီ မီ . . . ရော့ ရော့၊ ဟောဒီမှာ နင့်ပန်းကန်ထဲ ထည့်ထားတယ်၊ စားလေ . . . ရွှေဝါ"

ငါးရံ့အသားဖတ်များ အရိုးများဖြင့်နယ်ဖတ်လျက် ကြောင်ပန်းကန်ထဲထည့်၍ ကျွေးလေ၏။ ခါတိုင်းဆိုလျှင် သည်လိုမျိုး အာဟာရကို ရွှေဝါသည် အားရပါးရ တစ်ပန်းကန်မကတုတ်နေကျ။ ယခုကျတော့ အစာကိုနမ်းရင်း တညောင်ညောင်သာ အသံပေးမြည်ကြွေးနေလေသည်။

"ညောင် ညောင် ညောင်"

"ဟဲ့ . . . ရွှေဝါကြီး မစားပါလား၊ ခါတိုင်း အငမ်းမရဖြစ်နေတဲ့ကြောင်၊ ခု ဘယ်လိုဖြစ်နေပါလိမ့် . . ."



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလိုမဟုတ်၊ အတန်ငယ်ထူးနေသဖြင့် ရွှေဝါများ ဖျားနေသလားထင်မှတ်ကာ နားရွက်တို့ကိုစမ်းကြည့်၏။ ဒေါ်ဖွေးတုတ်ကား ထွေးရီလိုမဟုတ်။ သတ္တဝါလေးများအပေါ်၌ အကြင်နာတရား ကရုဏာတရား ကြီးမားသူဖြစ်သည်။

"ဟင် ... ဖျားလည်းမဖျားပါဘူး ဟဲ့ ... ဖိုးချွန်၊ အိမ်ခြေရင်းက ကြောင်ဆေးပင်တစ်ပင် သွားနှုတ်ခဲ့စမ်း"

မိခင်ဒေါ်ဖွေးတုတ် ခိုင်းစေသည့်အတိုင်း ဖိုးချွန်လည်း ကြောင်ဆေးပင်ကို သွားနှုတ်လာခဲ့သည်။ ဒေါ်ဖွေးတုတ်က ကြောင်ဆေးပင်အား ရွှေဝါရှေ့သို့ချပေးသည်။ ခါတိုင်းဆိုလျှင် ကြောင်ဆေးပင်ကိုမြင်သည်နှင့် ရွှေဝါ ဣန္ဒြေမရတော့။ တစ်ပင်လုံးကို နှာခေါင်းဖြင့် ပွတ်သပ်နမ်းရှုံ့ကာ အမြစ်တို့ကို မြိန်ရေယှက်ရေဝါးလေ့ရှိစမြဲ။ ခုကျတော့ မြင်သာမြင် မကြင်သည့်အလား တညောင်ညောင်, တဝေါင်ဝေါင် အော်မြည်လျက်။

"ဟယ် ... မဟုတ်သေးပါဘူး၊ ရွှေဝါ ... ဘယ်လိုဖြစ်တာပါလိမ့်"

ဘာကိုဘယ်လိုနားလည်ရမှန်းမသိဖြစ်နေသော မိခင်ဒေါ်ဖွေးတုတ် အဖြေရရန်အလို့ငှာ ဖိုးချွန် ဖွင့်ပြောတော့သည်။

"ကျွန်တော်လုပ်တာနဲ့များ ပတ်သက်နေသလားမသိဘူး အမေ"

"ဟဲ့ ... နင် ဘယ်လိုလုပ်တာလဲ ဖိုးချွန်"

"ကျွန်တော် အဘွားလေးဆီက ယူလာတဲ့ထုံးဘူးထဲက ထုံးတွေ ရွှေဝါရဲ့လျှာတွေကို သုတ်ပေးလိုက်တယ် အမေ"





"အယ် ... တော်တော်မိုက်တဲ့ကောင်ပဲ၊ လျှာကို ထုံးတွေပွတ်ရင် ဘယ်လိုဖြစ်တယ်ဆိုတာ မသိဘူးလား"

"ဟင့်အင်း ..."

"မသိရင် နင့်လျှာနင်ပွတ်ကြည့်"

အစစအရာရာ စူးစမ်းလိုသူမို့ ဖိုးချွန်လည်း မိုက်မဲလှသည် ဆိုဆို သူ့လျှာကိုထုတ်၍ ထုံးတစ်ကော်ကော်ကာ ပွတ်ထည့်လိုက်သည်။

"အား ..."

"အေး ... အဲဒါ ထုံးပေါက်သွားတာ၊ ထုံးပေါက်ရင် ဘာမှစားလို့မရဘူး"

ဟုတ်ပါရဲ့။ ဖိုးချွန် ထုံးပေါက်သွားပြီမို့ ထိုနေ့ညနေက ထမင်းကောင်းကောင်းမဝင်တော့သဖြင့် အစ်မကြီးထွေးရီကျိုပေးသော နွားနို့ဖြင့်သာ အာဟာရဖြည့်တင်းလိုက်ရတော့သည်။

"အဲဒါ နင်ဝဋ်လည်တာပဲ ဖိုးချွန်၊ ရွှေဝါ့ဝဋ်လည်တာ"

ဒေါ်ဖွေးတုတ်၏စကားကြောင့် ဝဋ်ဆိုသည် လည်တတ်ကြောင်း ဖိုးချွန် သဘောပေါက်လိုက်တော့သည်။ ထွေးရီကမူ ဝဋ်လည်မယ်ဆိုသည်ကို မသိကျိုးကျွံပြုလျက်။

ဖိုးချွန်၏ ပတ်ဝန်းကျင်လောကဝယ် လေ့လာစူးစမ်းမှုက သည်ရွှေ့သည်မျှနှင့် အတောမသပ်။

ဖိုးချွန်၏ဇီဇဝါသနာကိုသိထားသော ဆရာလေးကိုကြည်သာက အိမ်သို့လာလည်စဉ် မိသားစုအားလုံးရှေ့မှောက်၌ ချီးမွမ်းထောပနာပြုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကောင်းတဲ့အလေ့အကျင့် ခွေးလေးရဲ့ မဝိတ်ပင်နဲ့ ဖိုးချွန်ဟာ ထူးထူးချွန်ချွန်, ထက်ထက်မြက်မြက်နဲ့ ကြီးပွားလိမ့်မယ်လို့ ကျွန်တော် ပြောရဲတယ်။

ဒီကနေ့ . . . လောကဓာတ်တစ်ခွင်လုံးမှာ လူ့အသုံးအဆောင်တွေ၊ စက်မှုကိရိယာတွေ၊ သွားလာရာမှာ အသုံးပြုတဲ့ယာဉ်တွေဆိုတာ ကျွန်တော်တို့လို လူထဲကလူတွေထဲက သာမန်အတွေးအခေါ်နဲ့မဟုတ်ဘဲ နိုက်နိုက်ချွတ်ချွတ် လေ့လာစူးစမ်းရာက တိုးတက်ဖြစ်ထွန်းလာခဲ့ကြတာပဲ။

သိပ္ပံပညာရှင်ကြီးနယူတန်ဆိုရင် အပင်ပေါ်က သစ်သီးတစ်လုံးကြွေကျတာကို လေ့လာစူးစမ်းပြီး ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားရှိပုံကို ဖော်ထုတ်နိုင်ခဲ့တယ်၊ သိပ္ပံပညာရှင်ကြီး ဂလီလီယိုဆိုရင် ပူအိုက်တဲ့တစ်နေ့မှာ ရေထဲဆင်းစိမ်ရင်းက လူတွေ၊ အရာဝတ္ထုတွေမှာ ဖော့ဂုဏ်ရှိတဲ့အကြောင်းနဲ့ ဗောလောပေါ်နီယာမကို ဖော်ထုတ်နိုင်ခဲ့တယ်။

ဂျိမ်းဝပ်ဆိုတဲ့ပုဂ္ဂိုလ်ဆိုရင်လည်း ရေနွေးအိုးပွက်ပွက်ဆူလို့ ရေနွေးအိုးအဖုံးလှုပ်တာကို သတိထားမိပြီး ရေနွေးငွေ့စွမ်းအင်သုံးမီးရထားကို တီထွင်နိုင်ခဲ့တယ်။

ပြောရရင်တော့ အများကြီးပါပဲ ခွေးလေးရာ . . . သည်တော့ ကျွန်တော်တို့မြန်မာတွေထဲက ဖိုးချွန်လိုလူတစ်ယောက် ထွန်းပေါက်လာရင် မကောင်းဘူးလား"





"ကောင်းတာပေါ့ ဆရာလေးရယ်၊ ဒါပေမယ့် . . . မဟုတ်ကဟုတ်ကတွေလုပ်မှာ စိုးတယ်"

မိခင်ဒေါ်ဖွေးတုတ်စကားကြောင့် ငြိမ်ကုပ်နေသောဖိုးချွန်တစ်စခန်းထလာသည်။

"ဟာ . . . အမေကလဲ၊ ကျွန်တော်က ဘာမဟုတ်ကဟုတ်ကတွေလုပ်လို့လဲ အမေရ . . ."

"ပြီးခဲ့တဲ့သီတင်းကျွတ်တုန်းကလေ ခွေးတွေဟာ မွေးစကတည်းကိုက ရေကူးတတ်သလား၊ မကူးတတ်ဘူးလားဆိုတာသိရအောင်ဆိုပြီး ခြေဆေးကန်ထဲကို ခွေးပေါက်ကလေးတွေပစ်ချတာ သုံးကောင်တိတိ သေသွားပါရောလား"

"ဒါကတော့ အမေရာ . . . ကျွန်တော်က လက်တွေ့သိချင်လို့ စမ်းသပ်တာပဲဥစ္စာ"

"နင်စမ်းသပ်တာ အရေးမကြီးဘူး၊ ခွေးကလေးတွေ သက်သက်မဲ့သေရတော့ ဘယ့်ကလောက်အကုသိုလ်ကြီးလိုက်သလဲ၊ ပြောလက်စနဲ့ပြောရဦးမယ် ဆရာလေးရေ၊ ဆရာလေးတပည့်ဖိုးချွန်ပဲပေါ့၊ ရှေ့ပန်းတောရွာက ဖိုးညွန့်တင် အသုဘဖဲဝိုင်းမှာ ဖဲဒိုင်ကိုင်နေတဲ့ ဦးငြိမ်းသူအနောက်ကနေပြီး ဦးညွန့်တင်ကိုင်ထားတဲ့ ဖဲပွင့်တွေကို ပါးစပ်အငြိမ်မနေနိုင်ဘဲ အော်ဖတ်နေတော့ ဟိုက နားရင်းတီးမှ ထလိုက်တာ အပြေးမြန်ပေလို့"

"ဟား . . . ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးချွန်၏လောကီအရှုပ်ဖာတ်ကြောင့် စကားပိုင်းလေးတစ်ခုလုံး ရယ်မောသံများ လျှံထွက်သွားတော့သည်။

"ရော့ . . . ဒီမှာ၊ မင်း ကျောင်းပိတ်ရက်မှာ ဖတ်ရအောင်လို့ ဆရာလေး မှခင်းဂျာနယ်တွေ ယူလာခဲ့တယ်"

"ပေး . . . ပေး . . . ဆရာလေး။ ဖတ်ချင်နေတာနဲ့အတော်ပဲ"

ဆရာလေးကိုကြည်သာပေးသည့် ဂျာနယ်များကို ဖိုးချွန်လည်း ဝမ်းပန်းတသာလက်ခံယူကာ ရုပ်ပုံတွေကြည့်ရင်း မှုခင်းအကြောင်းအရာတွေကို ဖတ်နေလေသည်။

"ဆရာလေး . . . ရေနွေးကြမ်းသောက်ပါဦး၊ ငါးရဲ့ခြောက်ဖုတ်ကလေးလည်း မြည်းပါဦး"

အိမ်ရှင်ဒေါ်ဖွေးတုတ်က ဖိုးချွန်၏ဆရာလေးကိုကြည်သာအား ခင်မင်လေးစားစွာဖြင့် ပျူပျူငှာငှာ ဧည့်ဝတ်ပြုနေလေသည်။ ဆရာလေးအား သည်မိသားစုမှသာမဟုတ်။ တစ်ရွာလုံးကလည်း ခင်မင်လေးစားကြသည်။ ရွာရှိအိမ်တိုင်းသည် ဆရာလေးအတွက်တော့ တံခါးမရှိ၊ ဓားမရှိ။

ထိုစဉ်မှာပင် မှုခင်းဂျာနယ်ဖတ်နေသော ဖိုးချွန်ထံမှ စကားသံ ပေါ်ထွက်လာသည်။

"ဆရာလေး . . . ကျွန်တော် မသိလို့မေးပါရစေ"

"မေးပါကွာ . . . မေးပါ၊ အဲသည်လိုမေးတာ ဆရာလေး သဘောကျတယ်၊ လောကမှာ 'မစင်ရင်ဆေး မသိရင် မေး'တဲ့ကွ၊ ဆေးမှပြောင်သလို မေးမှလည်း မသိတာသိလာရမပေါ့၊ ကိုင်း . . . ဘာသိချင်လို့လဲ၊ မေးစမ်း . . ."





အားလုံးပင် ဖိုးချွန်မေးလာမည့်အမေးအပေါ် စိတ်ဝင်စားသွားကြလေသည်။

"ဒီသတင်းတစ်ပုဒ်ရဲ့ခေါင်းစဉ်ကို မရှင်းဘူးဆရာ"

"ဘာများလဲ . . . ဖိုးချွန်ရ၊ ပြောစမ်းပါဦး . . ."

"'ပစ္စည်းဥစ္စာလုယူပြီး အဓမ္မကျင့်'တဲ့၊ အဲဒီမှာ ပစ္စည်းဥစ္စာလုယူဆိုတာကိုတော့ ကျွန်တော်သိတယ် ဆရာ၊ ကိုယ့်ကိုယ်ပိုင်ပစ္စည်းမဟုတ်ဘဲ သူတစ်ပါးပစ္စည်းကို မတော်မတရားလုယူတယ်ဆိုတာ၊ အဲ . . . ကျွန်တော်နားမလည်တာက 'အဓမ္မကျင့်'ဆိုတာပဲ ဆရာရဲ့၊ အဲဒါ အဓမ္မကျင့်ဆိုတာ ဘာကိုဆိုလိုတာလဲ ဆရာ"

"အယ် . . ."

မမျှော်လင့်သောအမေးစကားကြောင့် ဆရာလေးကိုကြည်သာတစ်ကိုယ်လုံး ထူပူသွားခဲ့သည်။ ဝိုင်းထဲရှိ မုဆိုးမဒေါ်ဖွေးတုတ်၊ သမီး အပျိုကြီးမထွေးရီ အပါအဝင် မိန်းမသားတွေကိုလည်း ရှက်ရွံ့အားနာသွားရသည်မှာ မျက်နှာပင်မထားတတ်တော့။

"ပြောပြပါ ဆရာလေးရဲ့၊ အဓမ္မကျင့်တယ်ဆိုတာ ဘာလဲ . . ."

"ဟို ဟို ဟိုဟာကွာ . . . ဟိုဒင်း . . . ဟိုဒင်း . . ."

တစ်ခါမျှ စကားမထစ်ဘူးသောဆရာလေးပင် ရုတ်တရက် အယောင်ယောင်အမှားမှားတွေ ဖြစ်လာရသည်။ သည်စကားလုံး၏ အဓိပ္ပာယ်မှာ အရွယ်နှင့်အသိမျှတမှ ကောင်းပေလိမ့်မည်ဟုထင်သည်။ သို့ရာတွင် အမေးရှိလာက မဖြေချင်လည်းမဖြစ်ပြန်။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရောက်လာသည့် စကားအံမိပွာယ်တစ်ခုကို လောလောလတ်လတ် ပြေလည်ရာပြေလည်ကြောင်းအတွက် ပြောချလိုက်ရတော့သည်။

"ဟိုကွာ . . . တစ်ခုခုနဲ့ရိုက်တာ၊ ထိုးတာကို ဆိုလိုတာကွ"

ဟူး . . . စိတ်ထဲတွေ့ရာကို ပြောချလိုက်သည်မှာ အဆင်ပြေသွားပြီဟု မှတ်ယူခဲ့လေသော ဆရာလေးကိုကြည်သာအံ့ဖို့ စကားသွက်လှစွာ၊ ဉာဏ်ထက်လှစွာသော ဖိုးချွန်၏နောက်ဆက်တွဲ စကားကြောင့် အိမ်ပေါ်မှ ကမန်းကတန်းပြေးဆင်းသွားမိပါလေတော့၏။

"ဟာ . . . သဘောပေါက်ပြီ ဆရာ၊ အဲသည်စကားလုံးကို ကျွန်တော် သဘောပေါက်ပြီ။

ဒါဆိုရင် . . . မမကြီးတွေရိုက ခဏခဏဆိုသလို ခွေးတွေ၊ ကြောင်တွေ၊ အိမ်မြှောင်တွေကို အံမွှကျင့်တယ် ဆရာ"တဲ့။

ကိုင်း . . . ဘယ့်ကလောက် မျက်နှာပူစရာကောင်းလိုက်ပါသနည်း။



# [၃]

## တစ်သွေး တစ်သံ တစ်မိန့်



www.burmeseclassic.com

www.burmeseclassic.com

ရွာဆော်ဖိုးခွေး၏ 'ဖျို့'ဟစ်သံက ထွေးရိတို့ ရွှေသရက်ကျေးရွာ၏ တောလမ်းမတစ်လျှောက် လွင့်ပျံ့ပေါ်ထွက်နေတော့သည်။ ကျေးရွာအတွက် အကြောင်းကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လျှင် သူကြီးဖိုးစံဖေ၏ စီစဉ်ညွှန်ကြားမှုဖြင့် ရွာဆော်ဖိုးခွေးခမျာ သူ့ဝန်သူ့တာကို ထမ်းဆောင်ရစမြဲ။

ခုလည်း မောင်းကွဲကလေးတစ်ခုကိုတီးလျက် ခြေလှမ်းလေးငါးဆယ်လောက်ရောက်သည်ရှိသော် ခြေစုံကိုရပ်လိုက်ပြီး သူ့လုပ်ငန်းကို သူစတော့သည်။

"ဂွမ် ..."

မောင်းက အကောင်းပကတိမဟုတ်။ ကိုယ်ထည်က ကွဲနေလေတော့ အကွဲသံသာထွက်ပေါ်လာခြင်းမှာ သဘာဝကျလေသည်။





"ရွှေသရက်ကျေးရွာအတွင်းရှိ ရွာသူရွာသားအပေါင်းတို့ခင်ဗျား ...

ရွှေသရက်ကျေးရွာအတွင်းရှိ ရွာသူရွာသားအပေါင်းတို့ခင်ဗျား ...

မကြာမတင်ကမှ အကြောင်းကိစ္စတစ်ခုနဲ့ မြို့ကိုသွားတဲ့ ရွှေသရက်ကျေးရွာသူကြီးဟာ မြို့က ပြန်ရောက်လာခဲ့ပြီဖြစ်ပါတယ်၊ မြို့ကို ကျေးရွာကိစ္စအတွက် ရောက်ရှိသွားတဲ့နေရာမှာ ကျေးရွာလူထု အထူးသတိပြုစရာကိစ္စကို ရှင်းလင်းမိန့်ကြားမှာမို့ တစ်အိမ်တစ်ယောက် ကျေးရွာသူကြီးအိမ်ကို ကြွရောက်ဖို့ရာ နှိုးဆော်အပ်ပါတယ်ခင်ဗျား။

ပျက်ကွက်ခဲ့ပါက ပျက်ကွက်သူရဲ့တာဝန်သာဖြစ်ကြောင်း လေးနက်စွာ သတိပေးလိုက်ပါတယ်ခင်ဗျား ..."

"ဂွမ် ..."

ရွာဆော်ဖိုးခွေး၏အသံက ရှင်းလင်းပြတ်သားလှပါဘိ။ သို့ရာတွင် ဘယ်နေ့ဘယ်အချိန်ဆိုသည် မပါခဲ့လေတော့ ဆင့်စာကို ကြားနာရသူတို့မှာ ယောင်နနဖြစ်သွားရလေသည်။

"ဟဲ့ ... ဖိုးခွေး၊ နင့်ဟာက ဘယ့်နှယ်လဲ"

"ဟာ ... ကျုပ်ဟာက သူ့ဘာသာသူ ပကတိအတိုင်းပါဗျ"

"ဟဲ့ ... ဘာတွေပြောနေတာလဲ၊ ငါပြောတာက သူကြီးအိမ်ကို ဘယ်နေ့ဘယ်အချိန်လာရမယ်ဆိုတာ မသိလို့မေးနေတာဟဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အယ် ... ဟုတ်သားပဲ၊ ဒါဆို စအော်တဲ့နေရာက ပြန်အော်မှဖြစ်တော့မယ်၊ တော်ကြာ လူတွေယောင်ဝါးဝါး ဖြစ်ပြီး တစ်ယောက်မှရောက်မလာရင် သူကြီးက ဖနောင့်နဲ့ ပေါက်မှာ၊ တော်ပါသေးရဲ့ ... ခင်ဗျားသတိပေးပေလို့"

သည့်အတွက် ရွာဆော်ဖိုးခွေးခမျာ သူကြီး၏ဆင့်ခေါ်စာကို ပြန်လည်ဖြည့်စွက် ဖျို့ဟစ်ရပါတော့၏။

"ရွှေသရက်ကျေးရွာအတွင်းရှိ ရွာသူရွာသားအပေါင်း တို့ခင်ဗျား ...

ရွှေသရက်ကျေးရွာအတွင်းရှိ ရွာသူရွာသားအပေါင်း တို့ခင်ဗျား ...

မကြာမတင်ကမှ အကြောင်းကိစ္စတစ်ခုနဲ့ မြို့ကိုသွားတဲ့ ရွှေသရက်ကျေးရွာသူကြီးဟာ မြို့က ပြန်ရောက်လာ ခဲ့ပြီဖြစ်ပါတယ်၊ မြို့ကို ကျေးရွာကိစ္စအတွက် ရောက်ရှိ သွားတဲ့နေရာမှာ ကျေးရွာလူထု အထူးသတိပြုစရာကိစ္စ တစ်ရပ်ကို ရှင်းလင်းမိန့်ကြားမှာမို့ သူကြီးအိမ်ရှိရာ သည့် ကနေ့ညနေ ခြောက်နာရီအရောက် တစ်အိမ်တစ်ယောက် ကျေးရွာသူကြီးအိမ်ကို ကြွရောက်ဖို့ရာ နှိုးဆော်အပ်ပါ တယ်ခင်ဗျား ...

ပျက်ကွက်ခဲ့ပါက ပျက်ကွက်သူရဲ့တာဝန်သာဖြစ်ကြောင်း လေးနက်စွာ သတိပေးလိုက်ပါတယ်ခင်ဗျား ..."

"ဝှမ် ..."

"အေး ... အဲသလိုလုပ်ပါဟ့ ..."





"အင်း ... စအော်တဲ့နေရာကိုပြန်သွားပြီး အစကနေ ပြန်အော်ရတော့မယ်"

ရွာဆော်ဖိုးခွေးလည်း လာရာလမ်းအတိုင်း ပြန်လှည့်သွား ပါလေတော့၏။

ထွေးရီတို့ရွှေသရက်ကျေးရွာဆိုသည်က အိမ်ခြေ[illegible]းရာ ထက်မနည်းသော ရွာကြီးတစ်ရွာဖြစ်၏။ အမျိုးကောင်း[illegible]ရက် များ အလျှံပယ်ထွက်ရှိသောရွာဖြစ်သည့်အလျောက် ရှေ့[illegible]ကြီးသူမ များက 'ရွှေသရက်'ဟု တင်စားမှည့်ခေါ်ခဲ့လေသ[illegible]လားမသိ။

သည်ရွှေသရက်ကျေးရွာကိုအုပ်ချုပ်သော[illegible]သူကြီးဖိုးစံဖေ ဆိုသည်မှာလည်း နှယ်နှယ်ရရတော့မဟုတ်။ ဆန်တုန်းမြန်တုန်း ကာလက ၎င်းတို့အိမ်သို့ ဓားပြများဝင်လာခဲ့ရာ ဖိုးစံဖေဦးဆောင် သည့် အိမ်သူအိမ်သားအပေါင်းက ရှပ်ရှပ်ခါခါ ပြန်လည်ခုခံတိုက်ခိုက် ခဲ့၏။ ဓားပြများကိုင်ဆောင်လာသော ဓားများ၊ လှံများမှာ မည်သို့ မည်ပုံ ဖြစ်လေသည်မသိ။ ဓားတွေကျိုးကုန်၊ လှံတွေခွေကုန်ကာ ဓားပြအပေါင်းမှာလည်း ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျ အောင် ပြေးကုန်ကြတော့၏။ သည်မှာတင် ရွှေသရက်ရွာအတွက် ပြောစမှတ်တွင်စရာ စကားတစ်ခွန်း ပေါ်ထွက်လာတော့သည်။

ဘာတဲ့ ...

"ဓားကျိုး[illegible] လှံခွေ၊ စံဖေတို့အမျိုး" ဆိုပါကလား။

သည့်အတွက် နဂိုမူလ သူကြီးဦးတုတ်ပေါ် ကိစ္စချောလေ တော့ ဦးတုတ်ပေါ်၏အရိုက်အရာကို သမက်ဖြစ်သူ ဖိုးစံဖေမှာ အလိုလိုနေရင်း ဆက်ခံရလေတော့သည်။ သည်လိုဆက်ခံခြင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘယ်ကျေးရွာသူကျေးရွာသားမှ ကန့်ကွက်ခြင်း အလျဉ်း မရှိခဲ့။

ကျေးရွာအတွက် အကျိုးရှိစေမည့်လုပ်ရပ်များကို စွမ်းစွမ်းတမံ ဦးဆောင်သယ်ပိုးခြင်း၊ သတ္တိဗျတ္တိနှင့်ပြည့်စုံ၍ ဩဇာညောင်းခြင်း၊ စိတ်ဓာတ်ရိုးဖြောင့်ကာ တရားဓမ္မကိုကြည်ညိုခြင်းတို့ကြောင့် သူကြီးဖိုးစံဖေအတွက်တော့ ရွှေသရက်ကျေးရွာအပေါ်၌ များစွာမှ ဩဇာညောင်းချေ၏။

မြို့ပိုင်မင်းဆိုလျှင် သူကြီးဖိုးစံဖေအပေါ်တွင် လွန်စွာမှ စိတ်ချ၏။ စိတ်ချရ၍လည်း မြို့ပိုင်မင်း၏အထူးအာဏာများကို လွှဲအပ်ခြင်းခံခဲ့ရချေသည်။ အားထားယုံကြည်ရသည့်အတွက် ချီးမြှင့်မြှောက်စားခြင်းကိုခံရ၏။

"ဗျို့ . . . သူကြီး၊ ခင်ဗျားတို့ရွှေသရက်ရွာကို ကျုပ် ဘယ်နေ့တော့လာခဲ့မယ်၊ လမ်းတစ်လျှောက် အမှိုက်သရိုက် တွေ၊ ချုံတွေ၊ မြက်တွေ မမြင်ချင်ဘူး"

သို့ကလိုဆိုလိုက်ပါချေက ရွာလမ်းတစ်လျှောက် လမ်းတွေ ဖုံကာ သဲဖြူခင်းပြီးသား၊ ရာဇမတ်ကာပြီးသား ဖြစ်သွားရလေသည် အထိ ဖိုးစံဖေမှ ဦးဆောင်အစွမ်းပြမည်သာဖြစ်၏။

"ဗျို့ . . . သူကြီး၊ အမတော်ကြေးတွေ ဘယ်နေ့ဘယ် ရက်ရအောင် လာဆပ်ဖို့လုပ်ပါ"

ထိုသို့အမိန့်ပေးလာခဲ့လျှင်လည်း သူ့ဩဇာညောင်းသော ရွာသူရွာသားတို့ထံမှ တစ်ပြားတစ်ချပ်မျှ ကြွေးကျန်မရှိစေရဘဲ တစ်လုံးတစ်ခဲ ငွေထုပ်ကြီးပိုက်ကာ နေ့ရက်အတိအကျ။ အချိန်





တစ်မိနစ်မစွန်းစေဘဲ အရောက်စွမ်းဆောင်တတ်သူလည်း ဖြစ်၏။ သူ့အဖို့ မြို့ပိုင်မင်းကသာ အမိန့်ရှိပါက ရွာ့အနောက်ဖျားဆီမှ ထန်းတောကြီးကို ရွာအရှေ့ဖျားဆီသို့ ပိုးခနဲ ဒိုင်းခနဲ ရွှေ့ပြောင်း ပို့ဆောင်ဖို့ရန် အဆင်သင့်ပင်။ ညွှန်ကြားလွှာမထုတ်ပြန်ရသေး။ အကောင်အထည်ဖော်ဖို့ရာ အသင့်ပြင်ထားပြီးပြီဆိုသော လူစား တည်း။ သို့ဖြစ်၍လည်း မြို့ပိုင်မင်းအနေဖြင့် သူကြီးတကာသူကြီး အပေါင်းတွင် သူကြီးဖိုးစံဖေကို သဘောအကျဆုံးဖြစ်ရချေသည်။

ညနေရိုနေညိုဖျန်းလေတော့ ရွှေသရက်ကျေးရွာသူကျေးရွာ သားအပေါင်းတို့လည်း သူကြီးဖိုးစံဖေ၏ ဩဇာအာဏာအပေါ် အလေးအနက်ထားကြလေသည်မို့ တစ်အိမ်တစ်ယောက် အပျက် ကွက်မခံဘဲ သူကြီး၏အိမ်ဝိုင်းကလေးရှိရာသို့ အရောက်သွားကြ လေသည်။

အိမ်ခြံဝန်းက အတော်အသင့်ကျယ်သည်။

ခြံထောင့်နှစ်ထောင့်၌ ခန့်ထည်ကြီးမားလှစွာသော ကုက္ကိုပင်ကြီးနှစ်ပင်က အကိုင်းအခက်များဖြာကျကာ နေဘယ်လောက် ပူပူ အမှုထားစရာမရှိရလောက်အောင် အရိပ်များကို ဖြာကျပေး ထားရာ သူကြီးဖိုးစံဖေသည် ကျေးရွာသူကျေးရွာသားတို့အပေါ်တွင် သာမဟုတ်။ ကုက္ကိုပင်တို့အပေါ်၌ပင်လျှင် ဩဇာညောင်းသည့်သဘော သက်ရောက်နေတော့၏။

ခြံဝင်းထဲ၌ အများထိုင်ကြစေရန် ဝါးဖျာကြမ်းများကို ခင်း ပေးထား၏။ တစ်အိမ်တစ်ယောက် မပျက်မကွက် ရောက်လာကြ သည်မို့ မကြာခင်မှာပင် ခင်းထားသောဖျာများပေါ်၌ လူများပြည့်



www.burmeseclassic.com

www.burmeseclassic.com



နက်သွားလေတော့၏။ စကားလေချသူချ ကွမ်းဝါးသူဝါး ဆေးလိပ်ဖွာသူဖွာနှင့် လူ့အလုပ်လူလုပ်နေကြလေသည်ကော။

''အဟမ်း ...အဟမ်း ...အဟမ်း''

တမင်သက်သက်လုပ်သည့်ချောင်း။ ဘာရယ်ညာရယ်မဟုတ်။ လူရှိန်အောင်လုပ်သည့်သဘော။ သည်လိုမျိုး ချောင်းဟန့်သံပေးသူက သူကြီးမဟုတ်။ သူကြီး၏ရှေ့တော်ပြေး ရွာဆော်ဖိုးခွေးပေတည်း။

''အဟမ်း ...အဟမ်း ...မကြာခင် ကျုပ်တို့ရဲ့ သူကြီး အိမ်ပေါ်ကဆင်းလာပြီး အကြောင်းကိစ္စတစ်ရပ်ကို အားလုံးနားလည်သဘောပေါက်အောင် ပြောပြပါလိမ့်မယ်၊ အသံဗလံတွေ တိတ်ကြပါ''

ဖိုးခွေး၏သတိပေးစကားကြောင့် တစ်ယောက်တစ်ပေါက် ပေါ်ထွက်နေကြကုန်သော အသံဗလံတို့ တိတ်ဆိတ်သွားကြကုန်၏။

မကြာပါချေ ...

ရွှေသရက်ကျေးရွာ၏ အကျိုးတော်ဆောင်၊ ကျက်သရေဆောင် သူကြီးဖိုးစံဖေသည် ပန်းနုရောင်ပဝါလေးကို နဖူးတွင်ပတ်လျက် ခန့်ညားဝင့်ထည်လှစွာ အိမ်ကြီးရခိုင်ပေါ်မှ ရာဇဏ္ဍေဖြင့် ဆင်းလာခဲ့လေတော့သည်။ ပြီးနောက် ပရိသတ်အားလုံး၏ရှေ့မှောက်၌ ကြားကြားဝင့်ဝင့် ရပ်လိုက်လေ၏။

''ရွာသူရွာသားအပေါင်း ...သေသေချာချာ နားထောင်ကြ ...





ကျုပ် အခု ခင်ဗျားတို့ကို ဆင့်ခေါ်ရတာ အကြောင်းကိစ္စရှိလို့ ဆင့်ခေါ်တာပဲ၊ ကျုပ် တစ်မြန်နေ့က မြို့ပိုင်မင်းက ဆင့်ခေါ်လို့ မြို့ကိုရောက်သွားတယ်၊ မြို့ပိုင်မင်းအိမ်ရောက်တော့ မြို့ပိုင်မင်းကို မတွေ့ရဘူး။ မြို့ပိုင်မင်းကတော်က ကျုပ်ကို မြို့ပိုင်မင်းနဲ့တွေ့ဖို့ရာ ဆေးရုံကိုလိုက်သွားပါဆိုတော့ ကျုပ်လည်း မြို့ပိုင်မင်းနဲ့ မတွေ့မဖြစ်တွေ့ဖို့ရာအတွက် မြို့ဆေးရုံကို လိုက်သွားခဲ့တယ်''

သူကြီးဖိုးစံဖေသည် စကားကို ခေတ္တဖြတ်ကာ အနောက်ဘက်သို့ ခေါင်းကို အသာငဲ့လိုက်သည်။ ဤတွင် သူကြီး၏အလိုကိုလွှန်သွာမှသိမြင်တတ်လေသော ဖိုးခွေးက အသင့်ငှဲ့ထားပြီးသောရေနွေးကြမ်းပန်းကန်ကို လှမ်းလိုက်လေ၏။ သူကြီးလည်း ရေနွေးကြမ်းပန်းကန်ကိုလှမ်းယူကာ ခြောက်နေသောအာကို စိုစေရန်အတွက် ငွပ်ခနဲ မော့ချလိုက်လေသည်။ ပရိသတ်မှာတော့ ကြည့်ကောင်းကောင်းနှင့်ကြည့်လျက်၊ နားထောင်ကောင်းကောင်းနှင့်နားစွင့်လျက်။

''အဟမ်း ...အဟမ်း ...

ဆိုတော့ကာ ဆေးရုံရောက်တော့ အထူးခန်းထဲက ခုတင်တစ်လုံးပေါ်မှာ ပတ်တီးစည်းတာခံနေတဲ့ မြို့ပိုင်မင်းကို မျက်နှာကြီးရှုံ့မဲ့နေတာ တွေ့လိုက်ရတယ်''

အကြောင်းအရာကား အထွတ်အထိပ်ရှိရာသို့ မြင့်တက်လာချေ၏။ ပရိသတ်အဖို့ မြို့ပိုင်မင်း ပတ်တီးစည်းရခြင်းအကြောင်းရင်းကား အသို့နည်း၊ ဘို့လော,သို့လောဟု တွေးတောနေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းခြောက် ခေါင်းပေါ်ပြုတ်ကျသို့ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်လေသလား။ မြို့ပိုင်ကတော်၏ သနပ်ခါးတုံးအစွမ်းကြောင့်ပင် ပတ်တီးစည်းရလေသလော။ သို့တည်းမဟုတ် တစ်စုံတစ်ယောက်ကပင် ချောင်းမြောင်း၍အုပ်ထည့်လိုက်လေသလော၊ အတွေးတွေက အားလုံးမှာ ကိုယ်စီကိုယ်ငှ။

"ကျုပ်လည်း အဲသည်မြင်ကွင်းကို မြင်ရတဲ့အခါ ပါးစပ်အဟောင်းသားဖြစ်သွားရသလို၊ အင်မတန်မှလည်း အံ့အားသင့်သွားရတယ်၊ မြို့ပိုင်မင်း ပတ်တီးစည်းခံရတာက မတော်ရာနေရာမှာ"

"အယ် ..."

ပရိသတ်အားလုံး မိမိတို့တွေးထင်ထားသည်နှင့် လွဲချော်သွားလေသည့်အတွက် တအံ့တသြဖြစ်သွားရချေသည်။ ပြီးတော့ မြို့ပိုင်မင်း ၎င်း၏မတော်ရာကို ပတ်တီးစည်းရသည့်ကိစ္စသည် ရွာ၏အရေးကိစ္စနှင့် မည်သို့ပတ်သက်နေပါသနည်း။ စဉ်းစားလေ တွေးရ ကျပ်လေပါတည်း။

"မြို့ပိုင်မင်းလည်း ကျုပ်ကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်ရတော့ ပါးစပ်အဟောင်းသားဖြစ်သွားတယ်၊ ဒါနဲ့ ကျုပ်ကို အနားခေါ်ပြီး 'ဗျို့ ... သူကြီး။ ခင်ဗျားလည်း မျက်မြင်ဖြစ်နေတော့ ကျုပ် ဘာမှကွယ်ဝှက်စရာမရှိတော့ဘူး။ ခု ကျုပ် ကာလသားရောဂါဖြစ်နေတယ်၊ မနေ့ညက တစ်ညလုံးကိုက်ခဲတာ မခံနိုင်လွန်းလို့ ဆေးရုံတက်ရတာပဲ၊ ကျုပ် အခုလိုဝေဒနာဆိုးကြီး ခံစားနေရတဲ့သတင်းကို





ဘယ်သူ့ဘယ်သူကိုမှ မပေါက်ကြားပါစေနဲ့၊ အတတ်နိုင်ဆုံး လုံခြုံအောင်လျှို့ဝှက်ထားပါ၊ တစ်စုံတစ်ရာပေါက်ကြားလို့ကတော့ ခင်ဗျားတာဝန်ဆိုတာ မှတ်ထား'တဲ့၊ ဒီတော့ ကျုပ်လည်း 'အဲသည်ကိစ္စအတွက် လုံးဝတာဝန်ယူပါတယ်၊ ဘယ်သူ့ဘယ်သူကိုမှ မပေါက်ကြားစေရပါဘူး'လို့ အာမခံပြီး ပြန်လာခဲ့တယ်။

တကယ်တော့ ... မြို့ပိုင်မင်း အခုလိုပတ်တီးစည်းရတဲ့ကိစ္စဟာ အသေအချာပြန်တွေးကြည့်ရင် မြို့ပိုင်မင်းရဲ့ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေနိုင်တယ်၊ သည်တော့ ... ခင်ဗျားတို့ ရွာသူရွာသားတွေအနေနဲ့ ကျုပ်လို လုံခြုံအောင်ထိန်းသိမ်းနိုင်ဖို့၊ သည်ကိစ္စကြီး မပေါက်ကြားစေဖို့ အထူးသတိထားရအောင် ခေါ်ယူသတိပေးတယ်၊ သည်အမိန့်ဟာ ကျုပ်အမိန့်ဖြစ်သလို၊ မြို့အုပ်မင်းရဲ့အမိန့်လည်း ဖြစ်တယ်ဆိုတာကို သဘောပေါက်ထားကြ၊ ပေါက်ကြားခဲ့ရင် ပြစ်ဒဏ်နဲ့ရွာ အရေးယူမယ်ဆိုတာကိုလည်း နားလည်ထားကြ၊ ကိုင်း ... ရှင်းပလား၊ ဘာမေးစရာရှိလဲ"

"ရှင်းပါတယ် ... သူကြီး၊ ဘာမှမေးစရာမရှိပါဘူး သူကြီး"

ဘာမျှမေးမြန်းစရာမရှိ။ အစင်းအစင်း မှန်တီဟင်းကဲ့သို့ ဘွင်းဘွင်းရှင်းရှင်းဖြစ်လေသည့်အတွက် ရွာသူရွာသားအပေါင်းလည်း ကိုယ့်အိမ်ကိုယ့်ရာသို့ အသီးသီးလှည့်ပြန်ခဲ့ကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# [၄]

## ဖားပါးနှင့် ပန္နိုး



www.burmeseclassic.com

www.burmeseclassic.com

သူကြီးဖိုးစံဖေအဖို့ သူ့ရပ်သူ့ရွာရှိ ကျေးရွာသူကျေးရွာသားတို့အပေါ်၌ ဩဇာညောင်းသလောက် တစ်ဦးတည်းသောသမီး၏ အသုံးမကျသောလင်။ တစ်နည်းအားဖြင့် သမက်တော်ကဇော်သမားညွန့်တင်ကြောင့် စိတ်ထဲ မခံချိမခံသာဖြစ်ရသည်။

"တောက် . . . ဒင်းတော့လားကွာ . . ."

ပြင်းထန်လှစွာတက်ခေါက်သံကြောင့် သူကြီးကတော်ဒေါ်သေးသေး၏လက်တွင်ညှပ်ထားသော ပြောင်းဖူးဖက်ဆေးလိပ်မှာ အထိတ်တလန့်ဖြင့် လွတ်ကျသွားလေ၏။ လွတ်ကျသည်ကကြမ်းပြင်သို့မဟုတ်ဘဲ ထဘီပေါ်ပြုတ်ကျသဖြင့် အူလျားဖားလျားဆိုသလို မီးမပေါက်,အသားမပူရလေအောင် အလျင်အမြန်ခါလိုက်ရလေသည်။

"အာ . . . မင်းကလည်း ဘာဖြစ်ရပြန်တာလဲ"





"ဘာဖြစ်ရမှာတဲ့လဲ . . . တော် ဒေါသတကြီး တောက်ခေါက်ကြုံးဝါးလို့ လန့်ဖျပ်ပြီး ဆေးလိပ်လွတ်ကျတာပေါ့"

"ဒေါသမကြီးလို့နေမလားကွာ . . . ငါ့မှာ အပွဲပွဲနွှဲလာသမျှ ဩဇာတွေညောင်းလေသမျှ သည်တစ်ပွဲကျကာမှ နှပ်ပစ်ခံရလို့ကွ . . . နှပ်ပစ်ခံရလို့"

"ဘယ်လိုများဖြစ်ရပြန်တာလဲတော် . . တော် ဘယ်သူနဲ့ဖြစ်နေတာလဲ"

"ဘယ်သူကမှာလဲကွ . . . မင့်သမက်ညွန့်တင်၊ မင့်သမက်ညွန့်တင် . . ."

"ကျုပ်သမက်ညွန့်တင်ဆိုတော့ တော့်သမက်ပဲမဟုတ်ဘူးလား"

"မဟုတ်ဘူးကွ . . . မဟုတ်ဘူး"

"ဒါဆိုရင် . . . ကျုပ်သမီးက တော်နဲ့ရတာမဟုတ်လို့ ဘယ်သူနဲ့ရတာတဲ့လဲ"

"တော်ကွာ . . . တော် . . . တော်တော့"

ဖိုးစံဖေအဖို့ သမက်တော်ညွန့်တင်နှင့်ပတ်သက်၍ ဒေါသတွေ အလိပ်လိုက်တက်ရင်းမှ ပေါက်ကွဲထွက်ပေါ်လာသည့်အသံကြောင့် တစ်အိမ်လုံးယိမ်းယိုင်သွားလေမလားဟုထင်မှတ်ရပေသည်။

"တောက် . . ."

ဖိုးစံဖေတစ်ယောက် ဤရွေ့ဤမျှလောက် ဒေါသတွေပေါက်ကွဲနေရသည်ဆိုရာ၌ အကြောင်းမဲ့သက်သက်တော့မဟုတ်။ ပေါက်ကွဲမည်ဆိုလည်း ပေါက်ကွဲစရာ။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးစံဖေဆိုသည်က နှယ်နှယ်ရရမဟုတ်။

'ဓားကျိုးလို့ လှံချွေ၊ စံဖေတို့အမျိုး' ဟူသော ဂုဏ်ထူးရှိ၏။ ရွှေသရက်ရွာ၏အကြီးအမှူး သူကြီးတည်းဟူသော ဝိသေသရှိ၏။ ထို့အပြင် ဘုရားတကာ၊ ကျောင်းတကာကြီးလည်း ဖြစ်ချေပြန်သေး၏။

သူသည် လောကဗ္ဗရာတည်းဟူသော ဘုရားဟောကျမ်းစာတို့ကိုလည်း ဟိုစပ်စပ်,သည်စပ်စပ်ဆိုသလို လေ့လာထားသေးရာ ရွှေသရက်ကျေးရွာ၌ အလှူလုပီပါက အလှူအိမ်၏သံဃာစင်၌ မြိန့်မြိန့်ကြီးထိုင်ရင်း သဒ္ဒါသဂြိုဟ်တို့ကို နှုတ်တက်ရွရွပြောနိုင်၏။ ပရိတ်ကြီး (၁၁)သုတ်လုံးကို ပုဒ်ထီးပုဒ်မပါမကျန် ကြုံးကြုံးပြီးရွတ်နိုင်၏။ အာဝါဟ,ဝိဝါဟမည်သော ထိမ်းမြားလက်ထပ်မင်္ဂလာအခမ်းအနားများ၌ သြဘာစာရွတ်နိုင်၏။ အောင်သပြေပန်း ညှောင်ရေဖျန်းပြီး ဘိသိက်သွန်းလောင်းပေးနိုင်၏။ ရှင်ပြုပွဲများ၌ ရှင်လောင်းအထုတ်အသွင်းတို့ကိုလည်း လုပ်နိုင်စွမ်းရှိ၏။ နာရေးကိစ္စများ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများကို တွင်တွင်ကြီးဟောကြားရင်း တရားချနိုင်၏။

တစ်ဖန် ရပ်ရွာ၌ပေါ်ပေါက်လေ့ရှိသော လင်မယားကိစ္စ၊ သားသမီးကိစ္စ၊ အမွေကိစ္စ၊ ရန်ပွဲကိစ္စများဆိုလည်း ကြီးသောအမှုကို ငယ်စေ၊ ငယ်သောအမှုကို ပပျောက်စေဆိုသလို သြဇာတိက္ကမကြီးစွာဖြင့် ဦးဆောင်ဖြေရှင်းပေးနိုင်ခဲ့သည်ချည်း။

ခုတစ်ကြိမ်မှာတော့ ဘာတွေဘယ်လိုဖြစ်လာသည်မသိ။ သူကြီးကတော် ဒေါ်သေးသေးအဖို့ လင်တော်မောင်ဖိုးစံဖေအား မည်သို့နားလည်ရမှန်းမသိတော့။





''ကျူပ်နားလည်အောင် ရှင်းပြဦးမှပေါ့တော် ...''

''ကွာ ... တွေးမိတိုင်း အရှိုးနာတယ်၊ ဒင်းတို့တစ်မျိုးလုံးကိုပါ ကလော်ကိုတုတ်ပစ်ချင်တော့တာပဲ၊ တို့သမီးကိုက တော်တော့်ကိုတုံးလွန်းပါတယ်ကွာ ... ရွာအလယ်ပိုင်းက မုဆိုးမဒေါ်ဖွေးတုတ်သမီး ထွေးရီတို့နဲ့များတော့ အကွာကြီးကိုကွာပ၊ အရွယ်မရောက်သေး၊ ကြီးကောင်ဝင်မယ်မကြံသေးဘူး၊ လင်ယူချင်စိတ်က ရှုပိုးထိုးလာပြီ၊ ကိုယ်လည်း ငယ်ရာက ကြီးလာတော့ 'တားမရ ယူဟ' ဆိုတဲ့အခါ ရလာတဲ့လင်ဟာ တကယ့်ကိုဖွတ်ကျော်ပြာစုအူတူတူ,အတတ၊ ယောင်နန,ထုံပေပေ''

ဒါတော့ ဟုတ်သည်။

လင်တော်မောင်စွပ်စွဲပြောဆိုသည်ကို ဒေါ်သေးသေး လက်သင့်ခံသည်။ အမှန်တကယ်လည်း ကိုယ့်သမီးလေး မျက်နှာငယ်မှာပါကလားဆိုသော မိဘမေတ္တာဖြင့် သမက်တော်ညွန့်တင်ကို အိမ်ပေါ်ခေါ်တင်ခဲ့ရသည်။

အံမယ် ... သင်းက သူ့ကိုယ်သူ 'ငါ သူကြီးသမက်ဟေ့' ဆိုသည့်အနေအထားဖြင့် စိန်နားကပ်ရောင်ဖြင့်ပါးပြောင်ကာ ရွာထဲမှာ လတ်လျား,လတ်လျားနှင့်။ ဘာအလုပ်မှလည်း ဓားမဦးချလုပ်ကိုင်ခြင်းမရှိ။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့၊ အပေါင်းအသင်းတာတေလန်များနှင့် ကိုးကျင်း,ကိုးကျင်း လမ်းသလားမည်။ ထန်းတောရောက်လျှင် ထန်းရည်မော့မည်။ အရက်ဖိုရောက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မှုးလဲပြဲကွဲအောင် ချမည်။ ကြက်ပိုင်းတွေ့လျှင် ကြက်ဝင်တိုက်မည်။ ဖဲပိုင်းတွေ့လျှင် ဖဲဝင်ရိုက်မည်။ အိမ်ကိုလည်း ပြန်လာချင်မှလာမည်။

သည်လိုမျိုး ဂုဏ်ထူးဝိသေသအပေါင်းနှင့် ခညောင်းလှစွာသော သမက်အမျိုးအစားအား အဘယ်ယောက္ခမတို့က ကြည်ဖြူကြပါမည်နည်း။ လင်စံရွေး လင်ခွေးနှင့်မှ တည့်တည့်ကြီးတိုးရလေသော သမီးဖြစ်သူ တံခွန်မရှိသောဘုရား၊ အလံမရှိသောရထားဖြစ်သွားမှာစိုးလေသည့်အတွက် အောင့်အည်းကာသည်းသာခံနေရသည်။ စိတ်ထဲမှာတော့ တကယ့်ကို မခံချိမခံသာ။ ဘာအလုပ်မှလည်း လက်ကြောတင်းအောင်မလုပ်ဘဲ ဗိုက်ဆာ,ဝမ်းဟာလာပါက ယောက္ခမနှင့် မိန်းမဖြစ်သူတို့ စီမံချက်ပြုတ်ထားသော ထမင်းအာဟာရ၊ ဟင်းအာဟာရတို့ကို မြိန့်မြိန့်ကြီးထိုင်စားနေသည်မှာ အော့နလုံးနာဖွယ်။ သည့်အတွက် အိမ်မှနှင်ထုတ်ပစ်ချင်သည်မှာ ပါးစပ်တွေယားလို့နေတော့၏။

သို့သော် ရွှေသရက်တစ်ရွာလုံးက သူကြီးဖိုးစံဖေအား သိက္ခာသမာဓိရှိသူ၊ တရားဓမ္မနှင့်မွေ့လျော်သူ၊ ဓမ္မဓိဋ္ဌာန်ကျကျပြောဆိုတတ်သူ၊ နာယကဂုဏ်နှင့်ပြည့်စုံသူအဖြစ် ယူဆထားကြလေရာ အများအမြင်၌ မတရားနှင်သည်မဟုတ်ဘဲ တရားစွာနှင်ချခြင်းဖြစ်ပါကြောင်း လက်ခံသဘောပေါက်စေနိုင်ရန်အတွက် မည်သို့မည်ပုံ ပြုလုပ်ရမည်ကို ကြံစည်အားထုတ်နေပါတော့၏။

သို့ဖြင့် . . . သမက်တော်ညွန့်တင်နှင့် တိုက်ရိုက်တိုးကာ 'ချွတ်တော်မူခန်း'သို့ ဆိုက်ရောက်ပါလေတော့၏။

နေရာက ဘုရားတကာဦးလှုဝ၏ အိမ်ဂေဟာ။





အလှူဆွမ်းကျွေးပြုလုပ်မည်မို့ အလုပ်အကိုင်ညတွင် ဖိုးစံဖေရောက်ရှိသွားခြင်းဖြစ်လေသည်။ အိမ်ခေါင်းရင်းခန်း၌ လက်ဖက်သုပ်သုံးပန်းကန်ခန့် ပုစွန်ခြောက်နိုင်းချင်း၊ ကြက်သွန်ကြော်ထူထူဖြင့် အာမပူအောင်တွယ်ရင်းတုတ်ရင်း တရား,တရားဟောပါများ တရားထဲက ပါဠိရအောင် ဦးဆောင်ဆွေးနွေးနေခဲ့သည်။ ညဥ့်လယ်ပိုင်းသို့ရောက်လေသော် ကဖော်သမားတစ်စု လတ်လျားလတ်လျားနှင့် ဘာကလေးညာကလေးများ စားသောက်ခွင့်ကြုံပါမည်နည်းဟူသော မျှော်လင့်တွေးဖြင့် ဘုရားတကာဦးလှုဝအိမ်သို့ ဝင်လာကြခြင်းဖြစ်သည်။ ထိုဝင်လာကြကုန်သော ကဖော်သမားအုပ်စုထဲ၌ အလုပ်လက်ကြောမတင်းသော၊ ဘယ်နေရာမှာမှ သုံးစား၍မရသော ညွန့်တင်ကိုမြင်လိုက်တော့ ဖိုးစံဖေ၏စိတ်ထဲ ထောင်းခနဲဖြစ်သွားရလေ၏။

ထို့အတူ အများပရိသတ်၏ရှေ့မှောက်၌ တရားနည်းလမ်းကျစွာ နှိပ်ကွပ်နိုင်ရန်၊ အိမ်ပေါ်မှနှင်ချနိုင်ရန် ဦးနှောက်ကို အလုပ်ပေးလိုက်သည်။

ယောက္ခမကြီး၏အကြံဉာဏ်ကို တွေးမထားမိသည်မို့ ညွန့်တင်လည်း လက်ဖက်သုပ်ဝိုင်းသို့ ကူးလာခဲ့လေသည်။ ဤတွင် သမက်ဗာလာန်အား နှိပ်ကွပ်ရန် နက္ခတ်တွေစုံညီနေသည်မို့ ဖိုးစံဖေလည်း အသံခပ်မာမာဖြင့် ပြောချလိုက်လေ၏။

"ဟေ့ကောင် . . . ညွန့်တင်၊ ဟောဒီကလူတွေအားလုံး ရှေ့ထားပြီး ပြောပြရဦးမယ်"

"ဘာ . . . ဘာများတုန်း အဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . ငါ မင်းရဲ့ယောက္ခမကွ၊ အဖေ မဟုတ်ဘူး၊ အေး . . . ငါပြောချင်တာက မြတ်စွာဘုရားရှင် ဟာ သတ္တဝါဝေနေယျအပေါင်း လိုက်နာနိုင်ဖို့အတွက် 'မင်္ဂလာတရားတော်'ကို ဟောခဲ့တယ်"

"မင်္ဂလာတရားတော်ဆိုတာ ပရိတ်ကြီး(၁၁)သုတ်ထဲ က မင်္ဂလသုတ်ကို ဆိုလိုတာမဟုတ်လား သူကြီး"

"ဟာ . . . ဟုတ်တာပေါ့ ဦးလူဝရယ်၊ သိပ်ဟုတ်တာ ပေါ့၊ ဒါမျိုးဆိုတာ ခင်ဗျားတို့ကျုပ်တို့လို တရားခမ္မတွေနဲ့ မွေ့လျော်နေကြသူတွေမှာသာ သိတတ်နိုင်တဲ့ဥစ္စာပဲ၊ ဟောဒီ ညွန့်တင်လိုကောင်စားမျိုးတွေကျတော့ ပြောသာပြောရ တယ်၊ 'ကျွဲပါးစောင်းတီး'ဖြစ်မှာပဲ"

ပရိသတ်အပေါင်းကား . . . သူကြီးဖိုးစံဖေကိုတစ်လှည့်၊ သူကြီးသမက် ညွန့်တင်ကိုတစ်လှည့် ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြသည်။

"ဒီမှာ . . . ညွန့်တင်၊ မင်းကို အများရှေ့မှာ တရား နည်းလမ်းကျကျ ဘုရားဟောဒေသနာတော်၊ သုတ်တော်နဲ့ အညီ ခပ်ပြတ်ပြတ်ပဲပြောလိုက်တော့မယ်၊ မင်္ဂလာတရား တော်ထဲက 'အသေဝနာစ ဗာလာနံ' လူမိုက်တွေနဲ့ပေါင်း ဖော်မှီဝဲခြင်းမပြုရာ'တဲ့။

တကယ်တော့ . . . မင်းဟာ တကယ့်ဗာလာနံ လူမိုက် ပဲ၊ ဒီတော့ 'လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ကင်း အောင်နေ'ဆိုသလို မင်းက ငါတို့အိမ်သားတွေနဲ့ လုံးဝ





မပတ်သက်တာအကောင်းဆုံးပဲ၊ မင်းနဲ့ငါ လုံးဝမျက်နှာချင်း ဆိုင်လို့မဖြစ်ဘူး"

တဲ့တိုးအိုးပေါက်ပြောချလိုက်သောစကားကြောင့် ညွန့်တင် ခမျာ မျက်လုံးပေါင်းများစွာ၊ အကြည့်ပေါင်းများစွာရှေ့၌ ကြောင် အမ်းအမ်းကြီးဖြစ်သွားရချေသည်။ သည့်နောက် ဘာမှမဖြစ်သလိုမျိုး ကိုယ်ရှိန်သပ်ကာ ရေနွေးကြမ်းခွက်ကို ကောက်မော့ချလိုက်၏။

သူကြီးဖိုးစံဖေအား အများရှေ့မှောက်၌ ဘုရားဟောသုတ် တော်နှင့်အညီ ကောင်းစွာချွတ်လိုက်ရပြီမို့ အကျေနပ်ကြီးကျေနပ် သွားရတော့သည်။ အသုံးမကျသောသမက်အား လူရှေ့သူရှေ့၌ တရားနည်းလမ်းကျစွာ နှင်ချလိုက်လေသည့်အတွက် အရာရာသည် သူ့အပြစ်မဟုတ်တော့။

ပရိသတ်ကား အချက်ကျကျ၊ အကွက်ကျကျ ပြောဆိုသွား ခဲ့သည့် သူကြီးဖိုးစံဖေအပေါ်၌ နှစ်ထောင်းအားရရှိလှ၏။ သမက် ညွန့်တင်တစ်ယောက် ဦးကျိုးသွားပြီဟုလည်း မှတ်ယူထားလိုက်၏။

သို့သော် . . . သို့သော် . . . သို့ပါသော်ငြား

သမက်ညွန့်တင်နှုတ်မှ ဖွင့်ဟလာသည့်စကားကြောင့် ပရိသတ်အပေါင်း ဝါးခနဲဖြစ်သွားကြကုန်၏။ သည့်အတွက် သူကြီး ဖိုးစံဖေအဖို့ ကြိတ်မနိုင်ခဲမရ အကြီးအကျယ် ဒေါသတွေ တဟုန်း ဟုန်းတောက်လောင်ခြင်း ဖြစ်ရလေသည်တကား။

"အဖေပြောတာလည်း မှန်သင့်သလောက်တော့ မှန် ပါတယ် အဖေ၊ ဒါပေမယ့် . . . မပြည့်စုံသေးဘူးခင်ဗျ၊ 'အသေဝနာစ ဗာလာနံ'ဆိုတာနဲ့ကပ်လျက်မှာ 'ပဏ္ဍိတာ



www.burmeseclassic.com

www.burmeseclassic.com



နဇ္ဈ သေဝနာ' ဆိုတဲ့အပိုဒ်ကို ခြွင်းချန်လို့မရဘူး၊ ပညာရှိကို မှီဝဲဆည်းကပ်ရမယ်တဲ့။ ဒါကြောင့် ကျွန်တော့်အဖို့ . . ကျွန်တော့်အဖို့ အဖေဟာ ပဏ္ဍိတ ပညာရှိပဲမဟုတ်လား၊ ဒီပြင်မှာလည်း ပညာရှိဆိုတာ ရှာလို့မရဘဲ၊ ပညာရှိဖြစ်တဲ့ အဖေ့အိမ်မှာပဲ ဆည်းကပ်တဲ့အနေနဲ့ နေပါရစေနော် . . နော် . . . ''

ပါတဲ့ခင်ဗျား။



# [၅]

# ညော် . . . မငြိုလင်းမငြိုလင်း

www.burmeseclassic.com

www.burmeseclassic.com

ဖိုးချွန်တစ်ယောက် သူတို့ကျောင်းဆီမှ ကျောင်းစိမ်းလုံချည်စကလေး ရလာခဲ့သည်မို့ ဝမ်းသာအားရဖြစ်ကာ မုန့်စားဆင်းချိန်တွင် အိမ်သို့ပြေးလာခဲ့သည်။

"ဟဲ့ ... ဖိုးချွန်၊ မုန့်စားဆင်းချိန်ကြီး၊ ဘာဖြစ်လို့ အိမ်ကိုပြန်လာရတာတဲ့လဲ၊ မုန့်စားဆင်းချိန်စားဖို့ ထမင်းချိုင့် ထည့်ပေးလိုက်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ... အစ်မထွေးရီရဲ့၊ ကျွန်တော်တို့ ကျောင်းက ကျောင်းစိမ်းလုံချည်ပေးလိုက်လို့ပါ၊ အဲဒါ .. အစ်မအားရင် ချုပ်ထားပေးဖို့ လာပေးတာပျ"

"အမလေးဟယ် ... ညနေကျောင်းဆင်းချိန်ကျမှ ပေးရင်လည်း ရတဲ့ဥစ္စာ"





"အိုဗျာ ... စောစောစီးစီးပေးထားတော့ ကျွန်တော့်လုံချည် အရင်ချုပ်ပြီးသားရမှာပေါ့၊ နို့မဟုတ်ရင် တခြားသူတွေ လာချုပ်ခိုင်းတာနဲ့ ကျွန်တော့်လုံချည် နောက်ဆုံးမှ ချုပ်ဖြစ်တော့မှာ"

ငယ်ငယ်ရွယ်ရွယ်နှင့် လုချင်ပချင်၊ ကြော့ကြော့မော့မော့ဝတ်စားဆင်လိုစိတ်ပြင်းထန်သည့် မောင်ငယ်လေးဖိုးချွန်ကိုကြည့်ရင်း ထွေးရီ ပြုံးနေမိတော့သည်။

"ကိုင်း ... ထားခဲ့ .. ထားခဲ့၊ အစ်မ ချုပ်ထားလိုက်မယ်"

"ဟေး ... ကျောင်းစိမ်းလုံချည်အသစ်ကလေး မနက်ဖြန် ဝတ်ရတော့မယ်ကွ ..."

ဖိုးချွန်လည်း ရွှင်မြူးစွာခုန်ပေါက်လျက် စာသင်ကျောင်းရှိရာ ထွက်ခွာပြေးလွှားသွားတော့၏။ ထွေးရီလည်း ဖိုးချွန်၏ကျောင်းစိမ်းလုံချည်အသစ်ကလေးကိုချုပ်ရန် စက်ချုပ်ခုံသို့အသွားတွင် နောက်ဖေးမီးဖိုချောင်မှ အသံဗလံများကို ကြားရပြန်သည်။

"ဂုံး ... ဂလုံ ... ဂွပ် ..."

"ဟယ် ... သေချင်းဆိုးကြွက်တွေ သောင်းကျန်းနေပြန်ပါပြီ၊ ကြွက်ရန်က လွတ်မလားလို့ ကြောင်မွေးထားပါတယ်၊ အလကား ... ကြောင်ပျင်း၊ စားဖို့ အိပ်ဖို့လောက်သာ အသိရှိတယ်၊ နေဦး ... ကြွက်သေနာကျတွေ ... ငါ့အကြောင်း ကောင်းကောင်းကြီးသိစေရမယ်"

စက်ခုံပေါ် ကျောင်းစိမ်းလုံချည်စကို ပစ်တင်လိုက်ရင်း မီးဖိုချောင်ရှိရာသို့ ထွေးရီ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်မြေတလင်းမှာတော့ စားပွဲပေါ်အုပ်ဆိုင်းထားသော ထမင်းပန်းကန်၊ ဟင်းပန်းကန်တို့မှာ ကျွမ်းထိုးမှောက်ခုံဖြစ်ကာ ထမင်းဟင်းများ ကြဲပြန့်နေရုံမက ငါးပိပန်းကန်မှာလည်း မှောက်ကျနေလေပြီ။ ထွေးရီ၏ခြေသံကို ကြားလိုက်ရ၍ထင့် မြေကြွက်ကြီးနှစ်ကောင်သည် နေရာမှ မနီးမဝေးရှိ ဒိုင်းတို့စတေးရှောင်ရာ၊ စတည်းချရာ မြေတွင်းထဲသို့ လှစ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားကြလေ၏။

"အောင်မာ ... ငါ့ကို ဒီလိုစမ်းလို့ ဘာရမလဲ"

ပြောလည်းပြော၊ဆိုလည်းဆိုနှင့် အိုးဖြင့်ခံထားသော ထမင်းရည်များကို ကြွက်တွင်းထဲလောင်းထည့်ကာ ထောင်ထားသော ဝါးလုံးမတို့မရှည်ဖြင့် တွင်းထဲသို့ တစပ်စပ်ထိုးနေလေတော့၏။

"ကဲ ... ကဲ .. သေကြစမ်း၊ သေကြစမ်း ..."

မီးဖိုချောင်၌ ဒေါသတကြီးဖြင့်ဝုန်းဒိုင်းကြဲနေသော ထွေးရီ၏ အသံကြောင့် ခြံထဲ၌ သစ်ကိုင်းခြောက်များကောက်နေသော ဒေါ်မွေးတုတ်လည်း မနေသာတော့ဘဲ မီးဖိုချောင်ရှိရာ လာခဲ့ရပြန်ပါပြီ။

"ဟဲ့ ... ဟဲ့ ... ဘယ်လိုလုပ်နေတာလဲအေ ... ညည်းတော့လေ ... ညည်းတော့ တစ်နေ့ ဝဋ်လည်မှာ မြင်ယောင်သေးတော့တယ်"

"အိုး ... အမေ့နှယ်၊ အမေ့ကြွက်တွေ ရည်းမရှိကမ်းမရှိ သောင်းကျန်းနေကြတာကိုလည်း ထည့်ပြောဦးမှာပေါ့တော့"





"အိုအေ ... သတ္တဝါပဲ၊ လူလိုမှအသိဉာဏ်မရှိတဲ့ ဥစ္စာ၊ ကိုယ့်ဘက်က စနစ်တကျနဲ့သိမ်းဆည်းမှပေါ့၊ ကိုင်း ကိုင်း ... သွား၊ စက်ချုပ်စရာရှိတာ သွားချုပ်ချေ၊ ငါပဲ ရှင်းလိုက်,လင်းလိုက်ပါ့မယ်"

ထွေးရီလည်း အားမတန်မာန်လျှော့သည့်အနေဖြင့် ကြွက်တွင်းထဲ ဝါးလုံးကိုစုံကိုင်ကာ အားပါးတရ ဆောင့်ထိုးထားခဲ့ပြီး အိမ်ပေါ်သို့ ပြန်တက်ခဲ့လေသည်။

ပြီးနောက် စက်ခုံပေါ်ထိုင်ကာ ကတ်ကြေးဖြင့် လုံချည်အနားစများကို ညီညာစွာ တိဖြတ်လိုက်သည်။ ပြီးလျှင် အနားများကို အနည်းငယ်ခေါက်လျက် အသင့်ချုပ်နိုင်ဖို့ရာ လက်သည်းစောင်းဖြင့် ဆွဲနေလိုက်သည်။ အစစအရာရာ ပြီးဆုံးပြီဆိုလေသော် အနားစကို ဘိဖြင့်ဖိလျက် မိုးချွန်၏ပုဆိုးကို ချုပ်ပါလေတော့၏။

"တောက် ..."

"အရေးထဲ အပ်က ကျိုးသွားပြန်ပါပြီ"

အပ်ကျိုးသွားသည့်အတွက် စက်ခုံဆွဲအံကို ဆွဲဖွင့်လျက် ရက်ဖောက်များ၊ အပ်ချည်လုံးများကြားတွင် စက်ချုပ်အပ်အသစ်တစ်ချောင်းကို လဲလှယ်တပ်ဆင်ဖို့ရာ ရှာလေ၏။

ဘယ်လိုပဲရှာရှာ အပ်အသစ်တစ်ချောင်းမှမတွေ့။

ဘယ်တွေ့မှာတဲ့နည်း။ အပ်သစ်တွေက လေးငါးလမတိုင်ခင်ကတည်းက သုံးထားလေတော့ ကုန်ပေပြီပဲ။

"မဖြစ်သေးပါဘူး ... အပ်အသစ်ထုပ်လော်ကတော့ သွားဝယ်ထားမှပါ၊ နောက်ရက်တွေကျရင် မိုးချွန်တို့ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



က ပုဆိုးတွေပေးထားတော့ အပ်ထည်တွေ ဝင်လာကြဦးမယ်''

စက်ချုပ်အပ်ဝယ်ဖို့ရာ ရွာထိပ်ရှိ တရုတ်ကျင်ငွေ၏ကုန်စုံဆိုင်သို့ သွားရပေတော့မည်။

''ဟဲ့ ...ဒါက ဘယ်တုန်း ထွေးရီ''

''စက်ချုပ်အပ်ကျိုးသွားလို့ အမေရ၊ အသစ်တွေလည်း တစ်ချောင်းမှမရှိတော့ဘူး၊ ဒါကြောင့် တရုတ်ကျင်ငွေ ဆိုင်မှာ သွားဝယ်မလို့''

''အေး ...အေး ...''

ဒေါ်ဖွေးတုတ်အား အကျိုးသင့်အကြောင်းသင့် ပြောကြားခဲ့ပြီးလေပြီမို့ ထွေးရီလည်း စက်ချုပ်အပ်ဝယ်ရန် အိမ်ပေါ်မှဆင်းလာခဲ့လေသည်။

တရုတ်ကျင်ငွေကား ရွှေသရက်သားစစ်စစ်မဟုတ်။

ပြည်မမှရောက်ရှိလာပြီး မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ ကုန်ပစ္စည်းများ လှည့်လည်ရောင်းချရာမှ ရွှေသရက်သူ အပျိုကြီး မလုံးတင်နှင့်အိမ်ထောင်ကျကာ ရွှေသရက်ရွာသားဖြစ်လာသူပင်တည်း။

သည်ရပ်သည်ရွာ၌ အိမ်ထောင်ကျကာ သည်ရပ်သည်ရွာသားအဖြစ် ကာလအတန်ကြာခံယူပြီးသည့်တိုင် တရုတ်ကျင်ငွေမှာ အားနည်းချက်တစ်ခုရှိသည်။

ဒါက ဗမာစကားကို ပီအောင်မပြောတတ်ခြင်း။





ဗမာလိုပီသဖို့ရာ အင်မတန်ကြိုးစားကြည့်ပါ၏။ သို့ပါသော်ငြား စကားသံက ဗမာလိုပီသမှုမရှိလဲ တရုတ်ပေါက်ဖော်သံချည်းပဲ ထွက်နေသည်။ ဘယ်လိုမှပြုပြင်ကြည့်၍မရ။ ကြာတော့လည်း ဖနီးသည် မလုံးတင်အဖို့ လင်တော်မောင်ပေါက်ဖော်ကြီး၏ မပီမသသံကိုပဲ အသည်းထဲစွဲနေခဲ့သည်။

တရုတ်ကျင်ငွေက စီးပွားရေးအကွက်အကွင်းကို လွန်စွာမြင်တတ်သူဖြစ်၏။ ရွာမှကလေးများ သူ့ကုန်စုံဆိုင်၌ ဈေးလာဝယ်လျှင် ပြန်အမ်းငွေကို စေ့စပ်သေချာစွာ ထုပ်ပိုးပေး၏။ အကြွေကလေးများ ပြန်အမ်းလျှင်လည်း လက်လွတ်စပယ်မအမ်း။ အကျီစအနားသား၌ခေါက်ထုပ်ပြီး သားရေကွင်းနှင့် အသေအချာ ချည်ငင်ပတ်တုပ်ပေးလိုက်လေတော့ ကလေးရှင်၏မိဘများအဖို့ များစွာကျေနပ်သဘောကျလေ၏။

သည်လိုမျိုး ကလေးရှင်မိဘအပေါင်း ကျေနပ်အောင်ပြုနိုင်စွမ်းရှိသလို၊ ကလေးတွေ ကျေနပ်သဘောကျရှိအောင်လည်း သွယ်ဝိုက်စည်းရုံးတတ်ပါသေး၏။ သူ့သွယ်ဝိုက်စည်းရုံးမှုက ရိုးရိုးယဉ်ယဉ်ကလေး။ ကလေးတွေ ဈေးလာဝယ်ပြီဆိုလျှင် ကလေး၏အကျီအိတ်ကပ်အတွင်းသို့ ပဲလှော်ကလေးကအစ၊ ပါတားနီကအလယ်၊ ထန်းလျက်ကြံသကာခဲကလေးတွေအဆုံး ထည့်ပေးတတ်လေရာ၊ အစားအသောက်မက်မောတတ်သော ကလေးတို့သဘာဝ ပီပီ အဘယ်မှာလျှင် မနှစ်သက်ဘဲ နေမှာတဲ့နည်း။

သို့ကြောင့်ပင် တရုတ်ကျင်ငွေ၏ကုန်စုံဆိုင်၌ ဈေးဝယ်သူ အရွယ်ရွယ်အစားစား ပြတ်လပ်သည်မရှိ။ ဘာပစ္စည်းပဲလိုလို သူ့ဆိုင်မှာက ပစ္စည်းတွေ စုံလှချေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက်ကြောင့်လည်း ထွေးရီအဖို့ ငှင်းလိုအပ်သော စက်ချုပ်အပ်ကို လာရောက်ဝယ်ယူခြင်း ဖြစ်သည်။ ထွေးရီအရင် ဈေးဝယ်ရောက်နေသူ ဆရာလေးကိုကြည့်သာ။

''ဟော ... ဆရာလေးပါလား၊ ဘာလာဝယ်တာလဲ''

''ဩော် ... မထွေးရီပါလား၊ ကျွန်တော့်ကျောင်းမှာ မြေဖြူကလေး နည်းနည်းလိုလို့ လာဝယ်တာပါ၊ နောက် တစ်ပတ် မြို့နယ်ပညာရေးမှူး ရုံးကိုရောက်မှပဲ ကျောင်း အတွက် ယူလာရတော့မယ်၊ ဒါထက် ... မထွေးရီကော ဘာလာဝယ်တာလဲ''

''စက်ချုပ်အပ်ကုန်နေလို့ ဆရာလေးရဲ့၊ ဖိုးချွန်ရဲ့ပုဆိုး ကို ချုပ်ပေးဖို့လေ''

''ဩော် ... ဩော်၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟော့ ... ကိုကျင်ငွေ၊ မြေဖြူတစ်ဘူးပေးကွာ ...''

''ရမယ် ... ဆလာကီး ... ရမယ်၊ ဝဆိုင်က ပစ်စီး ဆိုရင် စိတ်ခလလက်ခလသုံး၊ ပစ်စီးမှန်စလို ဈေးနှုန်း ကလီး အီမှန်အီကန်ပဲ''

''ဟုတ်ပါပြီဗျာ ... ဟုတ်ပါပြီ၊ ကိုင်း ... ပေးပါ၊ ပေးပါ ...''

တရုတ်ကျင်ငွေက နံရံတွင်ကပ်ထားသောစင်မှ မြေဖြူခဲ တစ်ဘူးကို ယူလိုက်ပြီး၊ ကျသင့်ငွေကို လှမ်းယူလိုက်၏။ ထိုခဏ ထွေးရီက သူအလိုရှိသောပစ္စည်းကို တရုတ်ကျင်ငွေအား မေးမြန်း လိုက်လေသည်။





''ဒီမှာ ... ကိုကျင်ငွေ၊ ကျွန်မ စက်ချုပ်အပ်တစ်ဒါဇင် လိုချင်တယ်''

''ရမယ်လီ ... ရမယ် ရမယ်၊ ဒါထက် .. မင့်လင် ကလားကို ယူမီလား၊ မင့်လင်တီလုတ်ကို ယူမီလား၊ ဒါမှ မဟုတ် မင့်လင်ဂျပန်ကို ယူမီလား''

''ဘာရှင့် ... ဘာပြောတာလဲ''

''ဩ ... မင့်လင့်ကလားကို ယူမီလား၊ မင့်လင်တီ လုတ်ကို ယူမီလား၊ ဒါမှမဟုတ် မင့်လင်ဂျပန်ကို ယူမီလား လို့ မေးနေတာလေ၊ မင့်လင်ထဲမှာ ဘယ်ဟာကိုယူမှာလဲ''

''ဖြန်း ...''

''အားယိုးယိုး ... စူ့မီနာဝက်''

မမျှော်လင့်သောဖြစ်ရပ်။

ထွေးရီ၏လက် မြန်လိုက်ပါဘိခြင်း။

''ဒီမှာ ... ကိုကျင်ငွေ၊ ကျုပ်က အပျိုရှင့်၊ အပျိုမှ အပျိုစစ်စစ်၊ ကျွန်မကို ဘာအောက်မေ့လို့လဲ၊ စော်ကား မော်ကားပြောလို့ တော့မှာ နမတွေရှိရင် အဲဒီကုလားတွေ၊ တရုတ်တွေ၊ ဂျပန်တွေကို လင်တော်ခိုင်း၊ ကျုပ်က ကိုယ့် ဗမာအမျိုးသားချင်းကလွဲလို့ ဘယ်လူမျိုးခြား၊ လူမျိုးကွဲ ကိုမှ မစဉ်းစားဘူး၊ ခုလိုစော်ကားမော်ကားပြောတာ ကျုပ် သည်းမခံနိုင်ဘူး၊ သူကြီးဖိုးစံဖေကို သွားတိုင်မယ်''

ဒေါသကြီးမားသော ထွေးရီသည် ခြေဆောင့်လျက် ဆိုင် အတွင်းမှထွက်သွားရာ တရုတ်ကျင်ငွေခမျာ စပ်ဖျဉ်းဖျဉ်းဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ပါးပြင်ကိုပွတ်သပ်ရင်း မျက်နှာငယ်ကလေးဖြင့် ကျန်ရစ်ခဲ့လေ၏။ ဆရာလေးကိုကြည်သာမှာ ဖြစ်ပုံပျက်ပုံအလုံးစုံကို မြင်ရကြားရသဖြင့် စိတ်မသက်မသာဖြစ်ရုံမက ရယ်ချင်ပက်ကျိလည်း ဖြစ်သွားရလေသည်။

"ဝကိုကယ်ပါဦး ... ဆလာကီးရယ်၊ ဝလေ ... စူ့ကို စော်ကားမော်ကား ဘာမှလီးမလုပ်ရပါဘူး ရိုးရိုးပဲပြောလာ ပါ၊ ဘယ်နိုင်ငံကလုပ်လဲ့ပစ်စီးကို လိုချီစလဲလို့ မီးတာပါ ဆလာကီးရယ် ..."

ဆရာလေးကိုကြည်သာကတော့ တရုတ်ကျင်ငွေ၏စကား အပေါ် ရှင်းပါသည်။ ရှင်းဆို သူက အင်္ဂလိပ်စာတတ်မဟုတ်ပါလား။

အမှန်မတော့ တရုတ်ကျင်ငွေ မေးလိုက်သည်က ...

မိတ်အင်ကုလား (မိတ်အင်အိန္ဒိယ)၊ မိတ်အင်တရုတ်(မိတ်အင်ချိုင်းနား)၊ မိတ်အင်ဂျပန်တို့ကို ရည်ညွှန်းပြီး မေးလိုက်ခြင်းဖြစ်၏။

သို့ပါသော်ငြား ... တရုတ်ပြည်မကြီး၏လေသံ မပျောက်သဖြင့် မိတ်အင်သည် မင့်လင် ဖြစ်သွားရလေသည်မို့ ...

အပျိုကြီးစာရင်းဝင် ထွေးရီခမျာ နားလည်မှုလွဲသွားရလေသည်တကား။

ဩော် ... မင့်လင် ... မင့်လင် ...။



# [၆]



www.burmeseclassic.com

www.burmeseclassic.com

ပူပြင်းခြောက်သွေ့လှစွာသော နွေတစ်ရက်။

အတန်းစာမေးပွဲတွေ ဖြေဆိုပြီးသွားလေတော့ ဖိုးချွန်တစ်ယောက် သူ့အဖော်အပေါင်းတွေနှင့်အတူ ရွှေသရက်ကျေးရွာထိပ်ရှိ ကုက္ကိုပင်ကြီးအောက် မြေတလင်းပြောင်ပြောင်၌ ဒီထိုးတမ်းကစားလျက်ရှိ၏။

ပြေးလွှားကစား၍ မောပန်းသည်ရှိလေသော် ကုက္ကိုပင်စည်၌ ကပ်ရိုက်ထားသည့်ရေချမ်းစင်မှ ရေကိုခပ်ယူလျက် အမောအပန်းပြေ သောက်ကြ၏။ မလှမ်းမကမ်းရှိ မန်ကျည်းပနီပင်ကြီးဆီမှ မန်ကျည်းကြက်ဆူများကို ခူးဆွတ်ကာ ဆားဖြင့်တို့စားကြ၏။

“ဟော့ကောင် ...ဖိုးချွန်၊ မင်းတို့အိမ်က မင်းကို သည်နွေထဲ ကိုရင်ဝတ်ပေးမယ်ဆို”





“ဟုတ်တယ် ...တော၊ ရှင်ပြုပွဲလုပ်မယ်လို့တော့ ပြောတာကြားနေရတာပဲ၊ ဘယ်နေ့လဲဆိုတာတော့ မပြောတတ်ဘူး။ ငါတစ်ယောက်တည်းတော့ မဟုတ်ပါဘူးကွာ၊ အမျိုးအဆွေတွေရဲ့သားတွေကိုလည်း စုပြီးပြုပေးမယ်တဲ့၊ ပျော်စရာကြီးပေါ့ကွာ ...”

“မြန်မြန်လုပ်ဖြစ်ပါစေကွာ ...ဒါမှ အလှူထမင်း၊ အလှူဟင်းကို ကောင်းကောင်းကြီးတီးရမှာကွ”

“အလှူပွဲကျရင်တော့ ကောင်းကောင်းတီးရမှာပေါ့ကွာ ...”

အဖော်အပေါင်းတစ်စု တစ်ယောက်တစ်ပေါက် စကားဆိုနေကြစဉ်မှာပင် ခပ်လှမ်းလှမ်းဆီမှ ရွာဘက်သို့ လူတစ်စု လှမ်းလာနေကြသည်ကို တွေ့ရ၏။

“ဧည့်သည်တွေနဲ့တူတယ်”

“ဟုတ်လိမ့်မယ်ကွ ...”

လူစုမှာ အနီးကပ်လာလေ သဲကွဲလေပင်ဖြစ်၏။ လွယ်အိတ်လွယ်ထားသည့် အမျိုးသမီးကြီးတစ်ဦးနှင့် ထန်းခေါက်ဖာတောင်းကြီးကိုရွက်လာသော အသက်ကြီးကြီးအမျိုးသမီးကြီးတစ်ဦး။

အမျိုးသမီးကြီးမှာ ဖာတောင်းကြီးကိုရွက်လျက် လျှောက်လာနေရင်းမှပင် နို့စို့ရွယ်သာသာကလေးငယ်တစ်ဦးကို ခါးထစ်ခွင်ချီထား၏။ ကျန်လက်တစ်ဖက်ကလည်း လေးငါးနှစ်သား ချာတိတ်တစ်ဦးကို လက်ဆွဲထား၏။ ဖိုးချွန်တို့ စုပေါင်းထိုင်နေကြရာအနီး



www.burmeseclassic.com

www.burmeseclassic.com



အပါး ရောက်လာလေတော့ ဖိုးချွန်လည်း ထိုညွှန်သည်များကို သေသေချာချာ ကြည့်ရှုအကဲခတ်လိုက်သည်။

"ဟင် … ဦးလေးကြည်"

လွယ်အိတ်ကြီးလွယ်ထားသည့် အမျိုးသားကြီးကိုမြင်တော့ ဖိုးချွန်မှာ ပါးစပ်အဟောင်းသားဖြစ်သွားရ၏။ မဖြစ်ဘဲနေပါမည်တဲ့လား။

ထိုအမျိုးသားကြီးမှာ တစ်စိမ်းတစ်ရံစာမှ မဟုတ်ပါပဲလား။

ထိုအမျိုးသားကြီးမှာ ဖိုးချွန်တို့နှင့် သွေးမျိုးအရင်းအချာကြီး။ မိခင်ဒေါ်ဖွေးဖြူတ်၏မောင်အရင်း၊ ဖိုးချွန်တို့ဦးလေး ဦးကြည်သိန်းပါတည်း။ ဦးလေးအရင်းအချာဦးကြည်သိန်းကို ဖိုးချွန်တို့ မမထွေးရီတို့မောင်နှမတွေက ဦးလေးကြည်ဟု ခေါ်ကြ၏။ ဦးလေးကြည်တစ်ယောက် ပထမအိမ်ထောင်ကျပြီး ရွှေသရက်ရွာကလေးမှ ကွယ်ပျောက်သွားသည်မှာ သုံးနှစ်သုံးမိုးပင်မကတော့။

အိမ်ထောင်ကျစဉ်က အမျိုးသမီးကို ဖိုးချွန် မှတ်မိသည်။ အသားဖြူဖြူ၊ ပိန်ပိန်ပါးပါး၊ အရွယ်ငယ်ငယ်နှင့် ကရင်မလေးတစ်ဦး။ ယခု ဦးလေးကြည်နှင့်ပါလာသည့်အမျိုးသမီးကြီးက ဦးလေးကြည်ထက် ရုပ်ရည်လည်းရင့်သလို အသက်အရွယ်ကလည်း ကြီးမည့်ပုံပင်။

"ဦးလေးကြည် … ဗျို့ … ဦးလေးကြည်"

"ဟေ … ငါ့ကိုခေါ်တာလား။ မင်းဘယ်သူများပါလိမ့်"





"ကျွန်တော် ဖိုးချွန်လေ … ဦးလေးကြည်ရဲ့၊ မမှတ်မိတော့ဘူးလား"

သည်တော့မှ ဦးလေးကြည်လည်း ပါးစပ်အဟောင်းသားနှင့် အံ့အားတသင့်ဖြစ်သွားရချေသည်။

"ဟာကွာ … ကြည့်စမ်း။ မနည်းကြီးထွားလာလိုက်တာ ဖိုးချွန်ရာ၊ မင်းသာ လှမ်းမနှုတ်ဆက်ရင် ငါသိမှာတောင်မဟုတ်ဘူး"

"အင်းလေ … ဦးလေးကြည်ရွာကထွက်သွားတာ သုံးနှစ်သုံးမိုးတောင် ကျော်သွားခဲ့ပြီပဲဟာ၊ ခု ရွာကိုပြန်လာခဲ့တာလား"

"ဟုတ်တယ်ကွ …"

"ဒါဆို … အမေသိရင် သိပ်ဝမ်းသာမှာ၊ အမေက သူ့မောင်ဦးလေးကြည်ကို ခဏခဏဆိုသလို သတိရနေတာဗျ၊ ကိုင်း‥ဖြည်းဖြည်းသာလျှောက်လာခဲ့ကြ၊ ကျွန်တော် အမေတို့ကို ပြေးပြီးသတင်းပို့လိုက်ဦးမယ်"

"အေး … အေး … ငါတို့ အပြီးအပိုင်ပြောင်းလာခဲ့ကြတာလို့ပြော"

ဖိုးချွန်လည်း ကစားဖော်များကိုနှုတ်ဆက်လျက် ရွာတွင်းရှိ အိမ်သို့ သုတ်ခြေတင်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးကြည်တို့လူစု အိမ်ဝိုင်းထဲ လှမ်းလင့်ဝင်လာသည်နှင့် ခြံထဲရှိ ဝါးရုံနံဘေး၌ လျှာတစ်လစ်ထွက်ကာ တဟဲဟဲလုပ်နေသည့် ခွေးဝဲစားတစ်ကောင်က တဝုတ်ဝုတ်နှင့် အဆက်မပြတ် ထိုးဟောင်လိုက်လေသည်။

''ဟဲ့ . . . ဟဲ့ . . . ဂုတ်ကျား၊ သွား . . . သွားစမ်း''

မောင်သေလျှင် မောင်အစားရရှိုးထုံးစံမရှိ၍ ရှားရှားပါးပါး ရေစက်လာဆုံရသည့် တစ်ဦးတည်းသောမောင်ကို အစ်မဖြစ်သူဒေါ်ဖွေးတုတ်မှာ ခွေးဝဲစားကို ဟန့်လိုက်ရင်း ဝမ်းသာအားရကြိုပါချေ၏။

''ဝုတ် ဝုတ် ဝုတ် ဝုတ် ဝုတ် . . .''

''ဟာ . . . လုပ်ပါဦး အစ်မရဲ့၊ အစ်မရဲ့ခွေးကို ကြည့်ပါဦး''





ထိုစဉ် ဝါးလုံးရှည်တစ်လုံးကိုကိုင်လျက် ထွေးရီ မတ်တတ်ရပ်လိုက်သည်။

''ဟဲ့ . . . ဂုတ်ကျား၊ ပြောနေတာမရဘူးလား၊ ဆက်ဟောင်နေရင်ဖြင့် ဟောဒီကဝါးလုံးနဲ့ ထိုးချလိုက်မှာနော်''

ထွေးရီက သူ့ဗီဇ,သူ့အကျင့်အတိုင်း ဘယ်သတ္တဝါ၊ ဘယ်တိရစ္ဆာန်တွေ့တွေ့ ဝါးလုံးနှင့်ထိုးဖို့ချည်း လုပ်နေလေ၏။ ခွေးကထွေးရီကိုပဲလန့်လို့လား၊ ပြောသလို တကယ်ထိုးမည့် ထွေးရီလက်မှဝါးလုံးကိုပဲ ကြောက်ရွံ့လို့လားပသိ၊ ဟောင်သံကိုရပ်ကာ အမြီးဘနန့်နန့်လုပ်ရင်း ခြံအပြင်သို့ ထွက်သွားလေသည်။

''ဟဲ့ . . . ကြည်ရယ်၊ နင့်နှယ် . . . နေနိုင်လိုက်တာ၊ ဒီတစ်သက် ပြန်မလာပါဦးမလားလို့၊ ငါ့ဖြင့် သတိရတိုင်း မျှော်ရတာအမောပဲ''

တစ်အူတုံဆင်း မောင်ရင်းနှမတွေဖြစ်လေသည်မို့ ဒေါ်ဖွေးတုတ်က အစ်မကြီး အမိအရာပီပီ အလွမ်းစကားဆိုလိုက်သည်။

''ကျွန်တော်လည်း သတိရပါတယ် အစ်မရာ၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာမို့ ခြေသရက်ကို ခြေဦးမလှည့်နိုင်တာပါ''

''အေးပါဟယ် . . . အေးပါ၊ ဒါထက် . . . ငါ့ယောင်းမလေး လေးဖော့ကော ပါမလာဘူးလား''

''မပါဘူး . . . အစ်မ''

''ဟဲ့ . . . ဘာဖြစ်လို့တုန်း''



www.burmeseclassic.com

www.burmeseclassic.com



"ပြောမပြောချင်ပါဘူး အစ်မရာ၊ တော်တော်လေး မကောင်းတဲ့ ယောက္ခထီးကရင်အဘိုးကြီးကြောင့်ပေါ့။ သူ့ ပျားရည်နဲ့ဝမ်းချတာကို အဟုတ်မှတ်လိုက်တာ ငါးပါးသာ မကဘူး၊ သံဃာစင်ပါမှောက်တာပဲ"

လွန်ခဲ့သောသုံးနှစ်ကျော်ကာလက ဦးလေးကြည်တစ်ယောက် အစ်မဖြစ်သူဒေါ်ဗွေးတုတ်ကိုတိုင်ပင်လျက် ကရင်ပြည်နယ်၊ သံတောင် ဘက်ဆီသို့ ကုန်ရောင်းကုန်ဝယ်အလို့ငှာ ထွက်သွားခဲ့သည်။

"နင့်နှယ် ... ကြည့်ရယ်၊ ဒီမှာပဲ လယ်လေး,ကိုင်း လေး လုပ်ပါတော့လား။ 'ထိုင်နေအကောင်းသား ထသွားမှ ချိုး' ဆိုသလို ဖြစ်နေပါဦးမယ်"

"အဲဒါ အစ်မတို့ခက်တာပေါ့ ... တစ်ရွာမပြောင်း သူကောင်းမဖြစ်ဘူးတဲ့ဗျ။ သာမန်မိရိုးဖလာ လယ်တွေ, ကိုင်းတွေလုပ်နေလို့ကတော့ ဒုံရင်း,ဒုံရင်းကနေ တက်မှာ မဟုတ်တော့ဘူး၊ ကျုပ်က ကြီးပွားချမ်းသာချင်တာဗျ၊ ဒါကြောင့် နယ်ထွက်ပြီးအလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်တာ"

ဘယ်သို့ပင်တားတား၊ တားလို့ရမှာမဟုတ်သည့်အတွက် ဦးလေးကြည် သွားလိုရာသွားသည့်ကိစ္စအတွက် ခွင့်ပြုခဲ့ရသည်။ ခွင့်မပြုလို့လည်းမဖြစ်။ ဦးလေးကြည်အသက်က (၂၅)နှစ်ကျော်နေ ပြီဆိုတော့ သာမန်သူငယ်နုပ်စားအရွယ်မဟုတ်တော့။

"နင် အင်မတန်သွားချင်တယ်ဆိုလို့ လွှတ်လိုက်တာ ကြည်၊ စိုးတော့အစိုးရိမ်သား ..."

"ဘာစိုးရိမ်စရာရှိလို့လဲ အစ်မရာ"





"ဟဲ့ ... နင်က ပါးရေနပ်ရေမရှိဘဲ နုံနုံအအမို့ စိုးရိမ် နေရတာ"

ဘာပဲပြောပြော ဦးလေးကြည်ကတော့ သူ့ဆုံးဖြတ်ချက် အတိုင်းပင် ကရင်ပြည်နယ်ဘက်သို့ ထွက်ခွာသွားခဲ့သည်။

ဦးလေးကြည်ထွက်သွားသည်မှာ ဘာမျှမကြာလိုက်။ စစ်စစ် ပေါက်ပေါက်ဆိုလျှင် တစ်လပင်မပြည့်တတ်။ ဇာတိမြေရွှေသရက် သို့ ဦးလေးကြည် ပြန်ရောက်လာခဲ့၏။ ပြန်ရောက်သည်ဆိုသော်ငြား ဦးလေးကြည်တစ်ဦးတည်းမဟုတ်။ ဦးလေးကြည်နှင့်အတူ အရွယ် ခပ်ငယ်ငယ်, ဖြူဖြူနွဲ့နွဲ့, ခပ်ချောချောနှင့် သင်တိုင်းအကျီဝတ် ကရင်မလေးတစ်ဦးလည်း ပါလာခဲ့လေသည်။

"ဟဲ့ ... သူကလေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကိစ္စနဲ့ပါလာရတာတဲ့လဲ"

အစ်မကြီးအမိအရာပီပီ ဦးလေးကြည် ဘာတွေလုပ်လာခဲ့ မှန်း မသိရ၍ စစ်စစ်ပေါက်ပေါက် စစ်ကြောမေးမြန်းရသည်။

"သူကလေးရဲ့နာမည်က နော်လေးလေးဖောတဲ့၊ ကျုပ် တော်အလုပ်သွားလုပ်တဲ့ ကရင်ပြည်နယ် သံတောင်ကပဲ၊ သူနဲ့ကြိုက်တာ သူ့အိမ်က သိသွားလို့ ခွဲမယ်အလုပ်မှာ ခိုးလာခဲ့တာပဲ အစ်မ"

"ချစ်လို့ကြိုက်လို့ နှစ်ဦးသဘောတူ ခိုးလာခဲ့တာတော့ အကြောင်းမဟုတ်ဘူး ဒါထက် ... ကလေးမရဲ့အသက် က ဘယ်လောက်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . ၁၅ နှစ်ကျော်လို့ ၁၆ နှစ်ထဲဝင်တော့မယ်လို့ပြောတာပဲ အစ်မရယ်''

''ဟယ် . . . အသက်မပြည့်,ဘာမပြည့်နဲ့၊ နင်တော့ ဟိုကလိုက်လာပြီး ပြဿနာရှာရင် ဒုက္ခတွေ့တော့မှာပဲ''

''ဟာ . . . ဒါတော့ပူမနေပါနဲ့ အစ်မရာ၊ သူတို့ဘက်က တကယ့်ရိုးရိုးအအတွေပါ၊ ကျွန်တော်တို့အောက်ပြည်အောက်ရွာကို လိုက်လာနိုင်လောက်တဲ့ အစွမ်းသတ္တိ မရှိပါဘူး''

''နင်ကသာစိတ်မပူတာ ငါကတော့ နင့်အတွက် စိတ်ပူတယ် ကြည်၊ အင်းလေ . . . ဖြစ်လာမှတော့ ဘာတတ်နိုင်မှာတဲ့လဲ၊ ကဲ . . . ကဲ . . . စပါးတွေလှောင်ဖို့ဆွဲထားတဲ့ အဖီကို ရှင်းလင်းပြီး နင်တို့လင်မယားနေကြချေ၊ သွား သွား . . .''

အစစအရာရာ စာနာသနားတတ်သော ဒေါ်ဖွေးတုတ်က တစ်ဦးတည်းသော ရိုးရိုးအအ မောင်ကလေးအတွက် စိတ်အေးချမ်းသာ နေနိုင်ကြစေရန် နေရေးထိုင်ရေးသာမက စားရေးသောက်ရေးကိုပါ စီစဉ်ပေးလိုက်သည်။



တစ်နေ့ . . .

နေ့လယ်ခင်းမှာတော့ မြို့တက်ကာ အိမ်ဇာဟီရပစ္စည်းပစ္စယများ သွားရောက်ဝယ်ခြမ်းသည့် ဦးလေးကြည်တစ်ယောက် အူလျားဖားလျားဆိုသလို အိမ်သို့ ဒုန်းစိုင်းပြန်ချလာခဲ့သည်။ လက်ထဲမှာလည်း ဘာပစ္စည်းမှပါမလာခဲ့။

''ဟဲ့ . . . ကြည်၊ နင်ဘယ်လိုဖြစ်လာတာလဲ၊ ပြောစမ်း . . . ပြောစမ်း၊ နင့်ကြည့်ရတာ သရဲတစ္ဆေတွေ့လာသလို ပြူးပြူးပျာပျာနဲ့၊ ဘယ်ကဘယ်လိုဖြစ်လာရတာတဲ့တုန်း''

''ပြောမပြောချင်တော့ပါဘူး . . . အစ်မရာ''

''ဟဲ့ . . . မပြောလို့ဖြစ်မလား၊ ကုန်ပစ္စည်းတွေသွားဝယ်တာ ဘာတစ်ခုမှလည်းပါမလာခဲ့ဘူး''



www.burmeseclassic.com

www.burmeseclassic.com

"မပါဆို မြို့ထဲကစားသောက်ဆိုင်မှာ လေးလေးဖောရဲ့ အဖေ ဦးကရင်ကြီးနဲ့တွေ့လို့ဗျာ ..."

"ဟင် ..."

"ဟယ် ..."

ဦးလေးကြည်ထံမှ ကြားလိုက်ရသောစကားကြောင့် အစ်မဒေါ်ဖွေးတုတ်သာမက မယားဖြစ်သူ လေးလေးဖော့ပါ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရချေသည်။

"ဟဲ့ ... ဘယ်လိုတွေ့ကြတာတုန်း၊ ပြောစမ်း ... ငါ့ကို သေသေချာချာ ရှင်းရှင်းလင်းလင်းပြောစမ်း ..."

"အင်း ... စားသောက်ဆိုင်ထဲက ချောင်ကျကျစားပွဲမှာ ကျွန်တော်က ထိုင်တယ်၊ ယောက္ခမဦးကရင်ကြီးက ဆိုင်အပြင်မှာ ကျွန်တော့်နောက်မှထိုင်တယ်၊ သူက ကျွန်တော့်ကိုတွေ့တာမဟုတ်ဘူး။ ကျွန်တော်ကသာ ဦးကရင်ကြီးကိုတွေ့နေရတာ၊ သူကလည်း ကျွန်တော့်ကို မြင်ပုံမရပါဘူး"

"ဒါနဲ့များဟယ် ... ကိုယ့်ဘာသာကိုယ် မသိချင်ယောင်ဆောင်ပြီး အသာကလေးလျှိုနေလိုက်ရင် ပြီးရောဥစ္စာ"

"ဟာ ... အားနာတယ်ဗျ"

"ဟဲ့ ... ဘာအားနာစရာရှိမှာလဲ၊ ကိုယ့်ဘာသာကိုယ် ခြေရာဖျောက်လက်စနဲ့ ဖျောက်ထားလိုက်ရမှာ"





"ဟုတ်ပါရဲ့ မမကြီးရယ်၊ မမကြီးမောင်ဟာ တကယ်အ၊ တကယ့်ကို တုံးလွန်းတယ်"

"ဟ ... ဒီလိုလည်းမပြောနဲ့လေဟာ၊ ကရင်ကြီးဟာ နင့်အဖေ ဖထီးဟုတ်သလို၊ ငါ့ရဲ့ယောက္ခမကြီးလည်း တော်နေတယ်မဟုတ်လား၊ ဒီတော့ ... ကျွန်တော်ကပဲ ယောက္ခမကရင်ကြီးရဲ့စားပွဲကို ကူးသွားခဲ့ပြီး အလိုက်တသိ နှုတ်ဆက်ခဲ့ပါတယ်။

အဲဒီမှာ ကရင်ကြီးက 'ဟော့ကောင် ... ငါ မင်းတို့ကို ရှာဖို့ရာ ဒီကိုရောက်လာတာ သုံးရက်ရှိနေပြီတဲ့၊ ရှာလို့ မတွေ့တာနဲ့ ခု ဒီဆိုင်မှာထမင်းဝင်စားပြီး ပြန်မလို့လုပ်နေတာ၊ ခု မင်းနဲ့ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရလို့ ဟန်ကျလိုက်လေကွာ ... ငါလိုက်လာတာ မင်းတို့ကိုခွဲဖို့ မဟုတ်ဘူး။ ငါ့မှာက ဒီသမီးလေးတစ်ယောက်ပဲရှိလို့ သမီးကို လွမ်းလွန်လွန်းလို့ လိုက်လာခဲ့တာ၊ သမီးနဲ့ပတ်သက်လာတော့လည်း မင်းဟာ ငါ့အတွက် တစိမ်းမဟုတ်တော့ဘူး။ သားသမက်တော်စပ်နေပြီ၊ ဒီတော့ ... မင်းတို့ကို ကရင်ပြည်နယ် သံတောင်ကို ပြန်ခေါ်သွားမယ်၊ ဟိုရောက်ရင် တို့ကရင်ဓလေ့ထုံးစံနဲ့အညီ လက်ထပ်ထိမ်းမြားပေးမယ်၊ ဒီတော့ ငါ့သမီးလေးနဲ့ မင်းတို့ရှိတဲ့နေရာကို လမ်းညွှန်ပေးလိုက်၊ ငါ စီစဉ်စရာရှိတာတွေစီစဉ်ပြီး မနက်ဖြန်လာခေါ်မယ်'တဲ့ဗျ။ ဒါနဲ့ ကျွန်တော်လည်း ဒီရွာကိုရောက်နိုင်မယ့်လမ်း ညွှန်လိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့ . . . နင်ပြောတာတော့ တကယ့်ကိုစင်းလုံးချော ကြီးပါလား ကြည်ရယ် . . . ငါတော့ အဲသလောက် အလွယ်တကူကြီး ဟုတ်နိုင်လိမ့်မယ်မထင်ဘူး''

''ဟုတ်ပါတယ် . . . အစ်မရဲ့''

မောင်နှမနှစ်ယောက် အတိုင်အဖောက်ညီနေကြချိန်ဝယ် လေးလေးဖော့ထံမှ ရှိုက်သံပေါ်ထွက်လာခဲ့သည်။

''ဟဲ့ . . . ဟဲ့ . . . ညီမလေး၊ ဘာဖြစ်တာတဲ့တုန်း''

''ဘာဖြစ်ရမလဲ မမကြီးရဲ့၊ မမကြီးမောင်ဟာလေ တော်တော်လေးတုံးသလို တော်တော်လေးလည်းအ,တယ်၊ ကျွန်မဖထီးအကြောင်း ကျွန်မပဲသိတယ် မမကြီးရဲ့၊ ဖထီးဟာ ကျွန်မတို့ကို အချိုသပ်ပြီး သံတောင်ကိုပြန်ခေါ်တာ ကျွန်မ သိတယ်၊ သံတောင်ပြန်ရောက်ရင် ကိုကိုကြည်နဲ့ ကျွန်မကို မကွဲ,ကွဲအောင် ခွဲကြမှာ မမကြီးရဲ့၊ မကွဲ,ကွဲ အောင် ခွဲမှာ''

''ဟာ . . . မင်းထင်မြင်ယူဆသလို မဟုတ်နိုင်ပါဘူး လေးလေးဖော့ရယ်၊ မင်းအဖေ ငါ့ယောက္ခမကြီးကို ငါတော့ ယုံတယ်''

''ယုံရင် တော့်တာသာတော်လိုက်သွား။ ကျွန်မ ပါသွား လို့ကတော့ တော်နဲ့ ရှင်ကွဲ,ကွဲမှာ အသေအချာပဲ''

သို့ကလိုပြောဆိုရင်း ချုံးပွဲချငိုတော့သည်။ ဒေါ်ဖွေးတုတ် ကတော့ ဦးကရင်ကြီးအကြောင်းကို ဘာဆိုဘာမျှ သိထားခြင်းမရှိ သရကား အမှားအမှန်ကို မည်သို့မျှ မဆုံးဖြတ်နိုင်ခဲ့။





''မင်းဘာသာမင်း မီးစင်ကြည့်ကပေတော့ ကြည်၊ ငါက ဘယ်လိုမှကို မပြောတတ်တော့ဘူး''

''ရပါတယ် အစ်မရယ်၊ ကျွန်တော့်ဇာတ် ကျွန်တော် နိုင်ပါတယ်၊ ကိုင်း . . . တိတ်ပါ လေးဖော့ရယ်၊ တိတ်ပါ၊ မင်းနဲ့ကိုကိုကြည် ဘယ်လိုမှကို မကွဲနိုင်ပါဘူး၊ မင်းတို့က တကယ့်အဖေတစ်ခုသမီးတစ်ခုတွေပါ၊ ဘယ်မိဘမှ သား သမီး စိတ်ဆင်းရဲမှာကို မလိုလားကြပါဘူး''

''အင်းလေ၊ အားလုံး သူ့ဟာနဲ့သူ အဆင်ပြေသွားကြ ရင် ကောင်းတာပေါ့၊ ကဲ . . . သွားပြီးအနားယူကြချေဦး''

သည်သို့ပြောဆိုပြီး ဒေါ်ဖွေးတုတ် သူလုပ်စရာရှိသည့် အလုပ်တွေကို လုပ်နေလေတော့၏။

နောက်တစ်ရက်ရောက်လေတော့ ကရင်ကြီးသည် ဦးလေး ကြည် လမ်းညွှန်လိုက်သည့်အတိုင်း ရွှေသရက်ရွာကလေးသို့ ဆိုက် ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့၏။ ပြီးနောက် သမီးနှင့်သမက်ကို နှစ်သိမ့်ဖျောင်းဖျနားချကာ ၎င်း၏ဇာတိရပ်ရွာ ကရင်ပြည်နယ် သံတောင်မြို့ကလေးသို့ ခေါ်ဆောင်သွားလေတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com

အစ်မဖြစ်သူ ဒေါ်ဖွေးတုတ်အဖို့ သူ့မောင်ကြည်တစ်ယောက် ကရင်ပြည်နယ်၊ သံတောင်သို့ လင်မယားနှစ်ယောက်ယောက္ခထီးကြီးနှင့်အတူ လိုက်ပါသွားပြီးနောက် ရှေ့ဆက် ဘာတွေဘယ်လိုဖြစ်ပျက်ကြသည်ကို သိချင်နေသည်က အမှန်။

မသိချင်၍လည်းမဖြစ်။

သည်ရွှေသရက်ကျေးရွာမှ 'ထွက်တော်မူ နန်းကစွာတယ်' ဆိုတုန်းက ချောချောလှလှ၊ အရွယ်ငယ်ငယ်၊ ရုပ်ရည်သန့်သန့်ကရင်မကလေးနှင့်။

သုံးနှစ်သုံးမိုးမက (စာမလာ၊ သတင်းမကြား) ကြာတောင့်ကြာပြီဆိုကာမှ ယခုလို အရှင်လတ်လတ် ဘွားခနဲရောက်လာပြန်တော့ ယောင်းမတော် ကရင်မလေးကို မတွေ့မမြင်ရဘဲ သူမထက်အသက်ကြီးဟန်တူသည့် မိန်းမ၀၀ကြီး၊ ပြီးတော့ ကလေးနှစ်ကောင်





နှင့်အတူတကွ 'ပြည်တော်ဝင်' လာသည်ဆိုတော့ ဘာကိုဘယ်လိုနားလည်ရမှန်းမသိချေပြီ။ သည့်အတွက် ခုရှုပ်မှနောင်ရှင်းဆိုသလိုဘွင်းဘွင်းကြီးကို ဖွင့်မေးရတော့သည်။

"ဟဲ့ . . . ကြည်၊ ပြောစမ်းပါဦး၊ နင်နဲ့လေးလေးဖော့တို့ တို့ရွာက ထွက်သွားပြီးတဲ့နောက် ဘာတွေဘယ်လိုဖြစ်ကြပျက်ကြတယ်ဆိုတာ . . ."

"ပြောမပြောချင်တော့ပါဘူး အစ်မရယ်၊ ကျွန်တော်တို့လင်မယားနှစ်ယောက်ကို သံတောင်ရောက်တဲ့အထိခေါ်သွားတုန်းကတော့ တကယ့်ကိုကြည်ကြည်လင်လင်ပါပဲ၊ သူ့နေရာသူ့ဒေသရောက်လေမှ ဗွေဖောက်တော့တာ"

"ဘယ်လိုဗွေဖောက်တာလဲဟဲ့ . . ."

"ဘယ်လိုဗွေဖောက်သလဲဆိုတော့ သူ့အိမ်ရောက်တာနဲ့ ကျွန်တော့်မိန်းမကို အိမ်ထဲကအိမ်ပြင် ပေးမထွက်တော့ဘူး၊ ကျွန်တော့်ကိုသိပ်တာတောင်မှ ဘုူးခြံထဲကကွပ်ပျစ်မှာပဲ ပေးသိပ်တယ်၊ ကျွန်တော်က ဘာဖြစ်လို့ဒီလိုလုပ်ရသလဲမေးတော့ 'မင်းတို့ကို လူကြီးစုံရာနဲ့ အသိအမှတ်ပြုပြီးမှ ငါခွင့်ပြုမယ်' တဲ့၊ ကျွန်တော့်မှာတော့ မီးခဲဖင်ခုထိုင်ရသလိုပေါ့ အစ်မရယ်၊ ည,ည လူးလိမ့်အိပ်တာကွပ်ပျစ်ပေါ်က ပြုတ်ကျဟဲ့အထိပဲ"

"ဟား . . . ဟား . . . ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြည်၏ ရှုံ့မဲ့မဲ့အမူအရာကြောင့် အပါးတွင် စုဝေးနားထောင်နေကြသော ထွေးရီတို့၊ ဗိုးချွန်တို့မောင်နှမတစ်စုမှာ အားပါးတရ ရယ်မောလိုက်ကြရသည်။

"နောက်နေ့ရောက်တော့ မင်္ဂလာကိစ္စအတွက် လိုအပ်တာတွေ သွားဝယ်ရမယ်ဆိုလို့ ကျွန်တော် သွားဝယ်ရတယ်၊ လိုအပ်တာတွေ ဝယ်ခြမ်းပြီးပြန်လာခဲ့အခါ ကရင်ကြီးက ထင်းခုတ်ဓားကြီးကိုင်ပြီး ခြံဝမှာစောင့်လို့။

ကျွန်တော်က ခြံထဲဝင်မယ်လုပ်တော့ ပေးမဝင်ဘူး၊ 'ဟော့ကောင် ... မင်း အဲဒီပစ္စည်းတွေချပြီး ပြန်တော့' ဆိုပြီး မောင်းထုတ်တယ်ဗျာ၊ ကျွန်တော်က 'ဖထီးရယ် အဲသလိုတော့ မနောက်ပါနဲ့ဗျာ၊ ဖထီးပဲ ကျွန်တော့်ကို ဖထီးရဲ့သမီးနဲ့နွယ်ပြီး သားတစ်ယောက်လိုသဘောထားတယ်ဆို' လို့ပြောလိုက်တော့ 'အောင်မာ ... လာလာ ချည့်သေး၊ မင်းလိုကောင်နဲ့ ငါ့သမီးကို လုံးဝဆိုလုံးဝ မပေးစားနိုင်ဘူး၊ ကဲ ... အေးအေးသက်သာ မင်းပြန်တော့' တဲ့။

'မပြန်ဘူးဗျာ၊ ပြန်ရမယ်ဆိုရင် ကျွန်တော့်မိန်းမကို ခေါ်ပြီးမှ အတူပြန်မယ်'

'အောင်မာ ... ရာရာစစ၊ မင်းက ငါ့ကို ဘာအောက်မေ့လို့လဲ၊ ငါ့အကြောင်းသိချင်ရင် ပြရသေးတာပေါ့ကွာ'

ပြောပြောဆိုဆိုနဲ့ ဓားမကြီးရွယ်ပြီး ကျွန်တော့်နောက်ကို တစ်ရှိန်ထိုးလိုက်တော့တယ်၊ သူကြည့်ရတာ တကယ်





လုပ်မယ့်ပုံ၊ ပြီးတော့ ကဖော်တွေကလည်း မူးနေပုံရတယ်၊ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်အသက် ကျွန်တော် နှမြောပြီး ဖဝါးနဲ့တင်ပါး တစ်သားတည်းကျအောင် ကိုယ်လွတ်ရုန်းပြီး ပြေးခဲ့ရတာပေါ့"

"အဲဒီတုန်းက ရွှေသရက်ကို ဘာဖြစ်လို့ပြန်မလာတာလဲ"

"ရက်လို့ပေါ့ ... အစ်မရာ၊ ဒါနဲ့ ရွှေသရက်ကိုမပြန်ဘဲ ကရင်ပြည်နယ်ထဲက တောင်ယာခြံတစ်ခြံထဲမှာ လူငှားဝင်လုပ်နေခဲ့တယ်"

ဦးလေးကြည်နှင့် ကရင်မလေး လေးလေးဖော့၏ဇာတ်လမ်းကား ဤတွင်ဤရွေ့ နိဂုံးတံခဲ့လေပြီ။ သို့ရာတွင် နောက်ဆက်တွဲအဖြစ် ဦးလေးကြည်နှင့်ပါလာသော မျက်နှာပေါက်ဆိုးဆိုးအဒေါ်ကြီးနှင့် ကလေးနှစ်ယောက်တို့ မည်သို့မည်ပုံ ပတ်သက်နေသနည်းဆိုသည်ကို သိလိုလှသည်မို့ နှုတ်ဖြင့်ဖွင့်မမေးတော့ဘဲ မျက်နှာအမူအရာဖြင့် မေးလိုက်သည်။

"သြော် ... အဲဒါလား၊ အဲဒါက ကျွန်တော်ခိုးလာခဲ့တဲ့မိန်းမလေ"

"ဟယ် ... နင့်ဟာက ..."

"စိတ်ချ ... အစ်မ၊ စိတ်ချ၊ ဒီတစ်ခါတော့ ဘာမှပူစရာမလိုတော့ဘူး၊ အသက်မပြည့်မှာလည်း မစိုးရိမ်ရတော့ဘူး၊ နောက်ကြောင်းကိစ္စကလည်း ရှင်းတယ်၊ ကျွန်တော်တို့ချစ်ခြင်းကိုခွဲမယ့် ယောက္ခမလည်း မရှိဘူး၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားက ဒီနှစ်ထဲမှာ ဆုံးသွားတာ၊ ဒီတော့ သူ့ကိုပဲ ကျွန်တော့်ရဲ့အိမ်ထောင်ဘက်အဖြစ် ဆုံးဖြတ်ရွေးချယ်လိုက်ပြီး ဟောဒီရွှေသရက်ရွာမှာ မားမဦးချ လုပ်ကိုင်စားသောက်ဖို့ ခေါ်လာခဲ့တာပဲ အစ်မရေ ... လောလောဆယ် ဟောဒီခြံဝိုင်းလေးထဲမှာပဲ နေဖြစ်ရုံသာသာ ဝါးအိမ်ကလေးတစ်လုံး အရင်ဆောက်ရမယ်''

ဒေါ်ဖွေးတုတ်အဖို့ အင်မတန်ရိုးအနုံချာလှသည့် မောင်ဖြစ်သူကြောင့် အကြီးအကျယ် ရင်မောသွားရသည်။ ဖူးစာကံအကြောင်းတရားအရ လူဆိုသည်မှာ သူ့အကြောင်းနှင့်သူ ဖြစ်ရသည်ကို နားလည်ပါ၏။ သို့ရာတွင် ကလေးနှစ်ကောင် တိုးလို့တွဲလောင်းနှင့် မုဆိုးမကိုမှ ယူလာခဲ့သည်ကတော့ မောင်ဖြစ်သူကိုယ်စား အသည်းနာလှပါဘိ။

''ကျွန်တော်တော့ ဟောဒီမိန်းမ မကျင်လှနဲ့ ဖူးစာဖက်ခွင့်ရတာ ကမ္ဘာမှာ ကံအကောင်းဆုံးပဲ အစ်မရေ၊ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး ...''

''ဘာ ... နင်ရူးနေသလား ကြည်''

''ဟာ ... ဘာလို့ရူးမှာလဲ၊ ကျွန်တော် မရူးပါဘူး အစ်မရဲ့''

''ဟဲ့ ... မရူးဘူး၊ ဟုတ်လား၊ ဒါဖြင့် မိန်းမရတာတောင် ကလေးနှစ်ယောက်က တိုးလို့တွဲလောင်းပါလာတာက ...''





''အဲဒါကြောင့် ... ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလို့ ပြောတာပေါ့ဗျ။ လောလောလတ်လတ် ကျွန်တော် ဘာမှအားမထုတ်ရဘဲနဲ့ သားယောက်ျားလေးနှစ်ကောင် ပါလာတယ်ဆိုတော့ ရှင်ပြုပေးရမယ်လေ၊ သာသနာ့အမွေခံယူခွင့်ရပြီလေ၊ အပါယ်တံခါးပိတ်ပြီ၊ နိဗ္ဗာန်တံခါးပွင့်ပြီလေ အစ်မရဲ့ ...''

''ဟဲ့ ... တော်စမ်း ကြည်''

ဒေါ်ဖွေးတုတ်အဖို့ အကြီးအကျယ် ရင်ဆို့သွားရသည်။ ဤရွှေဤမျှလောက်ဆိုလျှင်ဖြင့် ရင်ဆို့ရုံသာရှိပေမည်။ ဦးလေးကြည်နောက်ထပ်ဆက်လိုက်သည့်စကားသာ ကြားလိုက်ရမည်ဆိုပါက နေရာမှာတင် နှလုံးရပ်သွားလိမ့်မည်မှာ သေချာလှသည်တစ်မုံ။

''ဒါတောင် မကျင်လှမှာ သားယောက်ျားလေးချည်း ပါလာလို့နော်၊ သမီးမိန်းကလေးသာ ပါလာခဲ့မယ်ဆိုရင် အဟင်း ... ဟင်း ... နားထွင်းမင်္ဂလာပါ ထပ်ကျင်းပလိုက်ချင်သေးနော်''တဲ့။



www.burmeseclassic.com

www.burmeseclassic.com

# [၅]

# ချစ်ပျားသင်ကြွင်းတော့

# ပင်ကြွေကျခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

ညနေမီ နေညိုချမ်းရောက်လျှင်ဖြင့် ရွှေသရက်ရွာ၏ ရေခပ်လမ်း၌ ရေလာခပ်ကြကုန်သော လုံမေပျိုတို့ကား အစီအရီ။

သူတို့သူတို့သည် အိမ်အတွက်လိုအပ်သော သောက်ရေ သုံးရေတို့ကိုသာ ဖြည့်တင်းရုံမကသေး ရွာအတွင်းရှိ သတင်းပုလင်း အတင်းအဖျင်းတို့ကိုပါ တစ်ဦးနှင့်တစ်ဦး ဖလှယ်တတ်ကြကုန်၏။ ကန်စပ်၌ရှက်ထားသော ရေအိုးကလေးများကိုချရင်း တစ်ဦးနှင့်တစ်ဦး စကားတွတ်ထိုးကြသည်မှာ ထူးကဲလှစွာသော ပါးစပ်အရသာပင်တည်း။

"ဟဲ့ကောင်မ ... ရွှေစာ၊ ခုတစ်လော ထွေးရီတစ်ယောက် မမြင်ပါလားအေ့ ..."

"မမြင်ဆို သူ့အမျိုးတွေရှိရာ ပေါင်းတည်ဘက်ဆိုလားဘာလား သွားလည်နေတယ်ဆိုပဲ"





"ဩော် ... ဒါကြောင့်မမြင်တာကိုး၊ ဒီကောင်မက အနေအထိုင်ကလေးက မဆိုးပါဘူး၊ ဒါပေမယ့် နေရာတကာ ဓိအာကြောင်လွန်းတော့ တဖြည်းဖြည်းနဲ့ဟိုင်းလာပြီ၊ သည်ပုံအတိုင်းဆိုရင် ငှက်ပျောတုံးကိုဖက်ရလိမ့်မယ်ထင်တယ်"

"အချိန်မတန်သေးလို့ နပိန်မကန်သေးတာပေါ့အေ၊ တစ်နေ့တော့လည်း သူ့ဖာသာသူ နပိန်ကန်သွားမှာပါ"

"ငါလည်း ကောင်မကို တိုက်တိုက်တွန်းတွန်းပြောဖူးပါတယ်အေ၊ ဒီရွာမှာ နင့်ကိုကြိုက်နေတဲ့လူတွေရှိရဲ့သားနဲ့ ဘာဖြစ်လို့ အိမ်ထောင်ရေးကိစ္စကို စိတ်မဝင်စားတာလဲလို့"

"ဒီတော့ ... ထွေးရီက ဘာပြန်ပြောသလဲ"

"ဒီရွာမှာရှိတဲ့လူတွေအားလုံးက သူ့လိုကိုယ်လိုချည်းတွေပဲ၊ အားလုံးနဲ့မတူတဲ့ ထူးခြားမှုရှိတဲ့သူမှ အိမ်ထောင်ပြုဖို့ စဉ်းစားမှာတဲ့၊ ဒီတော့ တို့ရွှေသရက်မှာ ပညာရေးထူးချွန်တဲ့သူ၊ လူမှုရေးထူးချွန်တဲ့သူ၊ အားကစားထူးချွန်တဲ့သူ၊ အနုပညာထူးချွန်တဲ့သူ၊ စီးပွားရေးထူးချွန်တဲ့သူတွေကို ချပြတော့ ကောင်မက အားလုံးဟာ ပေါက်ဖော်နဲ့တရုတ်၊ ဒန်ခွက်စုတ်နဲ့ဖလားပဲ၊ ကုလားနဲ့အရာကြီး အားလုံးဟာ အတူတူပဲဆိုပြီး ငါ့ကိုတောင်ခွပ်လိုက်သေးအေ"

"ဒါတော့ ... ကောင်မ လင်ရမယ့်ဇာတာမပါလို့ တွေ့ကရာအကြောင်းပြပြီး ကလန်ကဆန်လုပ်သွားတာနေမှာပေါ့အေ၊ နောက်မှ 'လင်စံရွေး လင်ခွေးနဲ့ရမှာ'ကို မြင်ယောင်သေး"



www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ့ စကားမစပ်၊ ညည်း ရွာတောင်ဖျားက ငါးနိုင်ပိုင်ရှင် ဦးဝင်းမောင်ကြီးကို သိတယ်မဟုတ်လား''

''မသိဘဲနေပါ့မလားအေ ... ငါ့အဘ သူ့နိုင်ကို ငါးသွားသွင်းရင် အင်မတန်မှဈေးနှိမ်တဲ့ ဝတုတ်ပေါကြီးဟာ''

''ဟဲ့ ... ငါပြောချင်တာက အဲဒီဝတုတ်ပေါကြီး မဟုတ်ဘူး သူ့ရဲ့သားမောင်ပိန်ကို ပြောတာ၊ နာမည်ရင်း ညွန့်လွင်ဆိုတာ ဘယ်သူမှမခေါ်ဘဲ ပိန်တာရိုးဖြစ်နေလို့ မောင်ပိန်ဆိုပြီး နာမည်တွင်နေတာလေ''

''မောင်ပိန်ဘာဖြစ်လို့လဲ၊ စိတ်ရောဂါပြန်ထနေလို့လား''

''ဟုတ်တယ်၊ မိန်းမထဘီတွေ အကျႌချုပ်ဝတ်တဲ့ရောဂါ ပြန်ထနေလို့၊ သူ့အမေ့,သူ့နှမထဘီတွေတောင် ဖွက်ထားရတယ်၊ နောက် ... ပိုဆိုးလာတာက အိမ်ရှေ့က ဖြတ်သွားတဲ့မိန်းကလေးတွေမြင်ရင် အတင်းထွက်လိုက်ပြီး ထဘီတွေကို ဆွဲတော့တာပဲ၊ သူပြောတာကတော့ အကျႌချုပ်ဝတ်ချင်လို့တဲ့၊ မိဘတွေမှာတော့ ... ပြဿနာမတက်ရလေအောင် တောင်းပန်လိုက်ရတယ်လေ၊ အဲဒါ ဘယ်သူမှမနိုင်လို့ နောက်ဆုံး ရန်ကုန်ပို့ပြီး စိတ်ရောဂါကုဆရာဝန်တွေဆီ သွားပြရတယ်ဆိုပဲ''

''အို ... ကျွတ် ... ကျွတ် ... ကျွတ် ဖြစ်မှဖြစ်ရလေဟယ်၊ ဒါထက် ... မောင်''နဲ့က ထွေးရီကိုကြိုက်တာ တစ်ပိုင်းကိုသေနေတာပဲဆို''





''ဟုတ်တယ်၊ ဦးဝင်းမောင်ကလည်း မောင်ပိန်ကို မိန်းမပေးစားဖို့ စဉ်းစားထားပါတယ်၊ ခက်တာက အဲသည်လို မောင်ပိန့်စိတ်က မိန်းမထဘီတွေချုပ်ချုပ်ပြီး အကျႌဝတ်ချင်တတ်တဲ့အကျင့်ကို မဖျောက်နိုင်သေးသမျှ ဘယ်မိန်းကလေးက လက်ခံချင်မှာတဲ့လဲ၊ ညည်းကော ... အရှုံးကို လင်လုပ်ချင်ပါ့မလား''

''အိုး ... ဝေးပါသေးရဲ့၊ ညည်းပဲ အရှုံးမောင်ပိန်ကို လင်လုပ်လေ''

တစ်ဦးနှင့်တစ်ဦး မိန်းမသဘာဝနှင့်လျော်ညီစွာ ပြောမနာဆိုမနာဖြစ်နေသည်ကတစ်ကြောင်း၊ ပတ်ဝန်းကျင်မှာလည်း ၎င်းတို့ပြောဆိုနေကြသည်ကို နိုးနားထောင်မည့်သူကင်းနေသည်ကတစ်ကြောင်းတို့ကြောင့် စကားရှိန်တွေက မြင့်တက်နေကြသည်။

''ဒါနဲ့ စကားမစပ်၊ ကိုယ့်ချင်းကိုယ့်ချင်းမို့ မေးရဦးမယ်၊ ညည်းတို့ခြေရင်းအိမ်က လုံးတင်မတစ်ယောက် ဘာဖြစ်လို့များ ကျွဲတွေမွေးတဲ့ ကုလားမုတ္တူးကြီးကို ယူလိုက်ရတာလဲအေ''

''ဟုတ်ပအေ၊ ကိုယ့်တစ်ရွာတည်းသား လူပျိုလူလွတ်တွေ အများကြီးရှိနေတဲ့ဥစ္စာ၊ အဲဒါတွေထဲက မယူဘဲ မည်းမည်းသည်းသည်း လူကောင်က သရဲကြီးပုံပေါက်နေတဲ့ မုတ္တူးကြီးကို ယူလိုက်တယ်ဆိုတော့ အံ့အားသင့်မယ်ဆိုလည်း အံ့အားသင့်စရာပဲပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"လုံးတင်မက၊ ကိုယ်လုံးကိုယ်ပေါက်က ခပ်တောင့်တောင့်၊ ရုပ်ကလေးက ခပ်ပြေပြေ၊ အပြောအဆိုအမူအရာလေးကလည်း သွက်သွက်လက်လက်ဆိုတော့ ကာလသားအားလုံးက 'ဖြူဖြူဖွေးဖွေး ရေဆေးငါး'လို့တောင် တင်စားနေကြတာ၊ သည့်အတွက် ကောင်မကလည်း အလုမာန်က ခပ်တင်းတင်း"

"ဟုတ်ပ၊ အဲဒါကြောင့်လည်း 'ရည်းစားတစ်ထောင်၊ လင်ကောင်တစ်ယောက်'ဆိုတဲ့ထုံးကို နှလုံးမှုသလား မပြောတတ်ပေါင်၊ မူတူးကြီးနဲ့မညားခင်အထိ ထားလိုက်တဲ့ ရည်းစားတွေဆိုတာ ပဒူအုံ တုတ်နဲ့ထိုးသလိုပဲ၊ ကောင်မကြည့်ရတာလည်း ကုန်းပေါ်တက်လာတဲ့ငါးပြေမလို ဆတ်ကော့လတ်ကော့နဲ့"

"ရွာကကောင်တွေကလည်း အချောင်ရမနည်းဘူးဆိုပြီး အညှီရှိရာ ယင်အုံသလို ရှုပ်းကိုထိုးနေတော့တာကလား၊ မိန်းမချင်းပေမယ့် သည်လိုကောင်မမျိုးကို ငါတော့ မရောပေါင်၊ ဒီကောင်မရဲ့ ငါးရစ်တက်ပုံမျိုးနဲ့သွားပေါင်းမိရင် ငါတို့တော့ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်တဲ့အဖြစ်ကို ရောက်သွားမယ်"

"ဒါထက် ... ပြီးခဲ့တဲ့လေးငါးခြောက်လကျော်လောက်တုန်းက ဆန်စက်ပိုင်ရှင်သား မောင်သိုက်နဲ့လိုလို၊ ပွဲထောင်သမား ဘိုင်ကြီးနဲ့လိုလို အသံတွေထွက်လာသေးတယ်မဟုတ်လား"





"သေချာတာပေါ့အေ ... သေချာသမှ မြေကြီးကိုလက်နဲ့ပုတ်ရင် လွဲ့,လွဲဦး၊ လုံးတင်မ ထ,တာရှုတာကတော့ ငါးစိမ်းသည် ရွာလည်ပြောသလိုမျိုး တစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်တဲ့အထိပဲ"

"ဟဲ့ ... သည်ကိစ္စမှာ လုံးတင်မရဲ့အမေ ဒေါ်ဂွက်ထော်ကြီးဝင်ပြီးနှောက်နေတာလည်းပါတယ်အေ့ ... လုံးတင်မသဘောသက်သက်ဆိုရင် ဆရာမပြုရင် ငါးပိတောင် ဘယ်လိုဖုတ်ရမယ်ဆိုတာ မသိနိုင်ဘူး၊ ခုတော့ ဒေါ်ဂွက်ထော်ကိုယ်တိုင်ကိုက သည်လမ်း,သည်ပန်း၊ သည်ခရီး သည်ထီး၊ သည်အရပ်,သည်ဖိနပ်ဆိုပြီး လမ်းညွှန်နေတာ"

"ဟုတ်မယ် ... ဟုတ်မယ်၊ ဆန်စက်ပိုင်ရှင်သား မောင်သိုက်နဲ့နှစ်ပါးသွားနေရာက ပွဲထောင်သမားဘိုင်ကြီးကို မျက်စပစ်တာမဟုတ်လား၊ မျက်စပစ်ဆို ဘိုင်ကြီးက ပွဲထောင်ဆွဲရုံသက်သက်တင်မဟုတ်ဘဲ ဆီမောင်နိုချတော့ ငွေစရှင်တယ်လေဟယ် ..."

"ဆန်စက်ပိုင်ရှင်သား မောင်သိုက်ကလည်း ခပ်လည်လည်ပဲ၊ အချောင်စားရဖို့အရေး ကျွေးသင့်သလောက်ပဲ ကျွေး၊ ပေးသင့်သလောက်ပဲပေးပြီး ဝက်မှိန်း,မှိန်းချင်နေတာ၊ အဲသည်မှာ မောင်သိုက်ထက် ဘိုင်ကြီးက ပို့ရှင်တော့ ဒေါ်ဂွက်ထော်က လုံးတင်မကို ငါးမျှားချိတ်တပ်ထားသလားဘာလား မစဉ်းစားတော့ဘူး၊ ငါးစာမြင်တာနဲ့ အပြေးဟပ်တဲ့ ငါးရံ့ခေါင်းတိုကြီးလိုပဲ၊ သည်တော့ ဒေါ်ဂွက်ထော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးအဖို့ သပိတ်ဝင်အိတ်ဝင်ရလေအောင် ငါးမျှားနဲ့တောင် မဟုတ်တော့ဘဲ မြှုံးနဲ့ထောင်၊ ပိုက်နဲ့ဖမ်းဆိုသလို တကယ့်ကို အပိုင်ချည်တော့တာပေါ့"

"သည်တော့ ... မောင်သိုက်က မသိတော့ဘူးတဲ့လား၊ သူလည်း ဖျံပါပဲ"

"မရိပ်မိဘဲနေပ့ါမလားအေ ... ရိပ်မိတော့ လုံးတင်မတို့အိမ် ဘိုင်ကြီးတက်နေတုန်း ချက်အရက်ခပ်ထွေထွေနဲ့ သွားယမ်းတော့တာပေါ့၊ တို့ဖြင့်အေ ... [illegible] သည်ပွဲကို ကြည့်လိုက်ရတာ အီရုံမက ဆိမ့်ကိုနေတော့တာပဲ"

အတင်းအဖျင်းစကားများကို ကရားရေလွှတ်ပြောဆိုရသည်မှာ နှစ်ဦးသားအဖို့ အာအလွန်တွေ့နေပုံရ၏။

"အေး ... ဆက်စမ်းပါဦးအေ၊ ဘယ်လိုတွေထပ်ဖြစ်ကြသလဲဆိုတာ"

"ဘယ်လိုတွေထပ်ဖြစ်ကြသလဲဆိုတော့ ဘိုင်ကြီးလည်း ဒေါ်ပွက်ထော်တို့သားအမိရဲ့ ခြေလှမ်းတွေကို သဘောပေါက်သွားတာပေါ့၊ လုံးတင်မဟာ ဘိုင်ကြီးဆိုတဲ့ ငွေစကြေးစရွှင်တဲ့ ငါးစိမ်းကိုမြင်လို့ မောင်သိုက်ဆိုတဲ့ငါးကင်ကို ပစ်သွားတဲ့သဘောကိုပေါ့"

"အံမယ် ... မောင်သိုက်ကကော ကောင်းလို့လား၊ မိန်းမကိစ္စဆို ဘာတစ်ခုမှ အလွတ်ပေးတာမဟုတ်ဘူး၊ သူ့စကားယုံတဲ့မိန်းကလေးတော့ ဒူးနဲ့မျက်ရည်သုတ်ပဲ၊ ဒါ့ကြောင့်လည်း ရှေးလူကြီးတွေက ငါးဘတ်ပုပ်နဲ့ငရုပ်စိမ်းစပ် အင်မတန်လည်း အပ်စပ်ဟိရဲ့လို့ ဆိုခဲ့တာကိုး"





"သည်တော့ ... လုံးတင်မအဖို့ မောင်သိုက်ကိုလည်း အစာမကြေ၊ ဘိုင်ကြီးကလည်း ခွာဆိုတော့ ဘုရားပွဲလည်း မမှီ၊ ဆွမ်းတော်ကြီးပွဲလည်း မမှီဆိုတာလို ဖြစ်သွားရတာပေါ့၊ အင်း ... ငွေစကြေးစရွှင်တဲ့ဘိုင်ကြီး ခွာပြဲသွားရတာဟာ လွတ်တဲ့ငါးကြီးတဲ့ကိန်းပဲဟဲ့၊ ကောင်မလည်း ငါးရံ့ပြာလူးဖြစ်နေမှာ အသေအချာပဲ"

"သေချာတာပေါ့အေ၊ ဘိုင်ကြီးလည်း အကြီးအကျယ်တရားကျပြီး ရွာအနောက်ဖျားက ဒေါ်သာအိသမီးလေး ပုစူးမကို မိသားဖသားပီပီ တောင်းရမ်းယူလိုက်တာ အင်မတန်မှကို အဆင်ပြေလို့"

"ဟယ် ... ပုစူးမက အပျိုမှမဟုတ်တာ၊ တစ်ခုလပ်ပဲမဟုတ်လား"

"တစ်ခုလပ်လပ်၊ မလွှပ်လပ် ဘိုင်ကြီးကတော့ ပုစူးမမှ ပုစူးမဖြစ်နေတယ်၊ အပေါင်းအသင်းတွေက အပျိုစစ်စစ်မရှာဘဲ တစ်ခုလပ်ကိုယူရမလားဆိုတော့ သူက စပါးမှာ စကုဗျတ်ဆိုတဲ့စပါးမှ အကောင်းဆုံး၊ မယားမှာ တစ်ခုလပ်ဆိုတဲ့မယားမှ အကောင်းဆုံးတဲ့၊ ကိုယ့်ဘက်က သိပ်ဦးမဆောင်ရတော့ဘူးတဲ့လေ"

"အင်း ... လုံးတင်မအဖြစ်ကတော့ 'ချောင်းကိုပစ်လို့ မြစ်ကိုရှာ၊ ရေသာများလို့ ငါးမတွေ့'ဆိုတဲ့ကိန်းပါပဲကလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်လည်း 'လမ်းဆုံးတော့ရွာတွေ့'ဆိုသလို ကုလားမှုတ္တူးကြီးဆီ ရောက်တော့တာပဲပေါ့၊ ဒေါ်ဂွက်ထော်ကြီးဟာ ကုလားမှုတ္တူးဆီမှာ အတိုးနဲ့ငွေချေးထားတာ မနည်းဘူး။ ဆပ်ရမယ့်အချိန်ရောက်တဲ့တိုင် တစ်ပြားတစ်ချပ်မှ မဆပ်နိုင်တော့ မှုတ္တူးကုလားက ငါးပွက်ရာ ငါးစာချတော့တာပဲ၊ သူနဲ့ လုံးတင်မကိုပေးစားရင် အကြွေးတွေချေပြီး၊ ခြံပိုင်းကလေးထဲမှာ အိမ်လည်းဆောက်ပေးမတဲ့၊ အဲသလို ပျားရည်နဲ့ဝမ်းလည်းချလိုက်ရော ဒေါ်ဂွက်ထော်လည်း 'အဖျားကျိုးမယ့်ဝါး အယ် ... ဟုတ်ပေါင်၊ သူ့သမီးလုံးတင်မကို ကုလားမှုတ္တူးလက် ထိုးအပ်လိုက်ပါရောလား။ လုံးတင်မကလည်း သည်အခြေအနေကျမှ ငြင်းဆန်လို့မရတော့ဘူးလေ၊ အနေအထားအစစ်အမှန်ကိုက သားရွှေအိုးထမ်းမလာဘဲ ပေှုတင်းဘဝရောက်နေပြီကိုး။ ကုလားမှုတ္တူးနဲ့ညားတာ သိပ်တောင်မကြာသေးဘူး၊ မဖုံးနိုင်၊မဖိနိုင်ဖြစ်နေရပြီ"

"ဟယ် ... ဒီတော့ ကုလားမှုတ္တူးက ငြိမ်ခံနေရောတဲ့လား"

"ဒါကတော့အေ ... ကုလားမှုတ္တူးလို အသားကမည်းမည်း၊ ရုပ်က သရဲကတောင် ပြန်ကြောက်လောက်အောင် တာတေလန်နေတော့ သူ့ကို ဘယ်မိန်းမမှ စိတ်ဝင်စားကြတာမဟုတ်ဘဲ၊ လုံးတင်မလို ဖြူဖြူဖွေးဖွေး၊ တောင့်တောင့်တင်းတင်းကြီးကိုရထားတော့ ခွင့်လွှတ်သင့်





တာ ခွင့်လွှတ်ရတာပေါ့၊ သဲတရုပ်ရုပ်ကိုမေ့ပြီး အဆီတဝင်းဝင်းကို ခံချင်တော့တာကိုး၊ ဒီတော့လည်း လုံးတင်မကို ပြဿနာတော့မရှာပါဘူး၊ တစ်ခုတော့ရှိတယ်၊ အဲဒါက အိမ်ထဲက အိမ်ပြင် သိပ်ပေးမထွက်တော့တာပဲ"

"ငါတော့လေ ... လုံးတင်မတစ်ယောက် ကလေးမွေးလာခဲ့ရင် ဗမာလေးပဲဖြစ်မလား၊ ကုလားလေးပဲဖြစ်မလား၊ ဖားတစ်ပိုင်း၊ငါးတစ်ပိုင်းကလေးပဲဖြစ်မလားဆိုပြီး တွေး၊ တွေးပြီး ရယ်ချင်နေတယ်အေ၊ အဟီးဟိ ..."

"ညည်းက အဲဒါပဲတွေးနေ၊ ငါကတော့ လုံးတင်မတစ်ယောက် ကုလားမှုတ္တူးနဲ့ညားသွားတော့ ဘယ်လိုတွေများ ဖြစ်မလဲလို့တွေးနေတာ၊ ကုလားမှုတ္တူးက ခပ်ထွားထွားမဟုတ် ..."

"ကောင်မနော် ... မဟုတ်မဟတ်တွေမပြောနဲ့၊ ဘာထွားတာလဲ"

"ကိုယ်လုံးကိုယ်ထည်ကိုပြောတာပါအေရဲ့၊ လုံးတင်မက ခပ်သေးသေး၊ ခပ်ညှက်ညှက်မဟုတ်လား၊ အရွယ်ချင်းမမျှလို့ပြောနေတာ"

"အို ... သူ့အိုးနဲ့သူ့ဆန်ပဲဟာ၊ အဆင်ပြေနေလို့ ဘာအသံဗလံတွေမှ မထွက်တာပေါ့အေ ... ညည်းနှယ်တော် ... အိုးကမပူ၊ စလောင်းက ပူရတယ်လို့၊ အပျိုလေးတန်မဲ့ ရက်စရာတွေမပြောစမ်းနဲ့၊ ညည်းမရက်ပေမယ့် ငါရက်တယ် မိဗျိုင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရက်စရာလဲ ... ကွယ်ရာမှာ ညည်း ဘာတွေဖြစ်နေတယ်ဆိုတာ ငါမသိဘူးမှတ်နေသလား"

"အောင်မာ ... ငါက ဘာတွေလုပ်နေလို့လဲ"

"တစ်မြန်နေ့ကလေ .. သမ္ဘန်ဆိပ်က လှကြီးမောင်နဲ့ သမ္ဘန်ပေါင်းမိုးထဲမှာ ဘာတွေလုပ်နေကြတာလဲ၊ တော်တော်နဲ့ကို ပြန်မထွက်ဘူး"

"ရိုးရိုးသားသား စကားပြောကြတာဝါအေ ... လှကြီးမောင်က ရိုးရိုးအအပါ၊ ပါးစပ်ထဲ လက်ထိုးထည့်တောင် ကိုက်ရမှန်းသိတာမဟုတ်ပါဘူး"

"တော်စမ်းပါအေ ... လက်သာမကိုက်ဘဲနေချင်နေလိမ့်မယ်၊ ဟိုဟာဒီဟာကျရင်တော့ ..."

"ရွှေစာနော် ... ရွှေစာ၊ ငါ့ကိုချည်း လက်ညှိုးလာမထိုးနဲ့၊ နင်ကမှ ငါ့ထက်ပိုဆိုးလိမ့်ဦးမယ်၊ ပြီးခဲ့တဲ့လမိုက်ညက နင့်ရည်းစားလုံးချောနဲ့ ကောက်ရိုးပုံမှာ သစ္စာနံ့နေတာများ မမြင်ချင်မှအဆုံး ..."

"တော် ... တော်တော့၊ ဆက်မပြောနဲ့တော့၊ ငါစိတ်ပေါက်လာပြီး နပန်းလုံးလိုက်ရ၊ ထုလိုက်ရ"

"အယ် ... အယ် ... မလုပ်လိုက်ပါနဲ့ ရွှေစာရယ်၊ လူမြင်မကောင်း၊ သူမြင်မကောင်း၊ မုံလုံတစ်လုည့် ငါးပျံတစ်လုည့်ဖြစ်ပြီး 'ငါးဖယ်လို အတေမခံပါရစေနဲ့'ဟယ်၊ သည်ကနေ့ကစပြီး ညည်းအကြောင်းလည်း မဝေဖန်ဘူး၊ ငါ့အကြောင်းလည်း ညည်းမဝေဖန်နဲ့ ဟုတ်ပလား ..."





"ဒီလိုမှပေါ့အေ၊ ကိုင်း ... စကားကောင်းနေလိုက်ကြတာ နေတောင်စောင်းရော့မယ်၊ ပြန်ကြဦးစို့ ... နောက်ရက်ရောက်ရင် ပြောစရာစကားတွေရအောင် သတင်းတွေစုလိုက်ကြဦးစို့အေ ..."

သည့်နောက်မှာတော့ ... သူ့ရေအိုးကိုယ်ပင့်၊ ကိုယ့်ရေအိုးသူပင့်ရင်း ရွှေစာနှင့်မိချိုင်းတို့ ရွာလမ်းရှိရာ လျှောက်သွားကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

'ဦးဝင်းမောင်+ဒေါ်မြင့်မြင့်ရီ

ငါး၊ ပုစွန်၊ ဂဏန်းနှင့် ရေထွက်ပစ္စည်းရောင်းဝယ်ရေးဒိုင်'

ဆိုသည့် ဆိုင်းဘုတ်ကြီးတင်ထားသည့် ငါးဒိုင်အဆောက်အအုံအတွင်းမှာတော့ ကျားကိုးစီးစားမကုန်နိုင်သော ခန္ဓာကိုယ်ဝတုတ်ပြဲကြီးပိုင်ရှင် ဦးဝင်းမောင်သည် မျက်မှန်ထူထူကြီးကို မ,ပင့်ကာ တဂျောက်ဂျောက်နှင့် ပေသီးခေါက်လျက်ရှိ၏။ ဒေါ်မြင့်မြင့်ရီက ငါးဒိုင်အလုပ်သမားများကို လက်ညှိုးထိုးကာ အကွက်ကျကျစီမံခန့်ခွဲလျက်ရှိချေ၏။

"ဟဲ့ ... ဝလုံး၊ ငါးရှဉ့်ပုံးထဲက ရေဖျော်ထားတဲ့သကြားရေတွေထည့်လေ"

"ရှိးရှိးရေဖထည့်ဘူးလား ... ဒေါ်လေး"





"ရှိးရှိးရေထည့်လို့က နင့်အဘငါးရှဉ့်တွေက အလေးချိန်တိုးမလားဟဲ့ ... ရေတွေချိုမှ ငါးရှဉ့်တွေက ရေကိုစုတ်မှာပေါ့။ ဒါမှ အလေးချိန်တိုးမှာ"

"ဩော် ... ဒီလိုကိုး"

သည်လိုမျိုး နည်းနာနိဿယတွေကြောင့်လည်း ဦးဝင်းမောင်ဒေါ်မြင့်မြင့်ရီတို့၏စီးပွားရေးက တစ်နေ့တခြား ဒီရေအလားကဲ့သို့တိုးပွားခြင်းဖြစ်ပေလိမ့်။

"ဟဲ့ ... မိုးကျော်၊ ငေးတိငိုင်တိုင်နဲ့ ဘာလုပ်နေတာလဲ၊ ငါးစိမ်းသည်မတွေ မျှော်မနေနဲ့၊ လွှတ်နေတဲ့ငါးစည်တွေကို သူ့အထပ်နဲ့သူထပ်လေ ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ဒေါ်လေး၊ ကျွန်တော် ညကနည်းနည်းမူးသွားလို့ပါ"

"နင်တို့နော် ... နင်တို့၊ အရွယ်ကောင်းလေးတွေဖြစ်ပြီး အလုပ်ကိုကြိုးစားလုပ်မယ်၊ စုစုဆောင်းဆောင်းလုပ်မယ်မဟုတ်ဘူး၊ သောက်သောက်စားစား လူမင်းသားတွေ ကျပ်ကျပ်လုပ်၊ အရက်သမားတွေဖြစ်ပြီး ဘဝပျက်သွားမယ်"

အလုပ်ရှင်နှင့်အလုပ်သမားဖြစ်သော်ငြား ဒေါ်မြင့်မြင့်ရီကမိသားစုအသွင် ပြောဆိုဆုံးမသည်။

"ဒါထက် ... ကျွန်မတို့သားလေး မောင်ပိန်ရဲ့အခြေအနေက ဘယ်လိုတဲ့လဲ ... ကိုဝင်းမောင်"

မိခင်ဆိုတော့လည်း သားဇောက ရတက်မအေးစေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်မိပေါက်တစ်ယောက်ထွန်းဆိုသလို မျိုးရိုးမရှိပါဘဲလျက် သည်သားလေးကျကာမှ ယဉ်ယဉ်ကလေးစိတ်နောက်နေသည်မို့ ကိုယ်ချမ်းသာသော်လည်း စိတ်ကတော့ ဆင်းရဲရသည်။

''နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်ကြီးတွေကိုယ်တိုင် ကြပ်မတ်ကုသပေးနေတာပဲကွာ . . . အခြေအနေတိုးတက်လာပါတယ်တဲ့၊ လာမယ့်အပတ်ထဲ ရန်ကုန်ကိုသွားမယ်ကွာ၊ ဆရာလေးကိုကြည့်သာကလည်း ဆေးရုံကိုလိုက်ခဲ့မယ်တဲ့''

''မြန်မြန်ရောဂါပျောက်ပါစေရှင် . . . ရောဂါပျောက်ရင် သားလေးနှစ်သက်တဲ့သူနဲ့ အိမ်ထောင်ချပေးရမယ်''

''အေး . . . ဟုတ်တယ်၊ ငါလည်း အဲဒါစဉ်းစားနေတာပဲ၊ မိန်းကလေးတချို့က တစ်ခါတလေ သွေးသားမမှန်ရင် စိတ်ဖောက်ပြန်တတ်တယ်တဲ့၊ အဲဒီလိုအခါမျိုးမှာ လင်ပေးစားလိုက်ရင် ဘယ်လိုဓာတ်တွေ ပေါင်းစပ်သွားကြသလဲမပြောတတ်ဘူး၊ ရောဂါအမြစ်ပြတ်ပြီး ပကတိလူကောင်းသူကောင်းတွေ ဖြစ်သွားကြသတဲ့၊ တို့သားလေးဟာ မ,ဓာတ်လိုနေပုံရတယ်။

သည်တော့ . . . ဆေးရုံကဆင်းလာရင် သူတစ်ဖက်သတ်စွဲလမ်းနေတဲ့ မထွေးရီကလေးနဲ့ပေးစားရအောင်ကွာ၊ ထွေးရီအမေ ဒေါ်ငွေးတုတ်ကို နားဖောက်ကြတာပေါ့''

''ကောင်းသလိုသာကြည့်ပြီး စီစဉ်ပါရှင် . . . အရေးကြီးတာက ကျွန်မသားလေး မောင်ညွှန့်လွင် နေကောင်းကျန်းမာဖို့ပါပဲ''





မိခင်ဒေါ်မြင့်မြင့်ရီအဖို့ သားဖြစ်သူမောင်ညွှန့်လွင်တစ်ဖြစ်လဲ မောင်ပိန်တစ်ယောက် အမြန်ဆုံး ကျန်းမာရွှင်လန်းစေကြောင်းကိုသာ စိတ်စောနေမိပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

## မောင်ပီနှံပဲပြုတ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကျန်းမာရေးဆေးရုံသို့ ဦးဝင်းမောင်နှင့် ဆရာလေးကိုကြည်သာတို့ ရောက်ရှိသွားခဲ့ကြပါပြီ။

နှစ်ဦးသား တာဝန်ရှိဆရာဝန်ကြီးနှင့် ဝင်တွေ့ကြသည်။

"ထိုင်ပါခင်ဗျာ ... ထိုင်ပါ၊ လူနာမောင်ညွန့်လွင်ခေါ် မောင်ပိန်ရဲ့လူနာရှင်တွေမှတ်တယ်"

"ဟုတ်ပါတယ်ခင်ဗျာ ... ကျွန်တော်က မောင်ပိန်ရဲ့ဖခင်ပါ၊ ဟောဒါက ကျွန်တော်တို့ရွှေသရက်ကျေးရွာက ကျောင်းဆရာလေးကိုကြည်သာပါခင်ဗျာ"

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်"

"ဒါထက် .. သားလေးမောင်ပိန်ရဲ့အခြေအနေ ဘယ်လိုများရှိပါသလဲ ဆရာကြီး"





"ဝမ်းသာစရာပဲဗျို့ ... ကျန်းမာရေးဟာ မထင်မှတ်လောက်အောင်ပဲ တစ်စထက်တစ်စ ကောင်းမွန်လာတယ်၊ တော်ကြာ ဆရာတို့ သူ့ရဲ့ပကတိအခြေအနေကို တွေ့မြင်ရတော့မှာပါ၊ အားလုံးရဲ့မျက်မှောက်မှာတင် သူ့ကျန်းမာရေးကို စစ်ဆေးမှာ၊ အတော်ကလေး အိုကေပြီဆိုရင် ဆရာတို့ မောင်ပိန်ကို ပြန်ခေါ်သွားခွင့်ပြုမှာပါ။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ ပြန်လည်ထိတွေ့သွားရင် သူ့အတွက် အကောင်းဆုံးလုပ်ကွက်ဏာလို့ ဆိုရမှာပေါ့"

"ဟုတ်ကဲ့ ... ဆရာကြီး"

"အင်း ... ဆရာတို့လာပို့တုန်းကတော့ အတော်ကလေး ထိန်းရခက်သဗျို့ ... သူ့ဟာက ယောက်ျားတွေနဲ့ဆို ပကတိလူကောင်းနဲ့ လုံးဝမခြားပါဘူး၊ မိန်းကလေးနဲ့တွေ့ရင်တော့ မလွယ်ဘူးဗျို့ ... တွေ့လိုက်တာနဲ့ အတင်းကာရော ထဘီတွေလိုက်ဆွဲတော့တာပဲ၊ အဲဒါကြောင့် .. သူ့ကို ဆေးတိုက်ဖို့အတွက်တောင် အမျိုးသားနာ့စ်တွေကိုပဲ တာဝန်ပေးထားရတာ"

မောင်ပိန်တွင် စွဲကပ်နေသောရောဂါက ဤကဲ့သို့သော စိတ်ကျန်းမာရေးဆေးရုံ၌ဆိုလျှင် အကြောင်းမဟုတ်။ စိတ်ကြောင့်ဖြစ်ပေါ်ခံစားနေရသော ဝေဒနာရှင်အဖြစ် အားလုံးက နားလည်ခွင့်လွှတ်ကြသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



အပြင်လောကမှာဆိုလျှင်ဖြင့် ကာယကံရှင်မိန်းကလေး အနေဖြင့်သော်လည်းကောင်း၊ မိန်းကလေးနှင့်ပတ်သက်သော မိဘဆွေမျိုး ညီအစ်ကိုမောင်နှမ၊ ဝန်းကျင်အသိုင်းအဝိုင်းတို့က ဘယ်လိုမှ ခွင့်လွှတ်ကြလိမ့်မည်မဟုတ်။

"ကျွန်တော့်သားလေးဟာ စိတ်ဆိုးစိတ်ယုတ်မာမရှိဘူးဆိုတာ ဖခင်တစ်ယောက်အနေနဲ့ ရဲရဲကြီးအာမခံဝံ့ပါတယ်ဆရာ၊ သူ့မှာ ထဘီမှန်သမျှ အကျီချုပ်ဝတ်ချင်တဲ့ ရောဂါပဲ ရှိပါတယ်၊ ဒါပေမယ့် ဆရာကြီးရယ် . . . အဲဒီလုပ်ရပ်အတွက် ဘယ်ပတ်ဝန်းကျင်က သည်းခံခွင့်လွှတ်မှာတဲ့လဲ၊ ကျွန်တော်တို့ရွာမှာလည်း သူ အဲဒီလိုလုပ်တတ်လွန်းလို့ အရှက်ရပေါင်းလည်း မနည်းတော့သလို အကျယ်အကျယ် မငြိမ်းဖွယ်တွေ မဖြစ်ရအောင်လည်း တောင်းပန်ထန်တောင်းပန်၊ တိုးလျှိုးတန်တိုးလျှို၊ လျော်တန်လျော်နဲ့ အင်မတန်စိတ်ဆင်းရဲရပါတယ်။

ခုလိုမျိုး ဆရာကြီးတို့က ခေတ်မီဆေးဝါးတွေ၊ ကုထုံးသစ်တွေနဲ့ ကြပ်မတ်ကုသပေးနေတာ အင်မတန်မှကျေးဇူးတင်စရာပါ၊ သားလေး ကျန်းမာရေးကောင်းဖို့ဆိုရင် ကျွန်တော်တို့ ကုန်းကောက်စရာမရှိအောင် မွဲချင်မွဲသွားပါစေဆရာ၊ ကျွန်တော်တို့ မဖြစ်,ဖြစ်တဲ့နည်းနဲ့ ကုပေးပါ့မယ်"

"ကောင်းတာပေါ့ဗျာ . . . စိတ်ဝေဒနာရှင်တစ်ယောက်ဆိုတာ ရောဂါကိုက စိတ်မှာအခြေခံလေတော့ စိတ်ချမ်းသာမှုရှိဖို့ အင်မတန်မှအရေးကြီးပါတယ်၊ ခုလိုမျိုး မိဘမေတ္တာတွေရရှိမယ်ဆိုတော့ သိပ်ကိုကောင်းပါတယ်။





အဲ . . . အခု မောင်ပိန်ရဲ့အသက်က မငယ်တော့ဘူး၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရမယ့်အရွယ် ရောက်လာပြီ၊ ဒီတော့ ကျွန်တော်ဖြစ်စေချင်တာက သူ့မှာ ရည်းစားသနာရှိခဲ့ရင် သူ့စိတ်တိုင်းကျ ပေးစားလိုက်ပါ၊ အင်မတန်မှ သူ့အတွက် ထိရောက်ပါတယ်"

"စိတ်ချပါ . . . ဆရာ၊ သူ အခု ကျန်းမာရေးကောင်းသွားလို့ ရွာကိုပြန်ခေါ်သွားလို့ရခဲ့ရင် သူနှစ်သက်နေတဲ့ မိန်းကလေးနဲ့ပေးစားဖို့ရာ ကျွန်တော်တို့ စီမံထားခဲ့ကြပါတယ်"

"ကောင်းတယ်၊ ကောင်းတယ်၊ ကဲ . . . သူ့ရဲ့ကျန်းမာရေးအခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ဆရာတို့ရှေ့မှာတင်ပဲ စမ်းသပ်လိုက်ကြရအောင်"

သည်သို့ဆိုပြီးသည့်နောက် ဆရာဝန်ကြီးလည်း လူနာမောင်ပိန်အား ဤအခန်းတွင်းသို့ခေါ်လာခဲ့ရန် ဝန်ထမ်းတစ်ဦးအား ခေါ်နိုင်းလိုက်သည်။

သိပ်မကြာလိုက်။

သွားခေါ်နိုင်းသော ဆေးရုံဝန်ထမ်းနှင့်အတူ မောင်ပိန်ပါလာခဲ့သည်။ ပုံပန်းသဏ္ဍာန်က နာမည်နဲ့လိုက်ဖက်အောင် ပိန်ပိန်လိုလိုဖြစ်လင့်ကစား မျက်နှာအသွင်အပြင်က လန်းလန်းရွှင်ရွှင်, ကြည်ကြည်လင်လင်ဆိုတော့ ဖခင်ဦးဝင်းမောင်အဖို့ စိတ်ချမ်းမြေ့ရသည်။ သည်ကတည်းက သားဖြစ်သူ၏ကျန်းမာရေးကို တိုးတက်, မတက် ခန့်မှန်း၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ...အဖေနဲ့ ဆရာလေးတို့ပါလား"

"ဟုတ်တယ် ...သားရဲ့ မင်းအမေတောင် လိုက်လာမလို့ဟာ၊ ဟိုမှာက ဝလုံးတို့ မိုးကျော်တို့နဲ့ လွှဲထားလို့မရဘူးမဟုတ်လား။ ဒါကြောင့် နေရစ်ခဲ့ရတာ"

"အိမ်သားတွေအားလုံး နေထိုင်ကောင်းကြတယ်နော်"

"ကောင်းပါတယ် ...သားရဲ့ သားကော ဘယ့်နှယ်လဲ၊ နေထိုင်ကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ် ...အဖေရယ်၊ သားကို ဆရာဝန်ကြီးတွေက တကယ့်ကို ဂရုစိုက်ကြပါတယ်၊ အစာလည်း မှန်မှန်ကျွေးတယ်၊ ဆေးလည်း မှန်မှန်တိုက်ကြပါတယ်"

အခြေအနေတွေက ဲ ဖြူးနေဖြောင့်နေသည်။

လှူနာမောင်ပိန်အပေါ် ဆရာဝန်ကြီးကလည်း ကျေနပ်အားရခြင်းဖြစ်လျက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးနေသည်။ သည်ပုံအတိုင်းဆိုလျှင်ဖြင့် ...မောင်ပိန်အဖို့ ဆေးရုံဆင်းခွင့်ရမှာ သေချာသလောက်ရှိပေပြီ။ သည့်အတွက် စိတ်ပိုင်းဆိုင်ရာစစ်ဆေးမှုများပြုလုပ်ရန် စကားစလိုက်တော့သည်။

"မင်းကို ဆရာကြီးမေးမယ်၊ စိတ်ထဲရှိတဲ့အတိုင်းဖြေနော်"

"ဟုတ်ကဲ့ပါ ...ဆရာကြီး"

"ဒီမှာနေရတာ ပျော်သလား"

"ဟာ ...ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်အိမ်ကိုယ့်ယာ၊ ကိုယ့်မိသားစုတွေနဲ့ နေရတာမှမဟုတ်ဘဲ၊ စိတ်မနှံ့တဲ့သူ





တွေကြားမှာနေရတာဆိုတော့ ဘယ်ပျော်မှာတဲ့လဲ ဆရာကြီးရယ်၊ ကျွန်တော်က လူကောင်းမဟုတ်လား"

ဆရာဝန်ကြီးနှင့် ဦးဝင်းမောင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ အခြေအနေတွေ များစွာတိုးတက်ကောင်းမွန်နေပြီဆိုသည့်သဘော။

"ဒီမှာ ဘာတွေများစိတ်ပျက်စရာရှိလို့လဲ မောင်ပိန်ရာ"

"စိတ်မပျက်ဘဲနေမှာလား ဆရာကြီးရယ်၊ ကျွန်တော်တို့အဆောင်ထဲမှာရှိနေကြတဲ့သူတွေ အတော်များများဟာ ကျွန်တော်ကလွဲလို့ ရူးနေကြတဲ့သူတွေချည်းပဲ။

ရပ်စောက်ကရောက်လာတဲ့ ဦးစိန်လင်းဆိုတဲ့အဘိုးကြီးဆိုရင် သူ့ကိုယ်သူ အကယ်ဒမီဦးကျော်လုံးတဲ့အလကား အကယ်ဒမီဦးကျော်လုံးကို ကျွန်တော် မမြင်ဘူးဘဲနေပါ့မလား။ မျက်နှာကော၊ အရပ်အမောင်းကော၊ အသံပါ တစ်ခြားစီ။

ရွှေပန်းတောကရောက်လာတဲ့ ကိုညွန့်တင်ဆိုရင်လည်း အချိန်အားရှိတိုင်း ငိုဟယ်,ရယ်ဟယ်နဲ့ 'မတင်နွဲ့ကြီးရေ၊ မတင်နွဲ့ကြီးရဲ့'ဆိုပြီး သူနဲ့ဖူးစာမဖက်လိုက်ရတဲ့မိန်းမကို တ,တပြီး စုံနှံ့သာမြိုင်ဦးကြော့ရဲ့ လင်ပျောက်ရှာကဗျာကြီးကို ရွတ်ရွတ်နေတာ အင်မတန်နားခါးလှတယ်။

အဲ ...ဆကာကြီးဆိုတဲ့ရွာကရောက်လာတဲ့ ကျွဲသိုးဆိုတဲ့လူကလည်း 'ဟော့ ...ငါဟာ လူမိုက်ကွ၊ မိုက်တာမှ ဘယ်သူနဲ့မှမတူတဲ့ နှလုံးလှလူမိုက်ကွ'ဆိုပြီး ကျွမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ထ,ထထိုးနေလိုက်တာ မျက်စိကိုနောက်ကရော ဆရာကြီးရယ်။

ပြီးတော့ သာစည်ကရောက်လာတဲ့ ရာဇာကြည်သိန်းဆိုရင် သူ့ကိုယ်သူ မင်းသားကျော်ဆွေတဲ့၊ တစ်ခန်းလုံးကို ဝုန်းဒိုင်းကြဲနေတော့တာပဲ၊ အခန်းမှာ လှည်းကျင်းဖို့ထားတဲ့ ထံမြက်စည်းကိုယူပြီး မြင်းလိုခွစီးရင်း ပြောင်းဖူးရိုးကိုကိုင်လို့ တစ်ခန်းလုံးကို တဒိုင်းဒိုင်းပစ်တော့တာပဲ၊ စဉ်းစားသာကြည့်ပါတော့ ဆရာကြီးရယ် . . . ဒီလိုလူစားတွေကြားထဲမှာ ကျွန်တော့်လိုလူကောင်းသူကောင်းတစ်ယောက်အဖို့ စိတ်မပျက်ဘဲနေနိုင်မှာတဲ့လား''

ဟုတ်ပါပေရဲ့ . . . မှန်ပါပေရဲ့ . . .

အပြောကလည်း ချောပြီးညက်နေသည်။ အထစ်အငေါ့မရှိ။ အမှားအယွင်းမရှိ။ တကယ့်ကို လူကောင်းပကတိနှင့်မခြား။ သည်တော့ . . . ဖခင်ဦးဝင်းမောင်နှင့် ဆရာလေးကိုကြည်သာအဖို့ မောင်ပိန်နှင့်ပတ်သက်၍ စိတ်ချမ်းသာသွားရသည်။

ဒါဆိုလျှင်ဖြင့် ဆရာဝန်ကြီးအဖို့ မောင်ပိန်အား ဇာတိရပ်ရွာ ရွှေသရက်သို့ ပြန်ခွင့်ပြုမှာ သေချာသလောက်ရှိပေပြီ။

သို့သော် ဆရာဝန်ကြီးအဖို့ အနည်းငယ်ထပ်မံမေးလိုတာ ရှိပါသေး၏။

''အေးကွာ . . . မင်းရဲ့အခြေအနေ ခုလိုမျိုးပုံမှန်ပြန်ဖြစ်လာတဲ့အတွက် အများကြီးပဲ ဝမ်းသာပါသကွယ် . . . မောင်ပိန်ပြန်ချင်တဲ့ ကိုယ့်ဇာတိရွာ၊ ပြီးတော့ မောင်ပိန်





နေချင်တဲ့ မိသားစုတွေ၊ ဆွေမျိုးသားချင်းတွေဆီကို ပြန်ခွင့်ရတော့မှာဗျ၊ ပြန်ရောက်တဲ့အခါလည်း ဆေးရုံက ပေးလိုက်မယ့်ဆေးတွေကိုလည်း မပျက်မကွက်သောက်ဖို့ တော့ လိုလိမ့်မယ်နော်''

''ဟာ . . . စိတ်ချ၊ မပျက်မကွက်ကိုသောက်ပါ့မယ် ဆရာကြီးရယ်''

''ဒါထက် . . . မောင်ပိန့်မှာ ချစ်ရမယ့်သူတွေဘာတွေ မရှိဘူးလား''

ဆရာဝန်ကြီးထံမှ မမျှော်လင့်သောမေးခွန်း။

သည်မေးခွန်းကိုမေးရာ၌ အကြောင်းရှိသည်။ ဘာကြောင့်ဆို သည်လိုမျိုး စိတ်ကျန်းမာရေးဆေးရုံသို့ မောင်ပိန်ရောက်ရှိလာခြင်းကိုစွက မိန်းမသားတွေနှင့် တိုက်ရိုက်ပတ်သက်နေသည်မဟုတ်လား။ မောင်ပိန်သည် မိန်းကလေးတွေမြင်တိုင်း ထဘီကို အလိုရှိနေသူ။

''အဟီး . . . ကျွန်တော်ကြိုက်နေတဲ့ ရွာကထွေးရီဆိုတာတော့ ရှိတယ်၊ ကျွန်တော်ကသာ ကြိုက်နေတာ၊ ထွေးရီကတော့ အင်းမလှုပ်,အဲမလှုပ်နဲ့၊ အတော့်ကို မူလကျီသွန်နီလုပ်နေတယ် ဆရာကြီးရဲ့ . . . အိမ်ကမိဘတွေ တောင်းရမ်းပေးရင် သိပ်ကောင်းမှာပဲ ဆရာကြီးရယ် . . . အဟဲဟဲ . . .''

ဆရာဝန်ကြီး ပြုံးချေပြီ။ ဆရာဝန်ကြီးနည်းတူ ဖခင်ဦးဝင်းမောင်နှင့် ဆရာလေးကိုကြည်သာတို့လည်း ပြုံးစေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပိုင်းဆိုင်ရာကုထုံး၌ ဖို–မသဘာဝကိစ္စကလည်း အရေးပါသည်မို့ ဆရာဝန်ကြီးအဖို့ သူ့လူနာမောင်ပိန်အပေါ်၌ သဘောအကျကြီး ကျကာ ခေါင်းတဆတ်ဆတ်ညိတ်နေလေ၏။

"ကိုင်း ... ကြားတယ်မဟုတ်လား ဦးဝင်းမောင်၊ သားတော်မောင်ကတော့ ... မိဘတွေထမ်းဆောင်ရမယ့် ဝတ္တရားကို တောင်းဆိုနေပြီ၊ ဘယ်လိုလဲ၊ မောင်ပိန့်ကို သူကြိုက်တဲ့မိန်းကလေးနဲ့ ပေးစားမှာလား"

"ဟာ ... ပေးစားမှာပေါ့ ဆရာလေးရယ်၊ ကလေးမလေးရဲ့မိခင်နဲ့ ကျွန်တော်တို့ဆိုတာ ရပ်ဆွေရပ်မျိုးလိုနေတာပါ၊ လူကြီးသူမစုံရာနဲ့သွားတောင်းပြီး တင့်တောင်းတင့်တယ် ထိမ်းမြားလက်ထပ်ပေးမယ်ဆိုရင် သဘောတူကြမှာပါ"

"ကိုင်း ... မောင်ပိန်၊ ကြားတယ်မဟုတ်လား၊ မင်းကတော့ ကုသိုလ်ကံထူးတဲ့သူပဲကွာ၊ တကယ့်ကို ရေကန်အသင့် ကြာအသင့်"

"အဟီးဟီး ..."

"ဒါဆို ... ဆရာကြီးနည်းနည်းမေးဦးမယ်ကွာ၊ ဒီအခန်းထဲမှာ တို့အမျိုးသားတွေချည်းပဲရှိကြတာ၊ ဘယ်သူ့ ဘယ်သူမှ ရှက်ကြောက်နေစရာမလိုဘူး၊ စိတ်ထဲရှိတဲ့ အတိုင်းသာဖြေ၊ ဟုတ်ပလား ..."

"ဟုတ်ကဲ့ ... ဆရာကြီး"





"မင်း ရှာပြန်ရောက်တဲ့အခါ မင်းမိဘတွေက မင်းကြိုက်တဲ့ထွေးရီဆိုတဲ့ ကလေးမလေးနဲ့ ပေးစားလိုက်ပြီဆိုပါတော့၊ မင်္ဂလာဆောင်တဲ့ညမှာ ပူပူနွေးနွေးလင်မယားဘဝရောက်ကြတော့မယ့် မင်းတို့သတို့သားသတို့သမီးနှစ်ယောက်ကို ကိုယ်ပိုင်အခန်းထဲ ပို့လိုက်ပြီဆိုပါတော့၊ ကိုင်း မင်းဘာလုပ်မလဲ၊ ရဲရဲသာဖြေ"

"ဟာ ... ဆရာကြီးရယ်၊ ကိုယ်ကြိုက်တဲ့သူနဲ့လည်း ဖူးစာဆုံရ၊ မင်္ဂလာဦးလည်း မင်္ဂလာဦးညဆိုတော့ အိပ်ရာခုတင်ပေါ်ရောက်တာနဲ့ ထွေးရီရဲ့ကိုယ်လုံးကလေးကို သိမ်းကျုံးပြီးတော့ ပွေ့မယ်၊ ဖက်မယ်လေ"

-ညီး အဟုတ်အသား။ လူပျို၊ အပျို ဆိတ်ကွယ်ရာမှာ နှစ်ကိုယ်တွေကြပြီ။ မိဘ၊ ဆွေမျိုး ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း လင်မယားအဖြစ် အသိအမှတ်ပြုလိုက်ပြီဆိုတော့ 'ဃရာဝါသသမ္ဘာရ' ဆိုသလို လူသည် လူ့အကျင့်ပဲကျင့်ကြရမည်မဟုတ်ပါလား။

သို့ဆိုလျှင် မောင်ပိန်သည် ပုံမှန်နေ့်မယ်အဆင့်သို့ ချဉ်းနင်းနေပါပြီကော။

"နောက်တော့ကောကွာ ... မရှက်နဲ့၊ မရှက်နဲ့၊ ကိုယ့်ယောကျ်ားအချင်းချင်းတွေပဲဟာ"

"မရှက်ပါဘူး ဆရာကြီးရာ၊ ဒါမျိုးဆိုတာ သိမ်မွေ့နူးညံ့ရတယ်လေ၊ တစ်ဆင့်ချင်းတက်ရမှာပေါ့ဆရာကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါပြီကွာ ...ဟုတ်ပါပြီ၊ ဆက်ပြော ... ဆက်ပြော''

''ဟုတ်ကဲ့ခင်ဗျ။ ပွဲဖက်ပြီးတာနဲ့ ထွေးရီနဖူးပေါ်ကျလာမယ့် ဆံစလေးတွေကို အသာကလေး သပ်တင်ပေးမယ်၊ ပန်းနုရောင်သမ်းနေတဲ့ မို့မို့ဖောင်းဖောင်းပါးကလေးကို တရှုပ်ရှုပ်နဲ့နမ်းမယ်၊ ပခုံးလေးကိုဖက်ထားရင်က ကျောပြင်ကလေးကို ပွတ်သပ်ပေးမယ်''

မောင်ပိန်ကား ...အရှိန်ရနေလေပြီ။

သူအရှိန်ရနေသလောက် နားထောင်ရသူအပေါင်းမှာတော့ မရိုးမရွဖြစ်လာရသည်။

''ဆက်ပြော ... မောင်ပိန်၊ ဆက်ပြော၊ ဆက်ပြော''

''အဟဲဟဲ ... မင်္ဂလာဦးညဆိုတော့ 'လက်ရုံးကြီးမို့ တန်ခိုးပြောင် ကိုပိန်မောင်မှာ စွမ်းသတ္တိပြ'ဆိုသလို ကျွန်တော့်ဆန္ဒပြီးမြောက်အောင် လုပ်ရမှာပေါ့ ဆရာကြီးရဲ့''

''မိန်းကလေးက ငြင်းဆန်ရင်ကောကွာ ...''

''ဟာ ... သူသဘောတူလို့ မင်္ဂလာတောင်ဆောင်ခဲ့ပြီးပြီပဲ၊ ကျွန်တော် လုံးဝလက်မခံဘူး ဆရာကြီး''

''ဟုတ်ပါပြီကွာ ... ကိစ္စပြတ်တော့မှာပါ၊ ဆက်သာပြော ...''

''ဟုတ်ကဲ့၊ အဓိကကတော့ သူ့ခါးမှာရှိနေတဲ့ထဘီပဲခင်ဗျ။ အဲသည်ထဘီဟာ ဒီညမှာ ကျွန်တော့်အတွက် သိပ်ကိုအရေးပါတဲ့ကိစ္စပဲ၊ ဒီတော့ သူ့ထဘီကို မရအရ ကျွန်တော်ဆွဲချွတ်မယ်''





မောင်ပိန့်စကားကြောင့် အားလုံးဖိန်းတိန်းရှိန်းတိန်းဖြစ်လာကြသည်။ ရင်တွေ တဒိန်းဒိန်းခုန်လာကြသည်။

''ထဘီကျွတ်သွားပြီဆိုပါတော့ကွာ ... အဲသည်တော့ မင်းဘာဆက်လုပ်မလဲ''

မေးခွန်းက အထွတ်အထိပ်။

ထိုအထွတ်အထိပ်မေးခွန်းကို မောင်ပိန့်ခမျာ သွက်လက်စွာ ဖြေဆိုလိုက်သည့်နောက်ပိုင်း ဦးဝင်းမောင်နှင့် ဆရာလေးကိုကြည်သာတို့လည်း မောင်ပိန့်အား ဆေးရုံတွင်ပင် ပြန်လည်အပ်နှံခဲ့ကာ ရွှေသရက်ရွာသို့ တပ်ခေါက်ပြန်လှည့်ခဲ့ရပါလေသတည်း။

ဆေးရုံဆင်းခွင့်ရတော့မည့်ဆဲဆဲ မောင်ပိန့်အဖြေစကားကြောင့် အားလုံး ပါးစပ်အဟောင်းသားဖြစ်သွားရချေ၏။ သို့ဆိုလျှင် မောင်ပိန် ဘာများပြောလိုက်လေသနည်း။

''အဟဲ ... ဆရာကြီးရယ် ... ကျွန်တော့်လက်ထဲ ထွေးရီရဲ့ထဘီရောက်လာမှတော့ အဲသည်ထဘီကို အင်္ကျီချုပ်ဝတ်မှာပေါ့ ဆရာကြီးရဲ့၊ ထွေးရီဆီက ကျွန်တော် လိုချင်တာ ဒါပဲ''တဲ့။

ကိုင်း ... ကောင်းကြပါသေးရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# [၉]

# ပြန်လှည့်လာသောမြှား

www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်းဆိုသလို သည်နယ်မြို့ကလေး၏ လက်ဖက်ရည်ဆိုင်ဝယ် ကံကြီးမောင်တစ်ယောက် ပုံမှန်ဆိုသလို ရောက်ရှိနေနှင့်စမြဲ။

သူ့အလုပ်က နံနက်, နေ့, ည လက်ဖက်ရည်ဆိုင်ထိုင်မည်။ အလုပ်မရှိ,အကိုင်မရှိ။ အပေါင်းအသင်းရောင်းရင်းတွေနှင့် လတ်လျားလတ်လျား။ ကိုးကျင်း,ကိုးကျင်းလျှောက်သွားမည်။ ဖဲဝိုင်းတွေ့လျှင် ထိုင်မည်။ ဘော်းထိုင် ဘိုင်ပွတ်မည်။ ထန်းရည်၊ အရက်တကာခံသူရှိလျှင် နာမည်ကလေးပျက်ရုံမျှ တစ်ခွက်တစ်ဖလားမကချမည်။ သည်လိုမျိုး တကာလည်းမရှိ၊ ရှာရိုးကိုးပေါက်လျှောက်ဖို့ရာ အခြေအနေအချိန်အခါကလည်း မပေးဆိုလျှင်ဖြင့် ထိုင်နေကျလမ်းထိပ်လက်ဖက်ရည်ဆိုင်မှာပဲ ဖွားဘက်တော်ကိုကျောက်ချလျက် လူငယ်ကာလသားအပေါင်းဖြင့် လေမျိုး(၈၀) ကန်ထွက်မည်။





ထိုသို့လေကန်ရာဝယ် သူ့အားအသန်ဆုံးနှင့် သူ့အပိုင်နိုင်ဆုံးဘာသာရပ်တာ မြာကို ဘယ်သို့ဘယ်ပုံ ပိုးရမည်ဆိုသော နည်းနာနိဿယတွေပဲ ဖြစ်သည်။

"ဟာကောင်တွေ . . . မင်းတို့ မြဲမြဲမှတ်ထားကြ၊ အချိန်တန် အရွယ်ရောက်လာပြီဆိုရင် အချစ်ညွှန့်အချစ်ညှောက်ကလေးတွေဆိုတာ ဘာနဲ့မှဖုံးကွယ်တားဆီး ပိတ်ပင်လို့မရဘူး။ သူ့ဘာသာသူ အလိုလိုပေါက်ထွက်လာစမြဲပဲကွ၊ ဒါကြောင့် အချစ်သုတေသီတွေက ဆိုကြတယ်၊ ချောင်းဆိုးခြင်းနဲ့အချစ်ဆိုတာဟာ ဘယ်တော့မှအောင့်ထားလို့မရတဲ့ အရာတွေကွ။

ပြီးတော့ . . . တစ်ဆက်ထဲပြောလိုက်ဦးမယ်၊ လူဆိုတာ ဘယ်တိုင်းပြည်မှာနေနေ၊ ရေမြေတွေဘယ်လောက်ခြားခြား၊ တောင်တန်းတွေ ဘယ်လောက်ပဲကွယ်ကွယ်၊ ချောက်ကမ်းပါးတွေ ဘယ်လောက်ကန့်ကန့် အချစ်ဆိုတာကတော့ နိုင်ငံတကာနယ်စပ်မျဉ်းတွေကို ကျော်ဖြတ်သန်းနေကြတယ်၊ ဘယ်လူ့ဝင်မှုကြီးကြပ်ရေးမှ တားဆီးလို့မရဘူး၊ အချစ်ကို ညှော်စာရင်းစစ်လို့မရဘူး"

"ဟာ . . . ပိုင်တယ်ဗျာ၊ ကိုကံကြီးမောင်ရဲ့အယူအဆ၊ ဒဿနတွေက တကယ့်ကိုအပျံစားပဲဗျာ"

"အဲဒါကြောင့်လည်း ငါတို့လူငယ်ကာလသားအပေါင်းကို အချစ်သင်ခန်းစာတွေ ပို့ချပေးနိုင်တဲ့ ဆရာကြီးတစ်ဆူဖြစ်နေတာပေါ့ကွ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေက ထိုသို့မြှောက်ပေးလေသော် ကံကြီးမောင်တစ်ယောက် စိတ်ဘဝင်လေဟပ်ပါလေပြီ။

တစ်ပါးသူတွေအပေါ်ဝယ် ဆရာကြီးဂိုက်ဖမ်းလျက် အချစ်ဇာတ်ကာတွေကို လှိုင်လှိုင်ကြီးပို့ချနိုင်သလောက် ဆံသဆရာအဖို့ ကိုယ့်ဆံကေသာကိုယ် ပြန်မညှပ်တတ်သည့်ဥပမာသဖွယ် သူကိုယ်တိုင်ကမူ ခုထိရည်းစားသနာ တစ်ယောက်မျှမရှိသေး။

အလုပ်အကိုင်ကလည်း ဘာမျှမည်မည်ရရမရှိ။

အလုပ်ပေးလာသူရှိလျှင်တောင်မှ လက်ကြောတင်းအောင် လုပ်ချင်သူမဟုတ်။ အထည်ကြီးပျက်ဖြစ်သော မိခင်မုဆိုးမကြီးနှင့် နှမကလေးတို့ ဖွင့်လှစ်ထားသည့် စတိုးဆိုင်ကလေးမှ ပေါ်ထွက်လာသည့် အမြတ်အစွန်းကလေးအပေါ်တွင်တည်မှီလျက် ပေါ်ကြော့နေတတ်သူဖြစ်ပြီး၊ စတိုးဆိုင်အတွက်လည်း ဘာမှဟုတ်ဟုတ်ညားညား အကူအညီပေးသည်မရှိခဲ့။ အိပ်ချိန်,စားချိန်မှလွဲလျက် လက်ဖက်ရည်ဆိုင်ထွက်ကာ လူငယ်ကာလသားအပေါင်းနှင့် တရှန်းရှန်းလုပ်ရင်း သူ့ဩဇာခံကာလသားတို့ပူဇော်သော လက်ဖက်ရည်၊ မုန့်၊ စီးကရက်တို့နှင့် စတိုင်ကျနေသူပါတည်း။

နာမည်ကသာ ကံကြီးမောင်။

တကယ့်တကယ်ကျ ဘာကံမှလည်းကြီးမားသည်မဟုတ်။ အချစ်ကံဆိုလျှင် ခေမှခေ။ သည်နယ်မြို့ကလေး၌ ကံကြီးမောင် စာလိုက်မပေးဘူးသည့်၊ ချစ်စကားလိုက်မပြောဖူးသေးသည့် မိန်းကလေးဟူ၍မရှိ။ ရွာနေပြည်ထိုင်မှမဟုတ်သေး၊ တစ်နယ်တစ်ကျေးမှ ခေတ္တခဏအလည်ရောက်လာသည့် မိန်းကလေးဆိုလျှင်တောင်မှ





အလွတ်မပေးခဲ့။ ဤရွှေဤမျှ နွားသိုးဆန်ဆန် အပိုးသန်သန် ကံကြီးမောင် ဖြစ်လေသည်တကား။

သို့သော် ... သူဘယ်လောက်အပိုးသန်သန် ကုသိုလ်ကြမ္မာကား သူ့အပေါ်တွင် မျက်နှာလွှဲခဲပစ်ခဲ့စမြဲ။

သူ ပိုးမည့်,ငမ်းမည်ကြံလိုက်လျှင် အကြံခံရသူမိန်းကလေးအဖို့ နောက်တစ်နေ့ပင်မကူးတော့။ ညတွင်းချင်း လင်နောက်လိုက်ပြေးသည့်သာဓကတွေဆိုသည်မှာ အများသား။

"ဟား ... ဟား ... ဘာအရေးလဲကွာ၊ ကိုယ်နဲ့မှ မထိုက်တန်တဲ့ဟာ၊ သွားစမ်း ... သွားကြစမ်း၊ လောကကြီးမှာ မိန်းမဆိုတာ အင်မတန်မှပေါတယ်၊ တို့လိုအမျိုးကောင်းသားယောကျ်ားတွေသာ ရှားနေတာ၊ တစ်ယောက်သွားရင် နှစ်ယောက်လာမယ်၊ သုံးယောက်က အပိုးခံဖို့စောင့်နေမယ်၊ အဲသည်လိုသာ သဘောထားလိုက်၊ အင်မတန်မှ နှလုံးအေးတယ်ကွ"

ကြာလာတော့လည်း ကံကြီးမောင်၏မြာပိုးနည်းလမ်းညွှန်ဆိုသည်မှာ အသံသာမြည်ဟိန်းပြီး အဆံမပါသော သကြံန်အမြောက်ကြီးဖြစ်နေမှန်း ကာလသားတွေ ရိပ်စားမိလာကြသည်။

"ကိုကံကြီးမောင်ကြံလိုက်မှ အကြံခံရတဲ့မိန်းကလေးဆိုတာ မကြာပါဘူးဗျာ ... လင်နောက်ကိုလိုက်ကရောပဲ"

"အဲသလို သူခဏခဏကြံတိုင်း အပျိုတွေ ခဏခဏ လင်နောက်လိုက်ပြေးကုန်ကြရင် ငါတို့ ဂေါ်စရာ,ငမ်းစရာ ရှိတော့မှာမဟုတ်ဘူးကွာ ..."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့၊ ဒါကြောင့် . . . ငနဲကြီးကို ဘယ်သူ့မှ မငေါ်ဖို့အရေး မုန့်ကျွေး၊ လက်ဖက်ရည်တိုက်၊ စီးကရက်တိုက်ရင်း ငေါ်နည်းတရားတွေကိုသာ ပို့ချပေးဖို့ စည်းရုံးရမှာပဲ"

သည်သို့ အချင်းချင်းတိုင်ပင်ပြောဆိုကြရင်း ငေါ်နည်းတရားတွေကိုသာ ပို့ချပေးပါရန် ကံကြီးမောင်အား တိုက်တွန်းရလေတော့သည်။ ဒါကို ကံကြီးမောင်ကလည်း လက်ခံသည်။

သူဟောသည့်တရားကို နာယူပြီး အဟုတ်မှတ်ကာ လက်တွေ့ကျင့်ကြမည်တော့ မကြိုးစားလိုက်ပါလေနှင့်။ ကြိုးစား၍ ခုံဖိနပ်စာ မိသူတွေလည်း ရှိခဲ့ပြီ။ မိန်းကလေး၏ မိဘမောင်သားတို့ထံမှ အုတ်ခဲကျိုးများ၊ ဝါးရင်းတုတ်များလည်း ဝဲပျံခဲ့ဖူးပြီ။ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာရုံးသို့ ရောက်ကြသူတွေလည်း မရှား။

သည်တော့ သူ့တရားကို နာယူဖို့ရာ လူငယ်ကာလသားအပေါင်းအဖို့ စိုးရွံ့ကြသည်ကား အမှန်ပင်။

သို့ဆိုလျှင် သူ့အပါး၌ ဘာကြောင့်များ ကာလသားတွေ ပါးလျှသွားပါလေသနည်း။ ပါးလျှမသွားဆို သူတို့ဒေသသို့ ကြေးတိုင်နှင့်မြေစာရင်းဌာနမှ စာရေးကလေးမောင်သာချို ပြောင်းရွှေ့လာသောကြောင့်ပါတည်း။

အမည်သညာအားဖြင့် မောင်သာချိုဆိုသည့်အတိုင်း ဘယ်ခါကြည့်ကြည့် သာသာကြည်ကြည်၊ ရွှင်ရွှင်ချိုချိုဆိုတော့ လူနှင့်နာမည်က အပ်စပ်လှချေသည်။ နောက် . . . သူသည်လည်း ငေါ်မစွံသေးသည့် လူပျိုပေါက်။ အပေါင်းအသင်းဆံ့အောင်ပေါင်းတတ်





သည့်သဘောကြောင့် သည်ဒေသရောက်ပြီး သိပ်မကြာခင်မှာပင် ပတ်ဝန်းကျင်ရှိ လူပျိုကာလသားအပေါင်းနှင့် တရင်းရင်းဖြစ်နေလေတော့သည်။ လူပျိုကာလသားတွေနှင့် တရင်းရင်းဖြစ်လာသည်ဆိုတော့ ကိုကံကြီးမောင်နှင့်ကော လွဲပါလေဦးမလား။

မောင်သာချိုကား . . . မိဘကျေးဇူးထော်ကိုနောက်ခံ တောင့်တင်းသည့်အပြင် အလုပ်နှင့်အကိုင်နှင့်ဆိုတော့ ငွေကြေးအားဖြင့် ချောင်လည်သည်။ ချောင်လည်သည့်အတိုင်းပင် သူ လက်ဖက်ရည်ဆိုင်ရောက်လာပြီဆိုလျှင် တစ်ဝိုင်းလုံးစာအတွက် ရှင်းပေးသွားစမြဲ။ ထို့ကြောင့်လည်း လက်ဖက်ရည်ဆိုင်၌ ကိုကံကြီးမောင် မရှိလျှင်နေ၊ မောင်သာချိုရောက်နေလို့ကတော့ ကာလသားအပေါင်းမှာ ဆိုင်တွင်းသို့ ဝင်လာမစဲ တသဲသဲနှင့်၊ တရုန်းရုန်း တဝုန်းဝုန်း။

ခုလည်း ဆိုင်ထဲမှာ ကိုကံကြီးမောင်ရောက်နေသလို တကာတော်ရေမြေ့ရှင် မြေတိုင်းစာရေးကလေးမောင်သာချိုလည်း ရောက်ရှိနေလေရာ တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့်အဆင်သင့်ဆိုသလို လက်ဖက်ရည်သောက်၊ မုန့်စား၊ စီးကရက်လည်းခဲရမည့် အခွင့်အရေးအား လက်လွှတ်မခံလိုကြသော ကာလသားများဖြင့် စည်ကားဝေဆာနေတော့သည်။

"ဒီမှာ . . . မောင်ရင်တို့ . . .

တို့များယောကျ်ားတွေရဲ့ သဘောသဘာဝဆိုတာဟာ ကြိုက်တာတွေ့ရင် လိုက်မှာပဲ၊ မေးမှာပဲ ယောကျ်ားကြိုက်တော့ စိုက်စိုက်လား၊ ပန်းနွဲ့ဥပမာပြထားရမယ်မဟုတ်လား။ ဘာမှမဆန်းဘူး။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသဘာဝဆိုတာဟာလည်း အလိုက်ခံချင်လို့၊ အငမ်းခံချင်လို့ သပ်သပ်ရပ်ရပ် ဝတ်စား၊ မသိမသာမွှံနေအောင် ဖြီးလိမ်းခြယ်သပြီးတာနဲ့ လမ်းသလားတော့တာပဲ၊ ငါပြောတာ ဟုတ်,မဟုတ် မင်းတို့စဉ်းစားကြည့်''

''ဟာ ... ဟုတ်တာပေါ့ ကိုကံကြီးမောင်ရယ်၊ သူ့သဘာဝနဲ့သူ ရှိကြတာချည်းပဲပေါ့နော်''

''ဟုတ်တာပေါ့ကွာ ... အဲဒီအချိန်မှာ ကိုယ်ကြိုက်တဲ့မိန်းကလေးက လမ်းထွက်လာပြီ၊ ကိုယ်ကလည်း မိန်းကလေးနောက်လိုက်ချင်ပြီ၊ အဲသည်တုန်း ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အနီးအနားမှာ ဘယ်သူတွေရှိနေဦးမလဲဆိုပြီး အားတုံ့အားနာနဲ့ ရှောင်တန်ရှောင်၊ တိမ်းတန်တိမ်း၊ ပုန်းတန်ပုန်း၊ ကွန္တြေသိက္ခာဆည်ပြီး အောင့်အည်းတန်အောင့်အည်းနေရဦးမယ်ဆိုရင် ဘယ်လိုလုပ်သွားစွံတော့မှာလဲ''

''ဒီတော့ ... ဘယ်လိုလုပ်ရမလဲဟင်''

''ဘယ်လိုမှမလုပ်နဲ့၊ ကိုယ်ကြိုက်တာတွေ့လို့ရှိရင် လိုက်သာလိုက်ပေတော့၊ ကိုယ့်ပတ်ဝန်းကျင်အနီးအနားမှာ ဘယ်သူတွေရှိရှိ ဂရုကိုမစိုက်နဲ့တော့၊ ကုန်ကုန်ပြောမယ်ကွာ၊ မိန်းကလေးရဲ့အဖေပဲရှိနေပါစေ ... သက်မဲ့သစ်တုံးကြီးလို့သာ သဘောထားလိုက်၊ ရှင်းတယ်နော် ...''

ကိုကံကြီးမောင်၏ ပြတ်သားလှစွာသော မြာသြဝါဒ၌ ကာလသားအပေါင်းတို့ မျောနစ်ပျော်ဝင်သွားကြသည်။ ထိုအထဲ၌ အထူးသဘောကျထောက်ခံသူတစ်ဦး ရှိ၏။





သူကား .... မြေတိုင်းစာရေးကလေး မောင်သာချိုပေတည်း။

''ကိုကံကြီးမောင်ပြောတာ သိပ်ကိုမှန်တာပဲဗျာ ... ကျွန်တော်တော့ အကြွင်းမဲ့ကို ထောက်ခံတယ်ဗျာ၊ အဲဒီလိုမှမဟုတ်ဘဲ ကိုယ်ကြိုက်နေတဲ့မိန်းကလေးတစ်ယောက်ကို စကားလိုက်ပြောဖို့ရာ အနီးအနားဘေးပတ်ဝန်းကျင်ကို ဂရုစိုက်နေရဦးမယ်ဆိုရင် ဘယ်လာပြီးလိုရင်းရောက်တော့မှာလဲ၊ ကိုယ့်ရင်ထဲက ခံစားမှုကိုမှ တစ်ဖက်သားအနေနဲ့ လုံးဝသိခွင့်မရဘူးဆိုရင် ဘယ်လိုလို့စွံတော့မှာလဲ''

''ဟား ... ဟုတ်ပါတော့ မောင်သာချိုရာ၊ မင်းဟာလေ ... တို့များဝိုင်းထဲကို လူသစ်အဖြစ် ဝင်ရောက်လာတာ သိပ်မကြာလှသေးပေမယ့် အားလုံးထက် ဒုံးမဝေးတာအမှန်ပဲဟေ့ ... ကျွန့်တဲ့ကောင်တွေဆိုတာ ဆရာကိုဆရာရယ်လို့ ဆည်းကပ်ရမှန်းမသိ၊ ကိုယ့်ကိုယ်ကို ထင်တစ်လုံးတွေနဲ့ချည်း၊ လုပ်လိုက်ကိုင်လိုက်မှဖြင့် အရာရာနဲ့အကြောင်းကြောင်း၊ ဒါကြောင့်လည်း ဒီကောင်တွေမျက်ခွက်ကြည့်လိုက်ရင် ကြက်ဟင်းခါးသီး မီးဖုတ်ထားတဲ့အတိုင်းပဲ၊ ရည်းစားသနာဆိုလို့ သင်းတို့ကို ပြန်ကြိုက်မယ့်သူ တစ်ယောက်မှကိုမရှိသေးဘူး၊ ဟား ဟား ဟား ...''

ကာလသားတွေ တစ်ယောက်မှခွန်းတုံ့မပြန်။

စားပွဲပေါ်ရှိ မုန့်တွေကိုသာ ဖိတွယ်ကြသည်။ စီးကရက်ကို တွင်တွင်ဖွာနေကြသည်။ သူတို့အဖို့ လက်ရှိအချိန်၌ မြာစွံဖို့၊ မစွံဘို့ကိစ္စက အရေးမကြီး၊ အာဟာရဖြင့် လန်းနေဖို့က အရေးကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ ...ကျွန်တော်ကတော့ ကိုကံကြီးမောင်ရဲ့နည်းကိုပဲ သဘောကျတယ်၊ ထောက်လည်းထောက်ခံတယ်ဗျာ၊ ဒါမှပဲစွံမှာ။ ဟော ...ပြောရင်းဆိုရင်း ကျွန်တော်ငေါ်ချင်နေတဲ့ကောင်မလေးနှစ်ယောက် လာနေပြီဗျ။ ကျွန်တော် ဒီကိုပြောင်းလာကတည်းက အမှတ်မထင်တွေ့ရပြီးတဲ့နောက် အာရုံထဲမဖျောက်နိုင်ဘဲ စွဲလမ်းနေတာ ကိုကံကြီးမောင်ရ"

"ဟ ....မင်းဟာက တစ်ယောက်တည်းတောင်မဟုတ်ပါလားကွာ၊ နှစ်ယောက်စလုံးကိုတောင်ဆိုတော့ မလွန်လွန်းဘူးလား"

"လွန်လည်းမတတ်နိုင်ဘူးဗျာ ...အချစ်မှာ တစ်ယောက်ထက်ပိုပြီးမချစ်ရဆိုတဲ့ ဥပဒေရှိလို့လား ကိုကံကြီးမောင်ရ"

"မရှိပါဘူးကွာ ...မရှိပါဘူး။ အိမ်ထောင်ပြုတယ်ဆိုတော့မှသာ တစ်လင်တစ်မယားစနစ်ဆိုပြီး တို့မြန်မာ အိမ်ထောင်ရေးကို သတ်မှတ်ထားကြတာ"

"ဒါဆို ...ကျွန်တော် ကြိုက်နေခိုက်နေတဲ့ မြာနှစ်ယောက်ကို လိုက်တော့မယ်နော်၊ ပတ်ဝန်းကျင်ကို ဂရုစိုက်မနေတော့ဘူး"

"ဘာလို့စိုက်ရမှာလဲ ...မစိုက်နဲ့၊ ပတ်ဝန်းကျင်မှာ ဘယ်သူပဲရှိနေရှိနေ သက်မဲ့သစ်တုံးကြီးလို့ပဲ သဘောထား။ နို့ ...မင်းလိုက်မယ့်နှစ်ယောက်က ဘယ်သူတွေတုန်း"





"ဟိုးရှေ့မှာလေ ...ကိုကံကြီးမောင်ရဲ့၊ ဒီဆိုင်ဘက်ကို လျှောက်လာနေကြတာ၊ သရက်ထည်ပွင့်ရိုက်ကလေးတွေဝတ်လို့၊ တစ်ယောက်က အစိမ်းပုပ်ရောင်၊ နောက်တစ်ယောက်က ကြက်သွေးရင့်ရောင်၊ ကိုင်း ...သွားပြီ ကိုကံကြီးမောင်ရေ့ ..."

"ဒီကောင်ကတော့ကွာ ...တကယ့်ကိုစံပဲ"

မျက်စိအမြင်သိပ်မကောင်းလှေသည့်မို့ မျက်မှန်ကို ခါးပုံစဖြင့်ပွတ်သပ်ပြီး ကြည့်သည်။ ကာလသားတွေကလည်း အရာရာသွက်လက်လွန်းလှသည့် မောင်သာချို၏လှုပ်ရှားမှုတွေကို ငေးကြည့်နေသည်။

ထိုအချိန်ဝယ် အားလုံး၏မြင်ကွင်း၌ မောင်သာချိုတစ်ယောက် မြာနှစ်ယောက်နားကပ်လိုက်၍ ဘာတွေပြောနေမှန်းမသိ၊ စကားတွတ်ထိုးနေကြပုံ၊ ထို့နောက် ခြေစုံရပ်ကာ ခြေဟန်လက်ဟန်ဖြင့် စကားပြောနေကြသည်ကို တွေ့ရလေ၏။ ထိုခဏ ကိုကံကြီးမောင်ကိုကြည့်လိုက်တော့ သူ့ထိုင်ခုံ၌ မရှိတော့။ ဘယ်ကဘယ်လို ကြက်ပျောက်,ငှက်ပျောက် ပျောက်သွားလေပြီမသိ။

ခဏအကြာတွင် မောင်သာချိုတစ်ယောက် ချွေးသံတရွှဲရွှဲဖြင့် လက်ဖက်ရည်ဆိုင်ထဲသို့ ပြန်ဝင်လာလေသည်။ ထိုင်ခုံလွတ်တွင် ထိုင်သည်။ စို့ရွှဲနေသောချွေးသံတို့ကို သုတ်သည်။

"ဟော့လူတွေ ...ကိုကံကြီးမောင်ကောဗျ"

"ဟာ ...စောစောက ရှိပါသေး။ ခု မရှိတော့ဘူး၊ ဒီလူကြီး မပြောမဆိုဘဲ လစ်သွားပြန်ပါပြီ၊ ဘာဖြစ်လို့လဲ မောင်သာချိုရ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မရှင်းတဲ့ကိစ္စကို မေးချင်လို့ပါ"

"ဘာများမရှင်းတာတုန်းကွာ ..."

"ပြောရရင်ဗျာ ... ကောင်မလေးတွေနှစ်ယောက်စလုံး ကျွန်တော့်ကို လိုလိုလားလားရှိကြတဲ့ပုံတွေပါပဲ၊ အဲ ... အဲဒီမှာ တစ်ယောက်က ကျွန်တော့်ကို ဘာပြောတယ်မှတ်သလဲ ...

'ရှင်ဟာ တော်တော်အရိပ်သုံးပါး နားမလည်တဲ့သူပဲ၊ ရှင်ထိုင်ခဲ့တဲ့လက်ဖက်ရည်ဆိုင်မှာ ဘယ်သူရှိတယ်ဆိုတာ သိလား'တဲ့၊ ဒီတော့ ကျွန်တော်က ...

'ကိစ္စမရှိပါဘူးဗျာ ... ကျွန်တော့်ဆရာကိုကံကြီးမောင်တို့အုပ်စုတွေပါပဲ'လို့ပြန်ပြောတော့ ...

'အဲဒါကြောင့်ပဲ ကိစ္စရှိတာရှင့်၊ ဘာကြောင့်ဆို အဲဒီရှင့်ဆရာကံကြီးမောင်ဆိုတာ ကျွန်မ မေရီရဲ့အစ်ကိုရင်း၊ ဟောဒီကျွန်မရဲ့အစ်မဝမ်းကွဲ ထွေးရီရဲ့ဝမ်းကွဲအစ်ကိုရှင့်၊ သိရဲ့လား'တဲ့ကွာ ..."

"ဟေ ... အဲဒါကြောင့်ထင်တယ်၊ ကိုကံကြီးမောင်သူ့စကားနဲ့သူချောင်ပိတ်ပြီး အသာကလေးလစ်ထွက်သွားတာ ဖြစ်မယ်၊ ဘာတဲ့ ... 'ကိုယ်ကြိုက်တာတွေ့လို့ရှိရင် လိုက်သာလိုက်ပေတော့၊ ကိုယ့်ပတ်ဝန်းကျင်အနီးအနားမှာ ဘယ်သူတွေရှိရှိ ဂရုကိုမစိုက်နဲ့တော့၊ သက်မဲ့သစ်တုံးကြီးလို သဘောထားလိုက်၊ ရှင်းတယ်နော်'တဲ့၊ ကိုင်း ..





တို့ဆရာကိုကံကြီးမောင် သူ့စကားနဲ့သူ မြားစူးပြီး တော်တော်နဲ့ ဒီဆိုင်ကိုလာတော့မှာမဟုတ်ဘူးဟေ့ ..."

ကာလသားတစ်ဦး၏ စကားအဆုံးမှာတော့ လက်ဖက်ရည်ဆိုင်အတွင်း ရယ်မောသံတို့ လျှံကျသွားလေသတည်း။



www.burmeseclassic.com

# [၁၀]

[illegible]

www.burmeseclassic.com

ထွေးရီအဖို့ ညီမဖြစ်သူမေရီတို့ထံ အလည်အပတ်ရောက်နေခဲ့သည်မှာ တစ်လကိုးသီတင်းမက ကြာမြင့်နေလေပြီမို့ ဇာတိရပ်ရွာ ရွှေသရက်ကျေးရွာကလေးသို့ပြန်ရန် စိတ်စောနေခဲ့လေပြီ။ ပြည်မြို့ရှိ နာမည်ကြီး လေးဆူဓာတ်ပျော်ရွှေဆံတော်ဘုရားကိုလည်း စိတ်တိုင်းကျ အားပါးတရ ဖူးမြော်ခဲ့ပြီးလေပြီ။

ထိုမျှသာမက ပေါင်းတည်၏နာမည်ကြီး စွယ်တော်ရှင် လှည့်လည်ပွဲကိုလည်း နွှဲခဲ့ပြီးလေပြီ။ အိမ်မှာ အမေတို့တော့ သူမမရှိလေသည့်အတွက် ပျင်းများနေမည်လား။ ဒါမှမဟုတ် ကြက်တွင်းထဲ ရေအေး၊ ရေနွေးလောင်းထည့်ပြီး ဝါးလုံးတိုနှင့်ထိုးထည့်သည့် မြင်ကွင်းကို မတွေ့ရလေရာ အပြောအဆို သက်သာနေပြီလားဟူ၍ တွေးမိတွေးရာ တွေးမိပါသေးတော့။





“အစ်မထွေးရီကလည်း . . . ကိုယ့်ရပ်ကိုယ့်ရွာပဲ ဘယ်အချိန်ပြန်ပြန် ပြန်လို့ဖြစ်ပါတယ်၊ ဒီမှာ ထပ်နေစမ်းပါဦး။ အစ်မထွေးရီမရှိရင် ကျွန်မလည်း ပျင်းနေမှာ၊ ပြီးတော့ ကျွန်မနဲ့ ကိုဘိုကေတို့ တိတ်တိတ်ကလေး အဆက်ဖြစ်နေတာ၊ မမထွေးရီကာဗာပေးနေလို့၊ နို့မဟုတ်ရင် အစ်ကိုကံကြီးမောင်တို့၊ အမေတို့ ရိပ်မိပြီး ကျွန်မတော့ စားသာလိမ့်မယ်မဟုတ်ဘူး”

သည်လိုဆိုတော့လည်း တစ်ဝမ်းကွဲညီမလေးမေရီအပေါ်တွင် စာနာကရုဏာပွားရပြန်တော့သည်။

ညီမလေးမေရီကား . . . အသက်မနည်းတော့။

အသက်အားဖြင့် အစိတ်ကျော်ရှိချေပြီ။

မိန်းမသားတစ်ယောက် အသက်အစိတ်ကျော်လို့မှ တွယ်စရာ၊ ချိတ်စရာ ကင်းမဲ့လျှင် အပျိုကြီးစာရင်းသို့ အော်တိုမက်တစ် ဝင်သွားလေသည်မှာ မုချကောန်ပင်။

မေရီ့ကိုသာ ပြောမည့်သာပြောရသည်။

ထွေးရီကိုယ်တိုင်ကကော . . . ဘာထူးမှာတဲ့နည်း။ အသက်က ၃၀ သို့ ချဉ်းလုလု။ ခုထိ လက်ဆုပ်လက်ကိုင်ပြစရာ ရည်းစားသနာမရှိသေး။

သည်သို့မရှိသေးဟုဆိုရာ၌ သူမအတွက် နဖူးစာမင်ရည်ကြဲလေရော့သလားဟု တွေးထင်ယူဆမည်ဆိုလျှင်ဖြင့် လုံးဝဥဿုံမဟုတ်တောင်မှ အတန်ငယ်တော့ မှားယွင်းသွားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေသရက်ရွာ၏ ငါးပုစွန်ရောင်းဝယ်ရေးဒိုင်မှ ပိုင်ရှင်ဦးဝင်းမောင်၏ကေပုတ္တသားရတနာ မောင်ပိန်ဆိုလျှင် သူမအပေါ် မျက်စိကျနေမှန်း သိသာလှသည်။ သူတို့ဒိုင်ရှိရာသို့ ဟင်းစားအတွက်ငါး၊ ပုစွန် သွားဝယ်လျှင် မောင်ပိန်ရှိနေပါက ဟင်းစားတွေကို မတန်တဆ ပိုထည့်ပေးလေ့ရှိ၏။ လူသူအလစ်ဆိုပါက ဟင်းစားဖိုးကိုပင် လက်မခံ။

''ထွေးရီ ...''

''ဘာတုန်း ... ငပိန်''

''ဒီနားမှာ ဘယ်သူမှမရှိတုန်း နင့်ကို ... နင့်ကို''

''ဟဲ့ ... ငပိန်၊ ယီးတီးယားတားတော့ မလုပ်နဲ့နော်၊ ငါ့လက်ထဲက ဝါးလုံးတိုအကြောင်းကို သိတယ်မဟုတ်လား။ ပါးစပ်ထဲ ဆောင့်ထိုးလိုက်လို့ စအိုပေါက်က ထွက်သွားမယ်''

''အယ် ... အယ် ... အဲဒီလိုတော့ မကြမ်းလိုက်ပါနဲ့ဟာ၊ ငါ နင့်ကိုမေးစရာရှိလို့ပါ''

''ကိုင်း ... ဘာမေးမလဲ၊ ပြော ...''

''ဟို ဟို ဟိုလေ ... နင့်ခါးထက်ကထဘီ ငါ့ကို ချွတ်ပေးမလားဟင်''

''တောက် ... နင်ဘာစကားပြောတာလဲ၊ ဟောဒီမှာ''

ထွေးရီက ဝါးလုံးတိုဖြင့် ဆောင့်ထိုးဖို့ရွယ်သည်။

ခြေမြန်လက်သွက်ရှိလှသော ထွေးရီ၏အစွမ်းကြောင့် မောင်ပိန်တစ်ယောက် လှစ်ခနဲဆိုသလို ငါးစည်တွေကြား ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။





သည်လိုမျိုး အမျိုးသမီးမြင်တိုင်း အမျိုးသမီးထဘီကို အကျီချွပ်ဝတ်ချင်သည့် စိတ်ဝေဒနာရှင်၏ စိတ်ဝင်စားမှုမျိုးကို အဘယ်အမျိုးသမီးအနေနှင့် စိတ်ဘဝင်ကျနိုင်ပါမည်တဲ့နည်း။

ယခု ... ရွှေသရက်ရွာကလေးကို ခေတ္တကျောခိုင်းလျက် ပေါင်းတည်ရှိ ရပ်ဆွေရပ်မျိုးတွေထံ ရောက်လာလေသောအခါ သူမအပေါ် စိတ်ဝင်တစားဖြင့် အရိပ်အကဲအမျိုးမျိုးပြနေသည့် မြေတိုင်းစာရေးကလေးကိုသာချိန်နှင့် ဆုံရလေတော့ အစိတ်ကျော်သုံးဆယ်ပိုင်း အပျိုဟိုင်းထွေးရီအဖို့ ရင်တော့အခုန်သား။

တစ်လေ့လေးကပင် ထွေးရီနှင့်မေရီတို့ လမ်းထိပ်ဈေးဝယ်ထွက်တုန်း လက်ဖက်ရည်ဆိုင်ထဲမှ ကိုယ်တော်ချောက ထွက်လာပြီး စကားရောဖောရော ဝင်လုပ်ခဲ့သေးသည်။ ကိုယ်တော်ချော၏ မျက်လုံးတွေက မေရီ့အပေါ်ထက် ထွေးရီအပေါ် ပျံ့ဝဲနေတာကို အလိုလိုသိနေသည်။ ရွှေစွန်ညိုဘာလို့ဝဲ မထွေးရီလို့ဝဲတာပဲမဟုတ်လား။

သည်တုန်းက မအူမလည်လာလုပ်ခြင်းအတွက် နည်းနည်းတော့ ကွဲမြီးတိုရသည်။ မတိုဘဲကော နေနိုင်ပါမည်တဲ့လား။ ကိုယ်တော်ချောထွက်လာသည့်ဆိုင်ထဲမှာ မေရီ့အစ်ကိုရင်၊ ပြီးတော့ သူမ၏တစ်ဝမ်းကွဲအစ်ကို ကိုကံကြီးမောင် ရှိနေသည်မဟုတ်လား။

နမလင်နေတော့ မောင်ဖင်ကျိန်းသတဲ့လေ။

သတိပေးသည့်တိုင်အောင် ကိုယ်တော်ချောက အတော်ကလေး ရဲတင်းလှသည်။ သည်လိုမျိုးရဲတင်းမှုကပင် ထွေးရီ၏နှလုံးသည်းဆိုင်ကို ဆွဲကိုင်လှုပ်ယမ်းခဲ့လေသလား။



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ရာဝင်တော့ အိပ်မက်ထဲမှာ ကိုယ်တော်ချောက ရွှေမင်းသားလေးအသွင် ဝင်ရောက်လာခဲ့သေးသည်။ သူက ရွှေမင်းသားလေးဆိုတော့ ထွေးရီက ရွှေမင်းသမီးလေးပေါ့။ သည်လို အခိုက်အတန့်မှာ ရွှေသရက်ကိုပြန်သွားလို့ကတော့ အိပ်မက်ကလေးတွေ ပြာဖြစ်သွားမှာ သေချာသည်။

အမှန်အတိုင်းဆိုရလျှင် သည့်ရင်ခုန်ဖွယ်အိပ်မက်ကလေးကို မပျက်ပြယ်စေချင်ခဲ့။ သည်အခိုက်မှာတင် ညီမအပျိုကြီးမေရီက တားလေသည်ဆိုတော့ အင်း ... ချော်လဲရောထိုင်လိုက်သည်က ရှဉ့်လည်းစွဲသာ၊ ပျားလည်းလျှောက်သာဆိုသည့်ကိန်း မဟုတ်ပါကလား။

''အင်းလေ .. မေရီက နေစေချင်သေးတယ်ဆိုရင်လည်း နေရသေးတာပေါ့''

''ဟေး ... ဒါမှမေရီ့အစ်မကွ၊ အစ်မထွေးရီရှိတာ မေရီ့အတွက် တိုးတိုးဖော်ရတာပဲ''

သည်ကတည်းက ထွေးရီ နားလည်လိုက်ပေပြီ။

လောလောလတ်လတ် မေရီနှင့်ဆီစက်စာရေးကြီးကိုဘိုကေတို့၏ မပြေးသော်ကန်ရာရှိလေသည့် ဇာတ်လမ်းဇာတ်ကွက်ကို သဘောပေါက်ထားသည်။ သို့ရာတွင် ဘယ်လိုမျိုး တိုးတိုးဖော်လုပ်ရပါ့၊ ကိုယ်ကလည်း ဒါမျိုးကို ထဲထဲဝင်ဝင် ကျွမ်းလေသူမဟုတ်လေတော့ တော်ကြာ အပေါက်လမ်းမတည့်မှုဖြင့် 'တော်တော်ဆိုးတဲ့ တိုးတိုးဖော်' ဖြစ်သွားလျှင် ကျော်မကောင်းကြားမကောင်း ဖြစ်ရော့မည်။





သည်လိုမျိုးအနေအထားတွင် မျက်စောင်းထိုးအိမ်မှ ဒေါ်သက်နှင်းက စကားဝိုင်းထဲ ဝင်လာသည်။ ဒေါ်သက်နှင်းသည် အပျိုကြီးဘဝမှစုတေခဲ့သည့် ကလေးနှစ်ယောက်အမေ အိမ်ထောင်ရှင် ဖြစ်ချေသည်။ အပျိုကြီးတို့၏ ဘဝအခြေအနေ အိမ်ထောင်ရေးရာကိစ္စများ၌ အလကားပဲတင်း အကြံဉာဏ်ပေးကာ တတ်စွမ်းနိုင်သောအကူအညီကို ပေးချင်နေသော အကျိုးဆောင်တစ်ဦးဆိုလျှင် မမှားချေ။ သူမအဖို့ အိမ်နီးချင်းဖြစ်ရုံမက ဆွေမျိုးရင်းချာပမာဖြစ်နေသော အပျိုကြီးစာရင်းဝင်မေရီ့အား ငှက်ပျောတုံးဖက်ရမည့်ဘဝမှ ကင်းလွတ်စေချင်ခဲ့သည်။ အဖိုးတန်အချိန်တွေကို ရှည်လျား၊ ထွေပြား၊ ပေများနေခြင်းမျိုးကို သဘောမတွေ့။ သည့်အတွက် ကြောင့်ပင် ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားဝင်ကျောင်းနေမိခြင်းပါတည်း။

''ဟဲ့ ... မေရီ၊ ညည်းကိုညည်း ပြန်ကြည့်စမ်း ... တစ်ဆယ်ကျော်ငါးနှစ်ပတ်လည် မြီးကောင်ပေါက်အရွယ် မဟုတ်တော့ဘူး၊ ပုခက်ချိတ်ရမယ့်အချိန်တွေတောင် ကျော်ခဲ့ပြီ၊ ခုဟာက လင်စံရွေးနေရမယ့်အချိန် မဟုတ်တော့ဘူး။

ဒီလိုသာ မထုံတက်သေးလုပ်နေရင် ... ဒီတစ်သက် ဘယ်တော့မှ လင့်အရသာကို ခံစားရမှာမဟုတ်ဘူး၊ ညည်းဆီစက်စာရေးကြီးကိုဘိုကေကို လက်ဆုပ်လက်ကိုင် အပိုင်မဆွဲနိုင်ဘူးဆိုရင် ငှက်ပျောတုံးဖက်ပြီးသေရမယ့်စာရင်းကို သွင်းလိုက်တော့ ...''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်နှင်း၏အပြောအဆိုက ကြမ်းတမ်းသည်နှင့်အမျှ ပြောလိုက်သည့်စကားလုံးတို့ကို ခံစားကြည့်လျှင် တကယ့်ကိုခံပြင်းစရာကောင်းလှသည်။ သို့ရာတွင် စေတနာကိုအရင်းခံ၍ ပွင့်လင်းစွာ ပြောဆိုသည့်အတွက်တော့ ခွင့်လွှတ်ရလေသည်သာ။

"ဒါထက် ‥ ငါလေ့လာသိရှိထားရသလောက် ဆိုစက်စာရေးကြီးကိုဘိုကေဟာ စိတ်ရင်းသဘောရင်းမဆိုးတဲ့ လူပျိုကြီးတစ်ယောက်ပါ၊ အသက်ကြီးတာကို မစဉ်းစားနဲ့၊ အသက်က ကိုက်စားလို့မရဘူး၊ အတက်ကသာ … အဲလေ … ဟုတ်ပေါင်၊ ကိုယ့်အပေါ် သဘောသဘာရကောင်းပြီး ပူပင်ကြောင့်ကြမှုမရှိအောင်ထားဖို့ ကိုယ့်အပေါ် ကြင်နာယုယဖို့ ဒါပဲအရေးကြီးဘယ်မဟုတ်လားအေ ‥"

"ဟုတ်ပါတယ် ဒေါ်သက်နှင်းရယ်၊ ကျွန်မ လေ့လာထားသလောက်မှာလည်း ကိုဘိုကေဟာ အခြေမဲ့အနေမဲ့ မဟုတ်ပါဘူး၊ လက်ရှိဝင်ငွေကောင်းတဲ့ အလုပ်အကိုင်လည်း ရှိတယ်၊ စုထားဆောင်းထားတာလည်း ရှိတယ်၊ ကျွန်မအပေါ်လည်း အတော်လေးကို နှစ်နှစ်ကာကာရှိတဲ့ပုံပါ"

"အေး … အဲဒါကြောင့်ပြောတာပေါ့ … မေရီရဲ့၊ ကိုဘိုကေလို အလုပ်အကိုင်လည်းရှိ၊ အခြေကလည်းနိုင်တဲ့သူကိုမှ ကိုယ့်ဘက်ယိုင်လဲလာအောင် မလုပ်နိုင်လို့ကတော့ ညည်းလောက် အ,တဲ့န,တဲ့သူရှိတော့မှာမဟုတ်ဘူး"





မေရီအဖို့တော့ ဒေါ်သက်နှင်း၏အပြောကို မခံချင်။ ခံရက်စရာလည်းမရှိ။ ဒေါ်သက်နှင်းထင်ထားသကဲ့သို့ သူမ မအ,ပါကြောင်း သက်သေသက္ကာရ အထောက်အထားများစွာနှင့် ပြောပြလိုက်ချင်သည်။

အပျိုဖော်ဝင်ကတည်းကမှသည် ယခုလိုအပျိုဟိုင်းကြီးဖြစ်သည်အထိ ဆန့်ကျင်ဘက်ယောကျ်ားသားများနှင့် အဆက်အစပ်ကင်းမဲ့ခဲ့သည်မှ မဟုတ်ပါဘဲကလား။

စစ်စစ်ပေါက်ပေါက်တွက်ကြည့်လျှင် …

ယခု လူပျိုကြီးကိုဘိုကေနှင့် ဇာတ်လမ်းတစ်ပုဒ်မဖြစ်ခင် ရည်းစားသနာ သုံးဦးတိတိနှင့် ကြုံခဲ့ဖူးသည်။

ကြုံခဲ့ဖူး,ဆုံခဲ့ဖူး၊ ဖြစ်ခဲ့ဖူးသည့် ရည်းစားများက သူမထက် လည်လွန်းကြ၍သာ ယခုလို အပျိုကြီးအခေါ်ခံ လင်မရသေးသည့်ဘဝသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

"ဒေါ်သက်နှင်းရယ် … ကျွန်မဟာ ဒေါ်သက်နှင်းပြောသလောက်လည်း မအ,သေးပါဘူးရှင်၊ ခုအရွယ်ရောက်တဲ့အထိ စစ်စစ်ပေါက်ပေါက်တွက်ကြည့်ရင် ရည်းစား သုံးယောက်တောင်ရှိခဲ့ဖူးပါတယ်"

"အိုအေ … ညည်းဟာညည်း သမီးရည်းစား သုံးယောက်မကလို့ လေးငါးဆယ်ယောက်ရှိရှိပေါ့၊ အဲဒီထဲမှာ ညည်း တစ်ယောက်လောက်ကိုတောင် ပိုင်ပိုင်နိုင်နိုင်ဆွဲထားနိုင်လို့လား၊ ညည်းရည်းစားတွေလှည့်သမျှ ကော့နေအောင်ခံခဲ့ရတာချည်းမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သက်နှင်းက ဘယ်လောက်တောင်သိနေလို့လဲ"

"အို ... မသိဘဲနေမလား၊ ညည်းနဲ့ပထမရည်းစား ဖြစ်တဲ့ ချမ်းအေးဟန်ဆိုရင် ပုံကသာ မခုတ်ဟတ်တဲ့ ကြောင်လို၊ တကယ့်တကယ်ကျ ကြောင်ဖားပဲမဟုတ် လား၊ ညည်းကို စိတ်တိုင်းကျတွဲခဲ့ပြီးတော့ ညည်းထက် သာတဲ့အသစ်ကိုလည်းတွေ့ရော ပစ်သွားတာပဲမဟုတ် လား"

ဟုတ်လည်းဟုတ်၊ မှန်လည်းမှန်နေသည်မို့ မေရီခမျာ အထွန့်မတက်ရဲတော့။

"ကျန်တဲ့နှစ်ယောက်လည်း ပြောရဦးမလား၊ ဖာတ်ရှုး ကြည်သိန်းဆိုလည်း မွေးတုန်းပန်၊ နံရင်ပစ်၊ ကဖော်လေး တမြမြနဲ့ စိုးတင့်ထူးဆို ... ညည်းကိုယူဖို့နေနေသာသာ ကဖော်ဖိုးတောင် ချသွားသေး"

"တော် ... တော်ပါတော့ ဒေါ်သက်နှင်းရယ်"

"ဟဲ့ ... ငါက ညည်းကို တူမချင်းကိုယ်ချင်းစာလို့၊ မှိုချိုးမျှစ်ချိုးပြောနေတာမဟုတ်ဘူး၊ ညည်းဘက်ကနေ မိန်းမသားချင်း ကိုယ်ချင်းစာလို့ ပြောနေရတာ၊ 'အပျိုလို မနေမိလို့ ကိုယ်ရိုတယ်လေး'ဆိုတာ ကြားဖူးတယ်မဟုတ် လား။

ငါလည်းပဲ အရင်တုန်းက ညည်းလိုပဲ ရှုံးရှုံးအအပါအေ၊ ဒါကြောင့် ပထမတစ်ယောက်တုန်းက 'ကိုယ်ရိုတယ်လေး' ဆိုတဲ့အတိုင်းပဲ၊ အဲဒါကို သင်ခန်းစာယူပြီး တစ်ခါပဲ





ကိုယ်ရိုခံမယ်၊ နှစ်ခါတော့မခံဘူး၊ ဒါကြောင့် ခုကလေးတွေ အဖေဖြစ်မယ့် ကိုမောင်သန်းနဲ့တွေ့တော့ ဟွန်း ... ဘာရ မလဲ၊ လက်လွတ်ခြေလွတ်ကို အဖြစ်မခံတော့ဘူး၊ ငါနဲ့ အနေနီးစပ်ပြီး လစ်ထွက်မယ်ကြံရော ဟွန်း ... ဟွန်း ငါနဲ့ အလွန်မတန်ရင်းနှီးတဲ့ အကြားအမြင်ရ၊ ဓာတ်ရိုက် ဓာတ်ဆင် အင်မတန်မှအစွမ်းထက်တဲ့ ဆရာမကြီးတစ် ယောက်ကို အားကိုးအားထားပြုလို့ အပိုင်လည်းချည် လိုက်ရော ကလေးတို့အဖေ ဖြစ်လာခဲ့ပါလေရော၊ ခုဆို မီးကိုသေလို့၊ ညည်းအနေနဲ့ ကိုယ့်ကို ချစ်လှပါချည်ရဲ့၊ ကြိုက်လှပါချည်ရဲ့လို့ လူနာအမဲခြောက်ဖုတ်တောင်းတဲ့သူ တွေစကားကို နားမယောင်မိပါစေနဲ့၊ ငါက တကယ့်စိတ် ရင်း စေတနာကောင်းနဲ့ပြောနေတာ"

"ဟုတ်ပါရဲ့ ... မေရီရယ်၊ ဒေါ်သက်နှင်းကြီးက တကယ့်စိတ်ဓာတ်အရင်းခံနဲ့ ပြောနေတာပါဟယ် ..."

ထွေးရီလည်း မနေသာတော့ဘဲ ကြားဝင်ရလေသည်။ သည်တော့ မေရီအဖို့ ဒေါ်သက်နှင်းအပေါ် စိတ်မဆိုးနိုင်အားတော့။

"ကဲ ... ဒီလိုဆိုရင် ကျွန်မ ဘာဆက်လုပ်ရမလဲဟင်၊ အကြံကောင်းဉာဏ်ကောင်းကလေးတွေ ပေးပါဦး ... ဒေါ်သက်နှင်းရယ်၊ အားကိုးပါတယ်"

"အဲဒီလို အမြင်တွေ့အသိတွေ မှန်မှပေါ့အေ၊ ဒါထက် ညည်း ကိုဘိုကြီးနဲ့ဖြစ်နေတာ အမှန်တကယ်ပဲလား၊ ငါ့ကို ညာတော့မပြောနဲ့နော်၊ အမှန်အတိုင်းသာပြော ..."



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းပြောရရင် ကိုဘိုကေကြီးနဲ့ တကယ်ပဲ ဖြစ်နေတာပါတော့ ..."

သို့ကလိုဖွင့်ဟဝန်ခံပြီးနောက် ရှက်သွေးတွေဖျန်းကာ မျက်လွှာကို အောက်သို့ချလိုက်သည်။

"ဖြစ်နေတယ်ဆိုတဲ့နေရာမှာ ခြေလှမ်းလက်လှမ်းအဆင့်ထိ ရောက်နေပြီလား"

ဒေါ်သက်နှင်းက စိုးရိမ်တကြီးဖြင့် လေသံကိုတိုးတိုးနှိမ့်ကာ အမေးစကားပြုလိုက်သည်။

"အဲဒီအခြေအနေတော့ မရောက်သေးပါဘူး အဒေါ်ရယ် ..."

"သူက ညည်းကို ပိုးကြေးပန်းကြေးအဖြစ် ဘာတွေများ ဝယ်ပေးထားတာရှိသလဲ"

သည်တော့ ... မေရီသည် ပါးစပ်နှင့်မဖြေ။ သူမ၏လည်တိုင်ကိုစမ်းကာ လော့ကတ်သီးပါသော ရွှေဆွဲကြိုးမျှင်ကလေးတစ်ကုံးကို ချွတ်ပြ၏။ လော့ကတ်သီးကို ဖွင့်ပြ၏။ လော့ကတ်သီးထဲမှာတော့ My Sweet ဆိုသည့် အင်္ဂလိပ်စာလုံးလေးတွေကို တွေ့ရသည်။

"အင်း ... ညည်းကို ပိုးကြေးပန်းကြေးပေးတဲ့ပစ္စည်းက တန်ဖိုးတော့မသေးလှဘူး၊ အေး ... အခုလို သူက ညည်းကို တန်ဖိုးရှိတာပေးတော့ ညည်းဆီကလည်း သူလိုချင်တဲ့တန်ဖိုးရှိတာကို မတောင်းဘူးလား"





"အို ..."

ဒေါ်သက်နှင်း၏ တုတ်တိုးအိုးပေါက်အမေးစကားက မေရီ၏ ပါးပြင်နှစ်ဖက်အား ရှက်သွေးတွေဖျန်းသွားစေခဲ့သည်။

"ပြောစမ်းပါအေ ... အဲဒါအရေးကြီးတဲ့အပိုင်းကလေးပဲအေ့"

"ဘယ်မတောင်းဘဲနေမှာတဲ့လဲ အဒေါ်ရာ၊ တောင်းတာပေါ့"

"တောင်းတော့ ညည်းက အားနာပြီးပေးလိုက်ရောလား"

"ဟင့်အင်း၊ အဲဒီလောက်တော့ မိန်းမချော ဘာလို့အပျက်ခံရမှာတဲ့လဲ၊ မင်္ဂလာဆောင်ပြီးမှပဲ ပေးနိုင်မယ်လို့ ပြောလိုက်တယ်"

"တော်သေးတာပေါ့အေ ... အဲသည်လောက်တော့ လည်လည်ဝယ်ဝယ်ရှိဦးမှပေါ့၊ အင်း ... ငါလေ့လာသဘောပေါက်မိတာကတော့ အဖိုးတန်ပစ္စည်းတစ်ခုခုကို ပေးပြီဆိုရင်ဖြင့် တကယ်မြတ်မြတ်နိုးနိုးနဲ့ အတည်ကြံတာဖြစ်မယ်လို့ ထင်တယ်"

"ကျွန်မလည်း အဲသည်လိုပဲထင်တယ် အဒေါ်"

"ဒါပေမယ့် ... ထင်တိုင်းလည်း ယတိပြတ်ဆုံးဖြတ်လို့မရဘူး။ လောကမှာ 'ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရေ' ဆိုတာတွေက အများကြီး၊ ဒီမှာ .. ငါပြောမယ်၊



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာနားထောင်၊ လောကမှာ 'နွားသိုးနဲ့မိုး' အစိုးမရလို့၊ 'ယောက်ျားနဲ့ခွေး' လှည့်ပတ်ပြေးသတဲ့အေ့၊ ဘယ်တော့မှ စိတ်ချလက်ချ သဘောမထားလိုက်နဲ့၊ ဘဝတစ်ခုလုံး လှေကြုံလိုက်စရာမရှိအောင် ရေစုန်မျောသွားမယ်၊ သတိထား . . . သူတို့ရဲ့သဘာဝက အသစ်မြင်ရင် အဟောင်းကို မေ့တတ်ကြတယ်၊ ဒါကို ငါလည်းကြုံခဲ့ရသလို ညည်းလည်း ကြုံခဲ့ရတာပဲမဟုတ်လား''

''ဟုတ်ပါရဲ့ . . . ဒေါ်သက်နှင်းရယ်၊ ဒီတော့ ကျွန်မ ဘယ်လိုများရှေ့ဆက်ရရင် ကောင်းမလဲဟင် . . .''

''မပူနဲ့၊ ဒီကိစ္စအတွက် လုံးဝဆိုလုံးဝမပူနဲ့၊ ငါ့လိုပဲ ညည်းကို လင်တစ်ယောက် နိုင်နိုင်မြဲမြဲရစေချင်တယ်၊ ငါကောင်းစားသလို ငါ့တူမရင်းလိုဖြစ်နေတဲ့ ညည်းလည်း ကောင်းစားရလေအောင် ငါ့ဘဝကို ပြုပြင်ပြောင်းလဲပေးခဲ့တဲ့ အကြားအမြင်လက္ခဏာဗေဒင် ဓာတ်ဆင်ဓာတ်ရိုက်ပါရဂူ 'ဆရာမကြီးဒေါ်ညိန်းရင်'ဆိုတာဆီ ငါလိုက်ပို့ပေးမယ်၊ ညည်းတို့နှစ်ယောက် လိုက်ကြမယ်မဟုတ်လား''

''ဟာ . . . ကျွန်မညီမလေးမေရီ သူ့ဘဝကောင်းစားရေးအတွက်လုပ်ကိုင်တဲ့ဥစ္စာ၊ မလိုက်မဖြစ် လိုက်ရမှာပေါ့၊ ဒါထက် . . . သွားရမယ့်နေရာက ဝေးသလား''

''သိပ်မဝေးပါဘူးအေ . . . ဆိုက်ကားနဲ့သွားရင် ဆယ့်ငါးမိနစ်ကျော်လောက်ဆို ရောက်ပါတယ်''

စိုးစာပေ.



''ကောင်းတယ် . . . အဒေါ်၊ ကောင်းတယ်၊ ဒါဆို ကျွန်မနဲ့အစ်မထွေးရီတို့ အဝတ်အစားလဲပြီး အဒေါ်နဲ့လိုက်ခဲ့မယ်''

မေရီကား . . . တက်တက်ကြွကြွ။

မေရီ တက်ကြွလေတော့ ထွေးရီလည်း အဘယ်မှာလျှင်လေးပင်တုံ့ဆိုင်း၍ နေနိုင်မှာတဲ့နည်း။

www.burmeseclassic.com

www.burmeseclassic.com

# [၁၉]

# မလေးခင် မပန်ထိုက်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်သားစီးလာခဲ့သည့်ဆိုက်ကားက လမ်းသွယ်ကလေးတစ်လမ်းအတွင်း ဝင်ရောက်သွားခဲ့ပြီး အိမ်မင်းရင့်ရော်နေပြီဖြစ်သည့် အိမ်တစ်လုံးရှေ့သို့အရောက်တွင် ကျွဲခနဲ ထိုးရပ်လိုက်လေသည်။

"ရောက်ပြီ ... တူမတို့ ဆင်းလိုက်ကြရအောင်"

ဆိုက်ကားပေါ်မှ သုံးယောက်သား ဆင်းလိုက်ကြသည်။ အလိုက်တသိပင် မေရီက ဆိုက်ကားခကို ထုတ်ပေးလိုက်၏။ ဆိုက်ကားလှည့်ထွက်သွားတော့ အိမ်အိုကြီးတည်ရှိရာ ခြံဝင်းငယ်ကလေးအတွင်း ဝင်လိုက်ကြသည်။ အိမ်၏မျက်နှာစာ၌ ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကလည်း အသွေးအရောင်သိပ်မပေါ်ချင်တော့။

ဆရာမကြီးဒေါ်ညှိန်းရင်
အကြားအမြင်ဟောသည်။





လက္ခဏာဖတ်သည်။ ဗေဒင်ဟောသည်။
ဓာတ်ရိုက်ဓာတ်ဆင် အထူး
ယတြာချေပေးသည်။

ဆိုင်းဘုတ်ပါစာသားကို တွေ့လိုက်ရတော့ ရေနစ်သူအဖို့ ကောက်ရိုးတစ်မျှင်မက တွေ့လိုက်ရသလိုပင်။ အိမ်ဝမှ မိန်းကလေးတစ်ယောက် ဆင်းလာသည်။ ရုပ်သွင်က ရွက်ကြမ်းရေကျို မျက်နှာအနေအထားက ရွှင်ရွှင်ပျပျမရှိလှ။

"ဟဲ့ ... သူငယ်မ၊ ဆရာမကြီးဒေါ်ညှိန်းရင် ရှိသလား ကွယ် ..."

ဒေါ်သက်နှင်းက အမေးစကားပြုလိုက်သည်။ မိန်းကလေးသည် မော့ကြည့်၍အဖြေပေးရှာသည်။

"ဟုတ်ကဲ့၊ အမေရှိပါတယ်၊ ကျွန်မ သွားခေါ်ပေးပါ့မယ်၊ အိမ်ပေါ်တက်ကြပါ"

"အေး ... အေး ..."

မိန်းကလေးက တစ်ဖက်ခြံသို့ ကူးသွားသည်။

မကြာမီ အကြောင်းကြားသွားခေါ်သောကလေးမနှင့်အတူ အသက် ၆၀ ကျော်၊ ခနစ်ဆယ်ခန့် မိန်းမကြီးတစ်ဦး ပါလာသည်။ မိန်းမကြီးနှင့် မိန်းကလေး မည်သို့တော်စပ်လေသည်မသိ။ မျက်နှာပေါက် ခပ်ဆင်ဆင်။

"ဩော် ... ဘယ်သူတွေလဲလို့၊ ဒေါ်သက်နှင်းတို့ကိုး ကိုင်း ... ဆို၊ ဘာများကိစ္စအထူးရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း . . . ဆရာမကြီးဆီကို လာရတာကတော့ ဟောဒီက ကျွန်မရဲ့တူမလေးနဲ့ ပတ်သက်လို့ပါပဲ၊ ကိစ္စကတော့ အိမ်ထောင်ရေးကိစ္စဆိုပါတော့”

ခရီးရောက်မဆိုက်ဆိုသလိုပင် ဒေါ်သက်နှင်းက လာရင်းကိစ္စကို ပြောလိုက်သည်။ မေရီကတော့ ရှက်သွေးဖြာရော့ထင့်၊ ခေါင်းကလေးကိုငုံ့လို့။

“ဩော် . . . ဘယ်လိုများဖြစ်ချင်လို့လဲ၊ ဆရာမကြီးနဲ့တွေ့ရင် အားလုံးအဆင်ပြေသွားစေရမှာပေါ့”

“ကျေးဇူးတင်ပါတယ် ဆရာမကြီးရယ်၊ ကျွန်မတူမလေ . . . ဟောဒီက မေရီဆိုတာပေါ့၊ သူနဲ့ သူ့အမျိုးသားတို့ အဆင်ပြေပေါင်းဖက်နိုင်ဖို့ရာအတွက် ဓာတ်ရိုက်ဓာတ်ဆင် ယတြာလေးဘာလေး လုပ်ပေးဖို့ပါ”

“အို . . . မပူနဲ့၊ မပူနဲ့၊ အားလုံးအဆင်ပြေဖို့ လုပ်ပေးမယ်”

ပြောပြောဆိုဆိုနှင့် ကျောက်သင်ပုန်းနှင့်ကျောက်တံကိုယူကာ ဓာတာခွင်ကို ကောက်ခြစ်လိုက်သည်။

“ကဲ . . . တူမရဲ့အမျိုးသားက ဘာနေ့သားလဲ”

မေရီ ကြောင်အမ်းအမ်းကလေးဖြစ်သွားရှာသည်။ ကိုတိုကေမှာ ဘာနေ့သားမှန်း သူမ မသိ။

“အင်း . . . သူ ဘာနေ့သားမှန်း ကျွန်မ မေးမထားမိဘူး ဆရာမကြီးရယ်”





“ကိစ္စမရှိပါဘူး။ ကဲ . . . ကဲ . . . ငါ့တူမကို တွက်ချက်ကြည့်ရင် အဖြေတစ်ခုခုတော့ ပေါ်လာမှာပါ။ ဗေဒင်မဟောခင် တူမရဲ့လက္ခဏာကို အရင်ကြည့်ရအောင်”

“ဟုတ်ကဲ့ရှင့် . . .”

ဆရာမကြီးလည်း မှန်ဘီလူးအထောက်အကူဖြင့် မေရီ၏လက်ဝါးပြင်နှစ်ဖက်အား စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ပြီးနောက်ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

“အင်း . . . တူမရဲ့လက္ခဏာအနေအထားကိုကြည့်ပြီးဟောရမှာ ခပ်ခက်ခက်တော့ဖြစ်နေပြီ”

“ဟင် . . . ဖြစ်လို့ပါလိမ့်၊ ပြောသာပြောပါ ဆရာမကြီးရယ်၊ ဘာမှ ကျွန်မ မထိတ်လန့်တတ်ပါဘူး”

“ဒါဆိုလည်း ပြောတော့ဟောတော့မယ် တူမ၊ ဒါထက်ငါ့တူမရဲ့အမျိုးသားက အသက်လေးဆယ်ကျော် လူပျိုကြီးဖြစ်ရမယ်”

“မှန်ပါတယ် ဆရာမကြီးရယ်၊ သိပ်ကိုမှန်ပါတယ်၊ သူဟာ ကျွန်မထက်အသက်ကြီးတဲ့ လူပျိုကြီးပါ”

မေရီက ဝန်ခံတော့ နံဘေးရှိ ဒေါ်သက်နှင်းနှင့်ထွေးရီတို့ပါ ခေါင်းတဆတ်ဆတ်ညိတ်မိကြလေသည်။ ပြီးတော့ ဆရာမကြီးဒေါ်ညိန်းရင်ကိုလည်း လေးစားသွားမိတော့၏။

“အသားခပ်ညိုညို၊ အရပ်က ပုပုပြတ်ပြတ်၊ မျက်ခုံးထူထူ၊ နှာခေါင်းပွပွ၊ နဖူးက နည်းနည်းပြောင်လိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကွက်တိပဲ ဆရာမကြီး၊ ကွက်တိမှကွက်တိ၊ နည်းနည်းလေးမှမလွဲဘူး"

"စကားပြောရင် လိုဏ်သံပေါက်ပြီး အင်မတန်ချိုနေလိမ့်မယ်"

"သွေးထွက်အောင်ကိုမှန်လိုက်တာ ဆရာမကြီးရယ်"

"ဒီတော့ . . . ဆရာမကြီးအနေနဲ့ တူမကို ကိုယ့်သွေးသားရင်းလိုသဘောထားပြီး ပြောလိုက်မယ်၊ တူမရဲ့အမျိုးသားဟာ စကားအပြောအဆို ချိုသာသလောက် မိန်းကလေးတွေကို အလွန်လှည့်ဖြားလှည့်စားတတ်တဲ့သူပဲ၊ တူမအရင် အမျိုးသမီးမိန်းကလေး လေးယောက်လောက်ကို လိမ်ညာလှည့်ဖြားပြီးခဲ့ပြီ"

"ရှင် . . ."

ဆရာမကြီး၏ တိကျပြတ်သားလှစွာသောစကားကြောင့် မေရီနှင့်တကွ ဒေါ်သက်နှင်းဧရာ ထွေးရီပါ အံ့ဩထိတ်လန့်သွားရသည်။ အကြားအမြင်ရ ဆရာမကြီး၏စကားတွေက ပြတ်သားလှပေစွ။

"တူမရဲ့အမျိုးသားဟာ သူ့လိုဘမပြည့်ခင် အမျိုးမျိုးလိုက်လျောလိမ့်မယ်၊ ဟိုပစ္စည်းလေးပေး၊ ဒီပစ္စည်းလေးပေးနဲ့၊ နောက် . . . သူ့လိုဘပြည့်သွားခဲ့ရင် အကြောင်းအမျိုးမျိုးပြပြီး စွန့်ခွာသွားလိမ့်မယ်၊ သူက အတည်ကြံမယ့်လူစားမျိုးမဟုတ်ဘူးကွယ့်"





"ဟုတ်ပါ့မလား ဆရာမကြီးရယ်၊ ခုထိတော့ အဲသည်လိုအမူအကျင့်တွေ တစ်စက်ကလေးမှ မတွေ့ရပါဘူး"

"ဘယ်တွေ့ရပါ့မလဲကွယ် . . . သင်းက ကြောင်သူတော်ကြွက်သူခိုးပဲဟာ၊ သူ့နာမည်က ကိုဘိုကေတဲ့၊ ဆီစက်မှာ စာရေးကြီး၊ အဲဒါ . . . မှန်သလား"

"မှန် . . . မှန်လိုက်တာ ဆရာမကြီးရယ်"

"မှန်ရမှာပေါ့ကွယ် . . . ဆရာမကြီးက အကြားအမြင်နဲ့ပတ်သက်ရင် နာမည်တစ်လုံးနဲ့ပဲဟာ၊ ဒါထက် . . . ဪ့တူမရဲ့လည်မှာဆွဲထားတဲ့ ဆွဲကြိုးဟာ ကိုဘိုကေ ပေးထားတာမဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်၊ ချစ်သက်လက်ဆောင်ဆိုပြီး ကိုဘိုကေ ပေးထားတာပါ"

"အံမယ် . . . ရယ်,ရယ်ချင်သေးတော့၊ 'ချစ်သက်လက်ဆောင်'တဲ့လား၊ အဟားဟား . . . အင်မတန်ပလီပိချောက်ချက်နိုင်တဲ့သူပဲ၊ နေဦး . . . နေဦး . . . ဆွဲကြိုးမှာပါတဲ့ လော့ကတ်သီးကို မယုံရင်ဖွင့်ကြည့်၊ အဲဒီထဲမှာ My Sweet ဆိုတဲ့စာလုံး ပါရမယ်"

ဆရာမကြီးဒေါ်ညိုနှင်းရင်၏ ဟောချက်များကား တကယ့်ကို ကွက်တိမှကွက်တိ။ ဆရာမကြီးအဖို့ နတ်မျက်စိများ ပိုင်ဆိုင်ရရှိထားလေသလားမသိ။ ဟောချက်တွေ တစ်ခုမှမယွင်း။

"အဲသည်လူဟာ . . . အဲသလိုပဲ၊ သူကျနေတဲ့အမျိုးသမီးဆိုရင် အဖိုးတန်ပစ္စည်းတစ်ခုခုပေးပြီး အပြောအဆို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညက်ညက်နဲ့ကပ်တော့တာပဲ၊ သူလိုချင်တာကို မရအရ တောင်းတော့တာပဲ၊ တစ်ဖက်သားက ကြာတော့ အားနာပြီး လိုက်လျောရော၊ အဲဒီမှာ . . . ငနဲက လိုချင်တာရပြီး ငြိုးငွေ့လာတဲ့အခါ အကြောင်းအမျိုးမျိုးပြပြီး ခွာဖို့လုပ်တော့တာပဲ၊ ခွာတာတောင်မှ ရိုးရိုးခွာမှာမဟုတ်ဘူး၊ သူ ပေးထားတဲ့ပစ္စည်းလေးကို ဘာလေးထပ်ဖြည့်ပေးချင်လို့၊ ညာလေးထပ်ဖြည့်ပေးချင်လို့ဆိုပြီး မာယာပရိယာယ် ခပ်ကြွယ်ကြွယ်နဲ့ ရအောင်ပြန်တောင်းသွားတတ်တာ''

''ဒါဆို . . . ဒုက္ခပါပဲ ဆရာမကြီးရယ်၊ ကျွန်မတော့ သေသာသေလိုက်ချင်ပါရဲ့၊ အဒေါ်ဒေါ်သက်နှင်းရဲ့ကောင်းမှုကြောင့် ဆရာမကြီးနဲ့ ခုလိုတွေ့ခွင့်ရတာ အင်မတန်မှ ထူးပေတာပဲ၊ ဆရာမကြီးရဲ့ အကြားအမြင်ပညာကတော့ တကယ့်ကို အံ့မခန်းပါပဲလားရှင်၊ ဟောခဲ့ပြောခဲ့တာတွေ မှန်သမျှဟာ တစ်ခုမှကိုမမှားဘူး။ ခုလို . . . ကိုဘိုကေကို မတွက်မချက်ဘဲနဲ့ သူ့နာမည်၊ သူ့အလုပ်အကိုင်၊ သူ ပေးခဲ့တဲ့ပစ္စည်းတွေကို ဟောလိုက်တာများ . . . တကယ့်ကို အံ့သြဖို့ကောင်းပါပေရဲ့''

သည်သို့ချီးမွမ်းပြောဆိုအပြီး ဆရာမကြီးထံမှ ပေါ်ထွက်လာသောစကားကြောင့် မေရီတို့သုံးယောက်သား ပါးစပ်အဟောင်းသားဖြစ်ကာ ထိုအိမ်ဂေဟာမှ အမြန်ပြန်ထွက်ခဲ့ကြလေတော့သတည်း။





''မအံ့သြကြပါနဲ့ကွယ် . . . မအံ့သြကြပါနဲ့ ဘာကြောင့် ခုလိုမျိုး အတိအကျဟောနိုင်သလဲဆိုတော့ ငါ့တူမဆွဲထားတဲ့ ဆွဲကြိုးဟာ ပြီးခဲ့တဲ့လကပဲ ကိုဘိုကေ ဆရာမကြီးဆီက မလိမ့်တပတ်နဲ့ ပြန်တောင်းသွားခဲ့တာမို့ အတိအကျ ပြောနိုင်ဟောနိုင်တာပေါ့ကွယ်၊ ကိုင်း . . . ဘာများထပ်သိချင်သေးလဲ''တဲ့။

ဩော် . . . ဖြစ်ရပုံများ။



www.burmeseclassic.com

www.burmeseclassic.com

# [၁၂]

# ပိတောက်

www.burmeseclassic.com

www.burmeseclassic.com

မှန်းချက်နှင့်နှမ်းထွက်က မကိုက်လေပြီမို့ လိမ်ညာလှည့်စား လှည့်ဖြားတတ်သည့် ကိုဘိုကေကို အရင်းပြုကာ မေရီနှင့်တကွ ဒေါ်သက်နှင်းရော၊ ထွေးရိုပါ ယောက်ျားတွေအပေါ် အတော်ကလေး မျက်စိစပါးမွေး စူးမိကြလေ၏။

သည်အဖြစ်သည်သနစ်ကို ကြားသိရလေသော ခေါင်းရင်း အိမ်က ပင်စင်စား ကျောင်းဆရာမကြီး ဒေါ်လီလီအေးကလည်း တစ်တပ်တစ်အားဆိုသလို စကားဝိုင်းထဲသို့ ဝင်လာသည်။ သူမ၏ အသက်ကား ၆၀ စွန်းပေပြီ။ သို့ရာတွင် ဆေးပေးမီးယူ မလို၍ ပေပဲလား၊ နဖူးစာမင်ရှည်ကြ၍ပေပဲလား မပြောတတ်။ ခုထိ တစ် ကိုယ်ရေတစ်ကာယ အပျိုကြီးဖြစ်၍နေလေသတည်း။

"ငါက ယောက်ျားတွေကို စိတ်နာလွန်းအားကြီးလို့ကို ဒီလိုမျိုးနေခဲ့တာ၊ အရွယ်ရှိတုန်းကဆို ငါ့အနားမှာ ဝိုင်း





ဝိုင်းကိုလည်လို့၊ ရိုက်သတ်လို့ကိုမကုန်ဘူး။ ကိုယ့်ထက် ပညာရည်မြင့်တာတွေ၊ ရာထူးရာခံကြီးတာတွေလည်း တစ်ပုံတစ်ပင်ပဲ၊ သက်တူရွယ်မျှတွေ၊ ကိုယ့်ထက်ငယ်တာ တွေလည်း ပြောမနေနဲ့တော့၊ ဒီကြားထဲ ... ဘုန်းကြီး လူထွက်တောင် ပါသေး ..."

"အဒေါ်လီ ... ခုလိုမျိုးနေရတာ မပျင်းဘူးလားဟင်"

"မပျင်းပေါင်အေ ... ငါ့မှာ ခွေးတစ်ကောင်နဲ့ကြောင် တစ်ကောင်ရှိနေတဲ့ဥစ္စာ၊ ယောက်ျားယူစရာမလိုပေါင်၊ ပြီးပြည့်စုံနေပြီပဲ"

"ဘာဆိုင်လို့လဲ ... အဒေါ်လီရဲ့"

"ဆိုင်တာပေါ့အေ ... လင်ယူရင် ကိုယ့်ကိုနိုင်တဲ့သူ ဖြစ်လိုက သူတို့အလိုမကျရင် ဟိန်းလိုက်ဟောက်လိုက်မယ့် ဖြစ်ခြင်း။ ခုလည်း ... တွေ့ကရာဟိန်းဟောက်ပြီး နား ညည်းအောင်ဟောင်တတ်တဲ့ ခွေးရှိနေပြီလေ၊ ပြီးတော့ ကိုယ်ယူတဲ့လင်က အပေါင်းအသင်းတွေနဲ့ အပြင်ထွက်ပြီး သောက်မယ်၊ အပျော်အပါးလိုက်စားပြီး ညဉ့်နက်သန်းခေါင် မှပြန်လာမယ်ဆိုရင် ... ကိုယ်ကလည်း ကိုယ့်လင်ကိုယ့် ယောက်ျားပြန်လာတဲ့အထိ အိပ်မပျော်ဘဲ စောင့်နေရမယ် မဟုတ်လား"

"အင်း ... ဟုတ်တာပေါ့"

"အေး ... အခု ငါမွေးထားတဲ့ကြောင်ကလေး ည ဘက်အပြင်ထွက်သွားပြီဆိုရင် တော်တော်နဲ့ပြန်မလာဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာသွားပြီး မြှုပ်ကျနေတယ်မပြောတတ်ဘူး။ အဲ .. ပြန်လာပြီဆိုလည်း ညဥ့်နက်သန်းခေါင်မှ၊ ငါကလည်း သင်းပြန်မလာမချင်း အိပ်မပျော်ဘဲ စောင့်ရတယ်ဆိုတော့ ကိုင်း ... ညည်းတို့ စဉ်းစားသာကြည့်၊ လင်ယူဖို့လိုသေးလို့လား''

''ဩော် ... ဒါကြောင့် ဒေါ်ဒေါ်လီက အိမ်ထောင်မပြုတာကိုး၊ ဒါထက် ... ခုလိုမျိုး အပျိုကြီးမဖြစ်ခင် ဇာတ်လမ်းလေးဘာလေးများ မရှိခဲ့ဘူးလားဟင် ...''

''မရှိဘဲနေမလားအေ ... ရှိခဲ့တာပေါ့၊ ဒါပေမယ့် ယောက်ျားတွေဆိုတာ သစ္စာမရှိကြပါဘူး။ ရှေးစာဆိုတော်တွေ၊ ဆရာတော်ကြီးတွေက သူတို့ရဲ့ စာပေကျမ်းဂန်၊ ကဗျာလင်္ကာတွေထဲမှာ တို့မျိုးမိန်းမတွေ မကောင်းတဲ့အကြောင်းသာ တဖွဲ့တနွဲ့ရေးခဲ့ကြတာ၊ ရေးလိုက်ရင်လည်း တကယ့်ကို စေးစေးပိုင်ပိုင်၊ ပျစ်ပျစ်နှစ်နှစ်ဟဲ့ ... မန်လည်ဆရာတော်ကြီးရဲ့ မဃဒေဝလင်္ကာကြီးဆိုရင် တို့မျိုးမိန်းမတွေကို ဖွဲ့ထား၊ လှီးထား၊ နှုပ်နှုပ်စဉ်းထားတာများ ကမ်းကို ကုန်ရော''

အငြိမ်းစားကျောင်းဆရာမကြီးလည်းဖြစ်၊ စာပေဗဟုသုတလည်းနှံ့စပ်သော ဒေါ်လီလီအေးကြောင့် ထွေးရီတို့ ဗဟုသုတတွေ တစ်လှေကြီးပွားစရာဖြစ်ရ၏။

''ခု ... ငါအငြိမ်းစားယူလိုက်တော့ အချိန်တွေအများကြီး ပိုသွားပြီ၊ ဒီတော့ ... ငါဝါသနာပါတဲ့ စာတွေရေးတော့မယ်၊ ကိုယ်တိုင်စာအုပ်ထုတ်နိုင်အောင်ကြိုးစားမယ်''





''ကောင်းတယ် ဒေါ်ဒေါ်လီ၊ သိပ်ကောင်းတယ် ... ဒေါ်ဒေါ်လီရေးမှာ ဘာအကြောင်းတွေများလဲဟင်''

''ယောက်ျားတွေမကောင်းကြောင်းပေါ့ဟဲ့၊ မကောင်းကြောင်းပေါ့၊ သူတို့သာကောင်းနေရင် ငါ ဒီဘဝမျိုးရောက်ပါ့မလား''

ဒေါ်လီလီအေးစကားကြောင့် ထွေးရီအဖို့ ပြုံးချင်ချင်ဖြစ်သွားရသည်။

''ဒီမှာ ... တူမတို့၊ မှတ်ထား၊ ယောက်ျားဆိုတာမျိုးဟာ မိန်းကလေးလှလှများမတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ အင်မတန်တက်ကြွကျတဲ့အမျိုးဟဲ့ ... အဲဒါကြောင့် အဒေါ်ကဗျာလင်္ကာရေးထားတာ ဖတ်ပြမယ်၊ နားထောင်ကြမလား''

''ဟာ ... နားထောင်ချင်တာပေါ့ အဒေါ်ရယ်၊ ဖတ်ပြပါ''

အားလုံးကပင် လိုလိုလားလား တောင်းဆိုကြလေသောကြောင့် အပျိုဟိုင်းဒေါ်လီလီအေးအဖို့ တကယ့်ဂန္ထဝင်ကဗျာဆရာရင့်မကြီးပုံစံဖြင့် သူရေးဖွဲ့ထားသည့် ကဗျာလင်္ကာကို ဖတ်ပြလိုက်လေသည်။

''အဟမ်း ... အဟမ်း၊ သေသေချာချာ နားထောင်ကြနော် ...

'ယောက်ျားသေနာ၊ လူ့တဏှာကား
ကြုံရာအိုင်တွေ့၊ ခြေဆေးလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပျော်မွေ့နှံ့ပွက်၊ ကိုယ်လုံးစွက်လျက်
ကျွဲနက်အလား၊ မြူးပျော်ပါးသို့
ထွားမွတ်ပျိုစင်၊ ငမ်းကြောင်သည်
တွေ့မြင်သမျှ အကုန်တည်း' တဲ့။

ဟွန်း . . . ဟွန်း . . . ဟွန်း . . ဒါတင်ဘယ်ကဦးမလဲ၊ ယောကျ်ားတွေကို ယုံစားလို့များ ပုံအပ်မသွားလိုက်နဲ့၊ ငါးပါးသာမကဘူး၊ သံဃာစင်ပါ မှောက်သွားမယ်၊ အဲဒါကို သတိပေးဖို့ အဒေါ်ရေးထားတာ ဒီလို . . .

'တဏှာဖွဲ့တည်၊ ကိုလှူလည်တို့
ယုံကြည်အောင်ပြော၊ မနော၀ဖြူထည်
ပရိယာယ်ဖွဲ့၊ လိမ်လည်လှည့်၏။
မညားမိခင်၊ မျက်ထားရှင်ရဲ့
သံစဉ်ချိုလွ၊ ခေါ်လိုက်ကြပုံ
ညီမ ချစ်ချစ် အသည်းနှစ်သတဲ့။
ပါးလှစ်သမျှ၊ မျက်စဟန်ချို
နှုတ်ပလီစီ၊ ငြမ်းတောင်ပိလောက်
ချော့ချော့ချော့ချော့၊ နှုတ်လျှာသွက်ရဲ
ကွန်ယက်မှာငြိ၊ ညားကာမိလျှင်
မိတုန်းခဏ၊ ကြင်ယုယလိမ့်
ကာလမကြာ ငြီးငွေ့လာ၍
ကြင်နာမပေး၊ အိမ်နှင့်ဝေးရာ
ပြေးခွာပျော်ပါ၍ သားစိမ်းငါးချစ်





ငါးကင်ပစ်ဖို့
ဟိုထဲနှစ်သက်ဖို့ကောင်း၏' တဲ့ တူမတို့ရဲ့"

"ဟိုထဲဆိုတာ ဘယ်ထဲကိုပြောတာလဲ၊ အသည်းယား ဖို့ကောင်းလိုက်တာ . . ."

"ဘယ့်နှယ် . . . ဒေါ်ဒေါ်ကဗျာ ကြားရတာနဲ့ ယားလာပြီမဟုတ်လား၊ အသည်းယားရင် အမြဲမှားမယ်နော်၊ အဲသလို ကိုယ်လိုချင်တာရပြီး ငြီးငွေ့စိတ်ဝင်၊ စွန့်ပစ်ချင်တဲ့ယောကျ်ားတွေဆို ငပြာရည်ကန်ထဲ နှစ်သက်ဖို့ကောင်းတယ်လို့ အဒေါ်က ကောက်ချက်ချတာကွယ့် . . ကဗျာဆိုတာ ဖတ်ရှုခံစားသူအတွက် တွေးလုံးကလေးတွေ ပေးတတ်ရတယ်"

"ဟုတ်ကဲ့ . . . ဆက်ပါဦး ဒေါ်ဒေါ်လီ"

"ကဲ . . . အဒေါ့်အာဘော်မှာ ငြိသွားကြပြီမဟုတ်လား၊ မန်လည်ဆရာတော်ကြီးက အဒေါ်တို့လိုမိန်းမသားတွေကို . . .

'မိန်းမဟူဘိ၊ ထိုက္ကတ္တိကား . . .
မရှိမကောင်း၊ ရှိမကောင်းနှင့်
မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏' တဲ့။ ဒါမျိုး တစ်ဖက်သတ်ကြီးကိုတော့ မခံနိုင်ပေါင်၊ ဒါကြောင့် . . . အဒေါ်က မိန်းမတွေဘက်ကနေပြီး . . .

'ယောကျ်ားဟူစွ၊ ပုရိသကား . . .
မရှိလျှင်ကောင်း၊ ရှိမကောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မပေါင်းသုခ၊ ပေါင်းဒုက္ခတည့်’လို့ ပြန်ရေးလိုက်ချင်ရဲ့၊ နောက်ပြီး ... ပုရိသယောကျ်ားတို့ရဲ့ အင်္ဂဝိဇ္ဇာကိုလေ့လာပြီး အဒေါ်ဖွဲ့ထားတာ ရှိသေးတယ်။

‘တထောယောကျ်ား။ မျိုးထွေပြားတည့်<br>
ခွဲခြားသုံးသပ်၊ စွဲကာမှတ်လော့<br>
အရပ်လံဘား။ စိတ်ထွေပြား၏။<br>
အလျားမရှည်၊ ပုတိုနေသော်<br>
စိတ်တွေကလည်း တိုတတ်၏။

မျက်နှာခွင်ပြား။ ရာဂပွား၏။<br>
ပါးစပ် သွားတို့၊ ကြီးမားလျှင်မူ<br>
ဆူပူကြိမ်းမောင်း။ ဒေါသဖောင်း၏။<br>
နှာခေါင်းကောက်မူ၊ ရာဂထူ၏။<br>
မဖြူအသား။ မည်းညစ်ငြားက<br>
စိတ်ထားမမှန်၊ ကောက်ကျစ်ဉာဏ်တည့်။<br>
တစ်ဖန်အသား။ ဖြူဆွတ်ငြားသော်<br>
ကြီးမားလောဘ၊ တားမရတည့်<br>
အသားလတ်မှတ်၊ စိတ်ဓာတ်မြဲမြဲ<br>
မြင့်မြတ်မှန်၏။ တစ်ဖန် ခြေ့လက်<br>
ဖဝါးကွက်လျှင်၊ ချင့်တွက်မရ<br>
ကြီးလွန်းလှသော်၊ ဒေါသကုမ္ဘာ<br>
ဘုရင်ရာဂ၊ မှတ်လေစွတည့်။





ထိုမှတစ်သွယ်၊ နဖူးကျယ်၍<br>
သွယ်သောနှာယောင်၊ လူ့ထွတ်ခေါင်တည့်။

မျက်ထားချိုလည်း<br>
ကိုယ်အောက်တစ်ခို၊ ပုပြီးတိုသော်<br>
ထိုပုရိသ၊ ကြီး မောဟတည့်’တဲ့ကွယ် ...

ပြီးတော့ တူမတို့မှတ်သင့်တာက ဇက်ခွန့်လွန်းတဲ့မြင်း။ တထောပြင်းတဲ့ နွားသိုး။ မုန်တွေတိုးတဲ့ ဆင်ပြောင်။ ရှုးကြောင်ခွေးနောက်။ ဝမ်းပေါက်နေတဲ့ လေုယာဉ်။ ဘာမှမမြင်တဲ့ ဆင်ကန်း။ သိပ်မှည့်လွန်းတဲ့သရက်။ ဒါတွေ့ ဒါဓတွထက် လင်ဆိုးကိုထိန်းရတာ ပိုပြီးခက်သတဲ့။

ဒါကြောင့် ... တူမတို့ကို အဒေါ်သတိပေးချင်တာက ကြောက်အားပိုပြီးတော့လည်း အရမ်းမလစ်လေနဲ့ ပြီးတော့ ယောကျ်ားဆိုပြီးတော့လည်း အရမ်းမချစ်လိုက်လေနဲ့”

“အရမ်းလစ်၊ အရမ်းချစ်ရင် ဘာဖြစ်မှာတဲ့လဲ ... ဒေါ်ဒေါ်လီ”

“ဟဲ့ ... ကြောက်အားပိုပြီးတော့ အရမ်းလစ်ရင် အမုန်ဒုက္ခများတတ်သလို၊ ယောကျ်ားဆိုပြီးတော့ အရမ်းချစ်လိုက်ရင် အမြန်မုချ ညားတတ်လို့ပေါ့အေ ...”

“ခစ် ... ခစ် ... ခစ် ...”

ဆရာမကြီး၏သင်ခန်းစာရေယာဉ်ကြော၌ တွေးရီတို့ စီးဝင်သဘောခွေ့သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်စပ်တတ်တာတော့ ဒီလောက်ပဲ၊ အဲ ...
စာအုပ်စာစောင်တွေ ဖတ်ရှုရင်းက ဘယ်စာရေးဆရာ၊
ကဗျာဆရာမကြီးလည်းတော့ မပြောတတ်ဘူး။ သူရေး
သွားတာကောင်းလွန်းလို့ ဒေါ်ဒေါ်ကူးမှတ်ထားတာရှိသေး
သကွယ့် ... နားထောင်ကြ ...

'မျက်ထားချိုချို၊ လောကွတ်ပိုသည့်
ရွှယ်ပျိုနုယဉ်၊ ထိုလုလင်အား
မြင်လျှင်ခဏ၊ ချစ်စိတ်ကြွ၍
ခဏနှင့်ပင်၊ ချစ်ရေးငင်လည်း
ဆင်ခြင်စဉ်းစား၊ တွေးမမှားဘဲ
ရှေးသွားယောက်မျှော်၊ တွေးကာခေါ်၍
ချစ်ဖော်သင့်မည်၊ မသင့်မည်ကို
နှိုင်းဆိုပမာ၊ အမရာသို့
စိတ်မှာဆင်ခြင်၊ ပညာယှဉ်လော့'တဲ့။

'မော်တော်ကားကြမ်း၊ မြင်းကန်း ခွေးရူး
သူရူးယောကျ်ား၊ လုလင်များကို
ရှောင်ရှားပေပြော၊ ကြီးမားဒုက္ခ
လွတ်ကင်းရရှင့်'တဲ့။

'လင် ... လင် ခေါ်ငြား၊ ထိုယောကျ်ားသည်
မညားမီတွင်၊ ရှေ့ဝင်ခစား





မဖုရားဟု၊ အသနားခံ
အောက်လေသံနှင့်၊ ဖန်ဖန်ချော့မော့
ပျိုက ပျော့၍၊ ပြုံးတော့လိုသာ
ချစ်ရေးဖြာလျှင်၊ သူ့မှာတစ်မူ
ချစ်ရေးကြူ၍၊ ဆူဆူကမ္ဘာ
မဖြစ်ပါဟု၊ ကြိမ်စာမျိုးမျိုး
ဆိုတိုးတိုးနှင့်၊ ချစ်ပျိုးရှင်ရှင်
သဒ္ဒါဝင်လျက်၊ သင်ပင်မကြာ
ခြောက်လကြာမူ၊ မျက်နှာတည်တည်
ရှုတည်တည်နှင့်၊ နှစ်လည်ခါချိန်
ချစ်ရေးမှိန်၍၊ တည်ငြမ်စကား
ပိုမများဘဲ၊ ရှေ့နားခြောက်လ
ရောက်ချိန်ကျလျှင်၊ ဒေါသသံပါ
ခပ်မာမာပြော၊ စိတ်ကြမ်းနော၍
ချစ်သောကာလ၊ နှစ်–နှစ်ရမူ
အိမ်သူမျှပင်၊ မှတ်မထင်တော့
ထမင်းပြင် ဟင်းချက်၊ ခိုင်းသက်သက်နှင့်
ချစ်ရက်သုံးနှစ်၊ တွက်ခါစစ်လျှင်
တဖျစ်တောက်တောက်၊ ဆူသံပေါက်နှင့်
တိုးရောက်လေးနှစ်၊ ရောက်လာလစ်မူ
ထစ်ခနဲဆို၊ တုတ်ကိုကိုင်စွဲ
ရိုက်မည်မဲ၍၊ ဆဲကာဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



ခြေကန်ပါ၏။ မညှာညှဉ်းဆဲ

ထပ်ထပ်ကဲသည်

မလွှဲယောက်ျား အကျင့်တည်း' တဲ့။

ကဲ ... ဘယ်မလဲ၊ ယောက်ျားတွေကောင်းတယ်ဆိုတာ၊ ဒါကြောင့် ... ဒေါ်လေး ခုချိန်ထိ ယောက်ျားနဲ့ပတ်သက်လို့ ဘာဆိုဘာမျှမစဉ်းစားဘဲ ခုချိန်ထိ အပျိုကြီးလုပ်နေတာပေါ့ တူမတို့ရဲ့၊ အင်း ... လက်ဖက်သုပ်လည်းတစ်ဝစားပြီးပြီ၊ ယောက်ျားတွေရဲ့ သဘောသဘာဝကိုလည်း သင်ခန်းစာပို့ချပြီးပြီ၊ ကိုင်း ... အိမ်က ခွေးနဲ့ကြောင်ကို အစာကျွေးဖို့ရာကိစ္စရှိသေးတယ်၊ ပြန်ဦးမှပဲ''

အပျိုကြီးဒေါ်လီလီအေးလည်း ထွေးရီတို့ကိုနှုတ်ဆက်ကာ သူမ၏ခြံဘက်သို့ ပြန်ကူးသွားခဲ့သည်။ ဤတွင် မေရီက ဒေါ်သက်နှင်းကိုကြည့်ပြီး မျက်နှာလွှဲကာ ကျောခိုင်းထွက်ခွာသွားသော ဒေါ်လီလီအေးအား မေးထိုးပြလိုက်သည်။ 'ဘယ်လိုလဲ'ဆိုသည့်သဘော။

''အလကားပါအေ ... ရတာမလို၊ လိုတာမရလို့အပျိုကြီးဖြစ်ပြီး၊ ယောက်ျားတွေမကောင်းတဲ့အကြောင်း၊ စာဖွဲ့လို့ဇာချဲ့နေတာ၊ ယောက်ျားယူရတဲ့အရသာကို ဒင်းမသိလို့၊ သိများသာသိလို့ကတော့ဖြင့် 'ကောင်းမှန်းသိသာအိတစိုစို'ဖြစ်နေမှာ၊ 'ပူတူတူလေးယိုစုံ'ဖြစ်နေမှာ မြင်ယောင်သေး ...''

''လင်ယူတာနဲ့ ပူတူတူလေးယိုစုံ ဘာဆိုင်လို့လဲ''





''ဆိုင်ပါသော်ကောအေ ... စားပြီးရင်းစားချင်၊ စားပြီးရင်းစားချင်၊ အဟင်းဟင်း ... ဟင်း ...''

ဟန်နှင့်ပန်နှင့်၊ အမူအရာနှင့်လုပ်ပြလိုက်သော အိမ်ထောင်ရှင် ဒေါ်သက်နှင်း၏အမူအရာကြောင့် လင်ယောက်ျားနှင့်ပတ်သက်၍ စိတ်ကူးယဉ်နေမိကြသော ထွေးရီနှင့် မေရီတို့မှာ သဘောခွေး၊ မနောခွေး ဖြစ်သွားကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# [၁၇]

# အကျွန်ုပ်နှင့် သူဌေးကတော်ကြည်

www.burmeseclassic.com

www.burmeseclassic.com

ကျိုက်ထော်အရပ်ဆီမှ ဆံထုံးနောက် သျှောင်ပါလာသော ကို၆အောင်ဟိဏ်း၏ ဆံပင်ညှပ်ဆိုင်ကလေး။

ညနေရီနေညိုစောင်းပြီဆိုလျှင် ကာလသားတွေ စုဝေးတွေ့ဆုံကြပြီ၊ ကျားထိုးသူထိုး၊ စကားဝိုင်းဖွဲ့သူဖွဲ့၊ ထန်းရည်ခါးမော့သူမော့ဖြင့် တစ်နေ့တာ၏ညနေချမ်းကို ဖြုတ်သန်းကြစမြဲပင်။ ရတနာရှိရာ ရတနာစု၊ သာမဏောန သာမဏော၊ ဂေါဏောန ဂေါဏောဆိုသလို စာရေးကလေးမောင်သာချိုလည်း အဆိုပါဆံသဆိုင်ကလေးသို့ ရောက်ရှိလာကာ ကာလသားတွေနှင့် တလုံးလုံးတထွေးထွေး ဖြစ်နေတတ်သည်။

ခုလည်း ... လခထုတ်လာခဲ့သည်မို့ ထန်းရည်တကားခံရင်း စကားဝိုင်းဖွဲ့နေကြလေပြီ။ ကာလသားလူပျိုလူလွတ်တွေဆိုတော့လည်း ရောက်တတ်ရာရာ၊ ဘာညာကွိကွတွေ ဖောင်ဖွဲ့ပြရင်း





ကမ္ဘာဦးကတည်းက လူသားနှင့်အတူ စတင်ပေါက်ဖွားလာခဲ့သည့် အချစ်ဆိုသောအကြောင်းအရာသို့ ရောက်ရှိသွားခဲ့ကြလေ၏။

"နေပါဦး ... ကိုသာချိုရဲ့၊ ခင်ဗျား ကိုကံကြီးမောင်ရဲ့ ဝမ်းကွဲနှမ ထွေးရီကို တကယ်ပဲ နှစ်သက်စုံမက်နေလို့လား"

"ဟာ ... ဘယ့်နှယ်မေးလိုက်တာလဲ ကိုနိုင်ဝင်းရာ၊ စားလည်းထွေးရီ၊ သွားလည်းထွေးရီ၊ အိပ်မက်ထဲလည်းထွေးရီ၊ ယုတ်စွအဆုံးဗျာ ... အိမ်သာတက်လို့ အစာဟောင်းတွေစွန့်နေရင်တောင်မှ ထွေးရီကလေးကိုပဲ မြင်ယောင်နေမိတော့တယ်၊ ကျွန်တော် ... ဒါမျိုးတစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ အဲဒါမှ တကယ့်အချစ်ဗျ။ တကယ့်အချစ်"

"အင်းလေ ... ချစ်ခြင်းအစဆိုတာ မျက်စိပသာဒက စတယ်လို့ စကားရှိဖူးတာပဲဟာ ... လောကလူသားအားလုံးဟာ အချစ်ကို ရှာဖွေကြတယ်၊ လောကလူသူတွေကျတော့ အချစ်ကို ခံယူလိုကြတယ်၊ ဒါထက် ... ခင်ဗျားအနေနဲ့ အချစ်ဟာ ဘာနဲ့တူတယ်လို့ ထင်မြင်ယူဆသလဲ ကိုသာချို"

ထန်းရည်ခါး၏ဒီဂရီက တရိပ်ရိပ်တက်လာသလို၊ စကားအရှိန်တွေကလည်း တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။ ကာလသားအတော်များများလည်း ချစ်အဓိပ္ပာယ်ကိုဖွင့်ဆိုမည့် စာပေဗဟုသုတအတန်အသင့်ကျယ်ဝန်းလှသည့် ကိုသာချို၏ဖွင့်ဆိုချက်အား ထန်းရည်ခွက်ကလေးများ ကိုယ်စီကိုင်လျက် နားစွင့်နေမိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . တကယ်တမ်းပြောရမှာတော့ဖြင့် အချစ်ဆိုတာ ဟောဒီ ကျွန်တော်တို့သောက်နေတဲ့ ထန်းရည်နဲ့ တူတာပေါ့ဗျာ . . ."

"ဘယ်လို . . . ဘယ်လို၊ အကျယ်တဝင့် ရှင်းလင်းစမ်းပါဦး ကိုသာချိုရာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော်တို့လည်း ကြားချင်တယ်၊ သည့်အတွက် . . . ကိုသာချို ထွေးရိုက်ကိုနိုးရင် ကျွန်တော်တို့အားလုံး အကျိုးဆောင်ပေးမယ်ဗျာ . . ."

မီးလောင်ရာတော့ လေက ပင့်နေချေပြီ။

ကိုသာချိုကလည်း ထန်းရည်ကလေးခပ်ထွေထွေနှင့် အင်မတန်မှ ပြောချင်ဆိုချင်နေသူပါတည်း။

"ဒီလိုဗျ . . . ဒီလို . . . ဒီလို . . .

ထန်းပင်မှာရှိတဲ့ ထန်းနို့ဆိုတာက သူ့အချိန်ကျလာပြီဆိုမှဖြင့် ပေါ်ထွက်ကြီးပြင်းလာတတ်ကြသလို ကျွန်တော်တို့ ပုထုဇဉ်လူသားတွေဆိုတာဟာလည်း အပျိုဘဝ၊ လူပျိုဘဝ ရောက်လာကြတဲ့အခါ အချစ်စိတ်ဆိုတာ ထွက်ပေါ်လာစမြဲ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အချစ်ထန်းနို့ကြီး ထွက်လာပြီ . . . ဟား ဟား ဟား . . ."

ကာလသားတွေခမျာ ခွင်းချက်မရှိထောက်ခံကြရင်း အကြီးအကျယ် သဘောကျနေလေတော့၏။

"ဆက်ပြောဦးမယ် . . ."





"ပြော . . . ပြော . . ."

"ထန်းနို့ စထွက်လာတာနဲ့ ထန်းရည်ချိုရလာသလို၊ အချစ်စဖြစ်လာတာနဲ့ ၅၂၈ မေတ္တာချိုချို ဖြစ်လာတာပဲ မဟုတ်လား"

"ဟုတ်ပါ့ဗျာ . . . ဟုတ်ပ . . . ဟုတ်ပ"

"အဲ . . . ထန်းရည်အချိုက ချိုးခံထားပြီး အလျဉ်မိအောင်ခံပြီးသောက်ရင် နေမြင့်လာတာနဲ့အမျှ ရီဝေ၊ ရီဝေ ဖြစ်လာတော့တာပဲ၊ အချစ်ဆိုတာလည်း ၅၂၈ ကို အလျဉ်မိအောင်ခံ၊ ၉၇၂ ထိ မြင့်တက်လာတဲ့အခါ ၁၅၀၀ ဖြစ်လာပြီး အချစ်မူး၊ မူးတော့တာပဲ။

အဲဒီမှာ သတိပြုစရာအချက်ကလေးရှိသေးရဲ့၊ အဲဒါက ထန်းရည်ကို ကိုယ့်အတိုင်း၊ ကိုယ့်အထွာနဲ့ ချင့်ချင့်ချိန်ချိန် သောက်သုံးမယ်ဆို သိပ်ကိုအရသာရှိသလိုပဲ၊ အချစ်ကိုလည်း ကိုယ့်အတိုင်းအတာနဲ့ကိုယ် စနစ်တကျချစ်သွားတတ်မယ်ဆိုရင် အရသာသိပ်ကိုရှိတာပဲမဟုတ်လား"

"ဒါလည်းမှန်ပေတာပဲ . . . ကိုယ့်ဆရာ၊ ကိုင်း . . . ဆက်ပါဦးဗျာ"

"အဲဒီမှာ ထန်းရည်ကို လိုအပ်တာထက် အတိုင်းအတာပိုပြီး အလွန်အကျွံ ပိုသောက်မိရင် အမူးလွန်ပြီး ထန်းရည်မူးတော့ ကျွဲနိုးပေါ်သလိုမျိုး အချစ်ကိစ္စမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ချင့်ချိန်မှုမရှိဘဲ မျက်ရမ်းမှန်းဆ အဆုံးစွန်ချစ်မိရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြမှာပဲ''

''ဟုတ်ပ ... ကိုသာချိုရာ၊ နှိုင်းယှဉ်ချက်တွေကတော့ တကယ့်ကို ကွက်တိပဲ''

''ထန်းရည်ကို လိုအပ်တဲ့အတိုင်းအတာထက်ပိုပြီး အလွန်အမင်းသောက်မိလို့ သိပ်ကိုမူးသွားတဲ့အခါ နောင်ကိုမသောက်တော့ပါဘူးရယ်နဲ့ ပြောဆိုတတ်ကြသလိုပဲ သိပ်ချစ်ကြတဲ့သူချင်း တစ်ဦးက တစ်ဦးကို သစ္စာဖောက်သွားတဲ့အခါ 'မိန်းမဆို တော်ပါတော့'၊ 'ယောကျ်ားဆိုတော့တာပဲ'တွေ ဖြစ်ကုန်ကြတယ်မဟုတ်လား။ ထန်းရည်အမူးသမားများ အမူးပြေတော့လည်း နောင်တရမိတာတွေ ဘေးချိတ်ပြီး ထန်းပင်ကိုမော့ကြည့်တတ်ကြသလို၊ အချစ်ကရလာတဲ့ဒဏ်ရာတွေ ကျက်သွားတဲ့အခါမှာလည်း အချစ်ဆိုတာကြီးကို တမ်းတတတ်ကြတာပဲဗျာ ...''

''ဒါလည်း ဟုတ်ပေတာပဲ''

''ဆက်ပြီးပြောရဦးမယ် ... ထန်းရည်ကိုတွေ့တိုင်း အလွန်အကျွံသောက်တတ်တဲ့သူဟာ ဘယ်လောက်မူးမူး ဂရုမစိုက်တတ်သလို၊ ဘယ်မိန်းမကိုတွေ့တွေ့ အလွန်အကျွံပွေဖူးဝဲ့သူဆိုရင်လည်း ရည်းစားက ပစ်သွားခဲ့ရင်တောင် မတုန်မလှုပ်တော့ဘူး၊ ဂရုမစိုက်တော့ဘူး''

''ကျင့်သားရတော့လည်း အသည်းမာသွားသလိုပေါ့''





''မှန်တာပေါ့၊ ထန်းရည်ဆိုတာ မူးဝေနေတုန်းအရသာရှိနေတတ်ပြီး အမူးပြေသွားတဲ့အခါကျတော့ တစ်မျိုးကြီးဖြစ်နေတတ်သလို၊ အချစ်ဆိုတာကလည်း ချစ်နေတုန်းသာ အရသာရှိပြီး၊ အချစ်ပြေသွားတဲ့အခါများမှာတော့ တစ်မျိုးကြီးဖြစ်နေတတ်ပြန်ရော''

''သမီးရည်းစား ချိန်းတွေ့တာမျိုးလိုနေမှာပေါ့''

''နောက်ပြီး ... ထန်းပင်တက်တဲ့အခါ အန္တရာယ်များတတ်သလို၊ ချစ်သူရဲ့အိမ်ကို တက်တဲ့အခါမှာလည်း အန္တရာယ်များတာပဲ''

''ဒီတော့ ချစ်သူနေတဲ့ပတ်ဝန်းကျင်ကို တည့်အောင်ပေါင်းထားဖို့ အရေးကြီးတယ်၊ ချစ်သူရဲ့အိမ်မှာ ခွေးတွေဘာတွေရှိနေရင် ထန်းလျက်ခဲနဲ့ ခွေးကို ဖော်လံဖားထားရမှာပေါ့''

''ထန်းရည်ရောင်းတဲ့အခါ လိုင်စင်လုပ်မထားရင် နိုးကြောင်ခိုးဝှက် ရောင်းချရသလို၊ ချစ်သူနဲ့ချစ်ကြတဲ့အခါ စေ့စပ်လမ်းကြောင်းလုပ်မထားခဲ့ရင် ခိုးကြောင်ခိုးဝှက်ချစ်ကြရတာပဲ''

''ဒါလည်း ဟုတ်သဟ ...''

''နောက် ... ဆက်ပြောဦးမယ်၊ ထန်းရည်သောက်တဲ့အခါ အမြည်းကောင်းရင်ကောင်းသလောက် သောက်ရတာ သိပ်ပြီးအရသာရှိသလို၊ ကိုယ့်ချစ်သူနဲ့ချစ်ကြတဲ့


www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ချစ်သူမှာ သူ့အောက် ဖွန်တောင့်တောင့်နဲ့ခယ်မကလေးများပါခဲ့ရင် ပိုပြီးတော့အရသာထူးကဲလေရဲ့''

''ကောင်းလိုက်တဲ့နှိုင်းယှဉ်ချက်တွေပါပဲလားဗျာ ... ကိုသာချိုကို ဒီလောက်ပညာရှိလိမ့်မယ်လို့ အစက ထင်မထားမိဘူး၊ ခုတော့ ... ယောက်ဖလောင်း ကိုကံကြီး မောင်ထက် အပုံကြီးသာသွားပြီ၊ တကယ် ... တကယ်''

ကိုနိုင်ဝင်းက ထုတ်ဖော်ချီးကျူးနေသဖြင့် မောင်သာချို အဖို့ ဘဝင်ခပ်မြင့်မြင့်ပင် ဖြစ်သွားချင်ချင်။

''ဒါတင်ဘယ်ကဦးမှာတဲ့လဲဗျာ ... ဝါရင့်ထန်းရည်သမားကြီးတွေဆိုရင် အစိမ်းသက်သက်လူငယ်ကလေးတွေကို တကယ့်လူကြီးသူမစတိုင်နဲ့ 'ဟေ့ .. ချာတိတ်ကလေးတွေ၊ ထန်းရည်ဆိုတာ သေရည်ထဲမှာပါတယ်၊ မသောက်ကြနဲ့၊ အစမလုပ်ကြနဲ့'လို့ ဩဝါဒပေးတတ်သလို၊ ဝါရင့်အိမ်ထောင်ရှင်ကြီးတွေဆိုရင်လည်း အိမ်ထောင်ရေးရာမှာ လူတတ်ကြီးတွေလိုလုပ်ပြီး 'ဟေ့ ... ချာတိတ်ကလေးတွေ၊ လူကြည့်တော့ နို့နံ့တောင်မစင်သေးဘူး၊ သမီးရည်းစားတွေဘာတွေထားဖို့ စိတ်မကူးကြနဲ့ဦး'လို့ ဆုံးမဩဝါဒမပေးကြဘူးလား''

''ပေးကြတာပေါ့ ... တကယ့်ကို မျက်မှန်းကျိုးစရာကောင်းမှကောင်း၊ သူတို့ကတော့ လုပ်ချင်ရာလုပ်ခဲ့ကြပြီးမှ ဩဝါဒလာပေးကြတယ်''





''လောကမှာ ... ထန်းရည်ကို ယောင်လို့တောင်မှ မသောက်ကြဘဲ လုံးဝကင်းရှင်းအောင် ရှောင်ကြတဲ့သူတွေဟာ သူတော်ကောင်းတွေဖြစ်ကြသလို၊ အချစ်ကိုလုံးဝမရှာဘဲ တစ်ကိုယ်ရေတစ်ကာယ နေထိုင်သွားကြတဲ့သူတွေကျတော့ 'လူပျိုကြီး'တို့၊ အပျိုကြီး'တို့ ခေါ်ကြတယ် မဟုတ်လား၊ ဒါကြောင့်လည်း ... အချစ်ဆိုတာဟာ ထန်းရည်နဲ့တူတယ်လို့ ကျွန်တော်ပြောတာပေါ့၊ ကျွန်တော့် အဆိုကို လက်သင့်ခံနိုင်ကြပါသလား''

''လက်သင့်ခံတယ်၊ လက်သင့်ခံတယ်၊ ဒီအတွက် ဆက်ချမယ် ... ဆက်မော့မယ်''

အကျိုးသင့်အကြောင်းသင့် ချက်ကျလက်ကျ နှိုင်းနှိုင်းပြောဆိုမှုအပေါ် အားလုံးက သဘောကျနေကြသည်။

''ဒါဖြင့် ... ထန်းရည်ကြိုက်တဲ့ကိုသာချိုဟာ အချစ်ဆိုတဲ့ထွေးရီကို တကယ်ပဲရအောင် ကြိုးစားတော့မယ်ပေါ့''

''ဒါပေါ့ဗျာ ... ဒါပေါ့၊ ထွေးရီဆိုတာ မောင်ကြရွယ်တဲ့ စံပယ်ကုံးလေးပဲ မဟုတ်ပါလား၊ အဲသည်စံပယ်ကုံးလေးကိုသာ ပိုင်ပိုင်လည်ဆွဲခွင့်ရရင် ကမ္ဘာမှာ ကျွန်တော့်လောက် ပျော်ရမယ့်သူ ရှိတော့မှာမဟုတ်ဘူး''

အချစ်၏ဆွဲငင်အား၊ အချစ်၏အာနိသင်ကား ... လွှမ်းစွာမှအစွမ်းထက်လှပါပေစွ ...။





www.burmeseclassic.com

www.burmeseclassic.com

# [၉]

# ပါးစပ်ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com

သာချိုတစ်ယောက် ခုတော့လည်း ဝမ်းကွဲယောက်ဖလောင်းလျာ ကိုကံကြီးမောင်နှင့် အလွမ်းသင့်လျက် ဆက်ဆံရေးလမ်းကြောင်းတွေ သင့်ခဲ့ပြီ။

စိတ်ရင်းမနောဓာတ်ခံကောင်းသည့် ကံကြီးမောင်ကြောင့်လည်း ဇာတိရပ်ရွာ ရွှေသရက်ရွာသို့ မပြန်ဖြစ်သေးသည့်ထွေးရီထံ ရွှေစွန်ညိုကြီး လုပ်ခွင့်ရနေခဲ့ပေပြီ။

'ရွှေစွန်ညို ဘာလို့ဝဲ၊ မထွေးလိုလို့ ဝဲ'မှန်း ထွေးရီမသိဘဲ နေပါမည်တဲ့လား။

''ပြောမယ့်လို့ပြောတာမဟုတ်ဘူး ငါ့နှမ၊ သာချိုဆိုတဲ့ ကောင်ဟာ လူငယ်သဘာဝ အပေါင်းအသင်းကာလသားတွေနဲ့ တရုန်းရုန်းလုပ်မယ့်သာလုပ်တာ စိတ်ဓာတ်ကမညံ့ဘူး။ ခေတ်ပညာလေးလည်းရှိရုံမက၊ အလုပ်နဲ့အကိုင်





နဲ့ဆိုတော့ စိတ်ကူးမလွဲနဲ့၊ ဒီခေတ်ကြီးထဲမှာ လင်ကောင်းသားကောင်းရဖို့ အင်မတန်ရှားတယ်''

''ဟာ ... ကိုကံကြီးမောင်က ဘာပြောမှန်းလဲမသိဘူး။ အဲဒါဆို မေရီနဲ့ဆက်ပေးလိုက်ပါလား''

''ဟ ... သာချိုက မေရီ့ကို မကြိုက်လို့သာပ၊ ကြိုက်လို့ကတော့ သဘောအတူကြီးတူပြီးသားပဲ၊ သူက နင့်ကိုစိတ်ဝင်စားနေတာဟ၊ နင်ကလည်း ငါ့ရဲ့ဝမ်းကွဲနှမဆိုပေမယ့် နှမအရင်းလိုပါပဲဟာ၊ နှမကောင်းစားရေးအတွက် ငါက ကြားကနေ အကျိုးဆောင်ပေးနေတာ၊ နောင်ကျတော့ 'ကောင်းတော့ နင်တို့နှစ်ယောက်၊ ညောင်းတော့ ကံကြီးမောင်'ဖြစ်မှာ မြင်ယောင်ပါသေး၊ အဟေးဟေး-ငါတော့ နင်နဲ့သဘောတူတယ်ဟာ ...''

''အို ... ဘာမှန်းလဲမသိဘူး၊ သွား ... သွား''

ကံကြီးမောင်က သူ့စိတ်ထဲရှိသမျှ ဘွင်းဘွင်းရှင်းရှင်းပြောဆိုပြီး တဟားဟားရယ်မောကာ အပြင်သို့ထွက်လာခဲ့သည်။ ထွေးရီခမျာမတော့ ခြေဆောင့်, နှုတ်ခမ်းစူရင်း ကျန်ရစ်ခဲ့သည်။

သို့သော်ငြား ... ကံကြီးမောင် ပျောက်ကွယ်သွားတော့ စူသောနှုတ်ခမ်းသည် ပြုံးပြုံးရွှင်ရွှင်ဖြစ်လာခဲ့သည်။

ဩော် ... ဖူးစာကံက မှန်ကောင်းမှန်လေပြီထင့်။



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း လမ်းထိပ်လက်ဖက်ရည်ဆိုင်၏ ညနေခင်းမှာတော့ လူစုံတက်စုံ ရှိနေကြလေပြီ။ သည်လူစုထဲ၌ သာချိုလည်း ပါသည်။

“လာဗျာ ... ကိုကံကြီးမောင်၊ ခင်ဗျားက ဟိုစပ်စပ် သည်စပ်စပ်နဲ့ ဗဟုသုတရှိတဲ့သူမို့ ဟောဒီပြည်ခရိုင်ထဲမှာ ရှိတဲ့ နေရာဒေသအချို့ရဲ့ ရာဇဝင်ကို မေးမြန်းတီးခေါက် ကြည့်ချင်တယ်”

“ဘာများသိချင်လို့တုန်း သာချိုရယ် ... ဘာလုပ်ဖို့လဲ”

“ကိစ္စကတော့ ... ပြည်ခရိုင်က မဂ္ဂဇင်းတစ်အုပ် ထုတ်မယ်ကြားတယ်၊ အဲဒီမှာ ဒေသန္တရဗဟုသုတဖြစ်ဖွယ် ဆောင်းပါးလေးဘာလေးရေးမလို့၊ အဲဒါ သိချင်တဲ့ အကြောင်းကိစ္စကို မေးရတာ”





“နေပါဦး ... ဘယ်ဒေသတွေနဲ့ပတ်သက်ပြီး သိချင်ရတာလဲ”

“အင်း ... သိချင်တာပြောရရင် ရွှေတောင်ရယ်၊ ပေါက်ခေါင်းရယ်၊ နတ္တလင်းရယ်၊ အိုးသည်ကုန်းရယ်၊ အဲသည်မြို့တွေဟာ ဘယ်လိုအကြောင်းကိစ္စတွေကြောင့် အဲဒီနာမည်တွေ တွင်နေရသလဲဆိုတာ ...”

“အေး ... ငါသိသလောက်ပြောရရင် ပါးစပ်ရာဇဝင် နဲ့ဆိုင်လိမ့်မယ်ထင်တယ်ကွ၊ ငါကြားဖူးတဲ့ ပါးစပ်ရာဇဝင်၊ တစ်နည်းအားဖြင့် ပုံပြင်ကိုပြောရရင် ... အဟမ်း ... အဟမ်း ...”

ကာလသားတွေအားလုံး အာဝဇ္ဇန်းရွှင်စွာပြောဆိုတော့ မည့် ပါးစပ်ရာဇဝင်ပုံပြင်အား နားစွင့်နေမိကြတော့သည်။

“ဟိုးရှေးရှေးတုန်းကပေါ့ကွာ ... အထက်အညာ ဒေသက မြို့တစ်မြို့မှာ သမီးရည်းစားနှစ်ယောက်ရှိကြ တယ်၊ ငရွှေနဲ့ မိတင်တဲ့။

ငရွှေက ရိုးရိုးအအရှိသလောက်၊ မိတင်က ပျံတံတံ၊ နန့်တံတံ၊ ရုပ်ရည်ကလေးက ချောသလောက် အင်မတန် လည်း ကလက်တက်တက်နိုင်တယ်၊ ပြီးတော့ ကျော ထောက်နောက်ခံအင်အားကလေးကလည်း နည်းနည်း ရှိတော့ သူ့အသိုင်းအဝိုင်းက ငရွှေနဲ့သဘောမတူကြဘူး။ သဘောမတူဆို ငရွှေက သူတို့အိမ်မှာ အခစားဝင်လုပ် နေတဲ့ သူရင်းငှားမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . . 'အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ' ဆိုသလို တစ်ဦးနဲ့တစ်ဦး မခွဲနိုင်၊မခွာရက် ဖြစ်နေကြတော့ ခိုးပြေးကြပါရောကလား . . . သည်အခါ ဥစ္စာနေမှာန်တက်နေတဲ့ မိတင်ရဲ့ မိဘမောင်ဖွားတွေက တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဆိုသလို မရအရခွဲမယ်၊ ငရွှေ ကိုလည်း သတ်မယ်ဖြတ်မယ်နဲ့ ဓားဆွဲတုတ်ဆွဲပြီး မြေလှန် ရှာနေလို့ အသက်အန္တရာယ်အတွက် မဖြစ်ချေဘူးဆိုပြီး ဟောဒီငါတို့ပြည်ဘက် ထွက်ပြေးလာကြတယ်ဆိုပါတော့''

ဇာတ်အပျိုးလေးက စိတ်ဝင်စားစရာ။

ဇာတ်ကြောင်းပြောသူကလည်း အသံသြဇာပြည့်ပြည့်။ ဟန်ပန်လှုပ်ရှားမှု သွက်သွက်လက်လက်ကြောင့် အားလုံးပင် အံ့အားတသင့် ငေးမောနေမိကြတော့သည်။

''သည်လိုထွက်ပြေးလာကြရင်းက ရွှေတောင်ဖြစ်လာ မယ့်ဒေသကို ရောက်ကြရောတဲ့၊ နေစရာလောလောလတ် လတ် မရှိသေးတာနဲ့ ဇရပ်တစ်ဆောင်ကိုဝင်ပြီး နားကြ တယ်၊ စားဖို့သောက်ဖို့အတွက် မိတင်မှာ ငွေစကြေးစ ကလေးတွေ ပါလာတာမို့ အနီးအနားထမင်းဆိုင်ကပဲ ထမင်းဟင်းတွေဝယ်ပြီး ဇရပ်ပေါ်မှာ စားသောက်ကြတယ်၊

အဲသည်အရပ်ဒေသမှာ လူနေအိမ်ခြေက ခုလိုမထူ ထပ်သေးဘူး။ ရွာဆက်တွေကလည်း တော်တော်လေး လှမ်းတယ်၊ ဒီတော့ ငရွှေတို့ကို ညားခါစလင်မယားနှစ် ယောက်အတွက် နားနေတည်းခိုတဲ့ဇရပ်ဟာ သာလာယ်





ဇရပ်ဆိုပေမယ့် အေးလည်းအေးချမ်းသလို၊ လွတ်လည်း လွတ်လပ်တယ်။

ငရွှေဟာ ညားခါစလင်မယားအရသာကို အင်မတန် သဘောခွေ့တာကြောင့် ထမင်းကို တစ်ဝတစ်ပြဲကြီး စား ပြီးတဲ့အခါတိုင်း 'မိတင်ရေ . . . ငါတော့ ထမင်းဝပြီကွာ၊ အဲဒါ . . . အဟီး' ဆိုပြီး ပြုးပြုးကြီးပြောလေ့ရှိဆိုပဲ၊ အဲ– ငရွှေ ထမင်းဝပြီဆိုတာနဲ့ ဘာကလိုတိုတို ထ,ဖြစ်တဲ့နေရာ ကို 'ငရွှေတောင်'လို့ ခေါ်တွင်ရာကနေ တဖြည်းဖြည်း ကာလရွှေ့လျောသွားတဲ့အခါ 'ငရွှေတောင်'ကနေ 'ရွှေ တောင်' ဖြစ်သွားတယ်လို့ မှတ်သားမိခဲ့သကွာ . . .''

တကယ်ပဲဟုတ်လေသလား၊ မဟုတ်လေသလားဆိုသည် ကို သာချိုနှင့် ကာလသားအပေါင်းတို့ မသိကြ။ သိရကြားရသည့် ပါးစပ်ရာဇဝင် ဒဏ္ဍာရီပုံပြင်က ပြုးချင်စရာကောင်းလေသည်မို့ အားလုံးပင် နားတွေစွင့်မိကြလေတော့၏။

''ရွှေတောင်ဆိုတာကတော့ ဟုတ်ပါပြီဗျာ . . . . ပေါက်ခေါင်းဆိုတာကြီးကကော တော်တော်ဆိုးတဲ့နာမည် ကြီးပဲ၊ ကျွန်တော့်အမေရဲ့ဇာတိက ပေါက်ခေါင်းတဲ့ဗျ''

''ဟာ . . . ကောင်းတာပေါ့ငွေမောင်ရယ်၊ မင်းအမေ အတွက် ပုဇ္ဇနိမိတ် အင်မတန်ကောင်းတဲ့မြို့ပဲ၊ အဲ, . . . ဘာကြောင့် ပေါက်ခေါင်းလို့တွင်သလဲဆိုတော့ ငရွှေနဲ့ မိတင်တို့ 'ရွှေတောင်'ဖြစ်လာမည့်ဒေသမှာ ရှိနေတယ် ဆိုတဲ့ သတင်းရသွားတဲ့ မိတင်ရဲ့မိဘမောင်ဖွားတွေက



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုယ်စီဆွဲပြီး လိုက်လာကြသတဲ့၊ အဲဒီသတင်းကို ဈေးထဲဝယ်ခြမ်းစရာရှိတာကို မျက်နှာကလေးတဘက်အုပ်ပြီး ဈေးဝယ်လာတဲ့ မိတင် သိလိုက်ရတာ။

ဒါနဲ့ . . . မဖြစ်ချေဘူးဆိုပြီး ရိုးရိုးအအ, ကျေနုံးကွဖြစ်နေတဲ့ ငရွှေ့လက်ကိုဆွဲပြီး လွတ်နိုင်မယ့်နေရာကိုထွက်ပြေးကြသတဲ့၊ အဲဒါနဲ့ မြို့တစ်မြို့ရောက်တဲ့အခါအချိန်ကာလကလည်း ညဘက်ကြီး၊ လရောင်အလင်းကလည်း ပြည့်ပြည့်ဝဝမဟုတ်တော့ ခပ်လှမ်းလှမ်းတစ်နေရာက မြို့အဝင်ဇရပ်တစ်ဆောင်ကိုတွေ့တာနဲ့ အဲဒီဇရပ်ပေါ်တက်ပြီး အိပ်ကြသတဲ့။

အဲဒီမှာ ကြားဖြတ်ပြီးပြောရဦးမယ်၊ ငရွှေနဲ့မိတင်တို့ကနှစ်ဦးသဘောတူ ထွက်ပြေးကြလို့သာ လင်မယားရယ်လို့အများက မှတ်ထင်ကြမှာ၊ တကယ့်တကယ်တမ်းကျတော့လင်မယားအရာမမြောက်ကြသေးဘူး။ ဘာကြောင့်ဆို . . ငရွှေက ရိုးရိုးအအကြီးမဟုတ်လား''

''တောက် . . . တော်တော်တုံးတဲ့ ငရွှေပဲကွာ၊ ငါဆိုလူစားဝင်လဲပစ်ချင်တယ်''

ကာလသားပေါက်ငွေမောင်က အားမလိုအားမရဖြစ်ကာဝင်ပြောသည်။ ဝင်မပြောကြသော ကာလသားတွေစိတ်ထဲမှာလည်းပါးစပ်ရာဇဝင်ထဲက ငရွှေ့အပေါ် အားမလိုအားမရဖြစ်ကြရသည်တော့ အမှန်ပင်။





''အေး . . . အဲဒီညမှာ ဘာကဘယ်လိုဖြစ်တယ်မသိဘူး ငါ့အထင်တော့ မိတင်ကပဲ ဦးဆောင်ဦးရွက်ပြုသလားမသိဘူး၊ သူတို့နှစ်ယောက် တကယ့်ကိုမင်္ဂလာဦးညဖြစ်ပြီးလင်မယားအရာမြောက်သွားတယ်၊ အဲဒါကို အစွဲပြုပြီးမင်းအမေဇာတိဖြစ်တဲ့ အဲဒီမြို့ကလေးဟာ 'ပေါက်ခေါင်း' လို့ တွင်သွားတာတဲ့ကွ''

''ဟား . . . ဟား . . . ဟား၊ မင်းအမေ ပေါက်ခေါင်းသူအတွက် ဂုဏ်ယူပေတော့ ငွေမောင်ရေ၊ ဝါး . . . ဟားဟား ဟား . . .''

ကံကြီးမောင်၏ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လုပ်ကြံဖန်တီးသည့် ပါးစပ်ပုံပြင်က ကာလသားစကားဝိုင်းအားရယ်မောသံတို့ဖြင့်စိုပြည်စေခဲ့သည်။

''ဒီလိုနဲ့ . . . ပေါက်ခေါင်းအရပ်မှာ နေလာကြရင်းကတစ်နေ့တော့ မိတင်လည်း သူ့ယောကျ်ားငရွှေနဲ့ပတ်သက်ပြီး အတွေးတွေဝင်မိတယ်ဆိုပဲ။

အင်း . . . ငရွှေဟာ ယောကျ်ားသားသာဆိုတယ်၊ ဘာမှဦးဆောင်နိုင်မယ့်အရည်အချင်းလည်း မရှိဘူး၊ ပေးတာယူမယ်၊ ကျွေးတာစားမယ်၊ ခိုင်းတာလုပ်မယ်ဆိုတဲ့အဆင့်ပဲရှိတယ်၊ မဖြစ်ချေသေးပါဘူး . . . တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသလို ပေါက်ခေါင်းအရပ်ကိုကျောခိုင်းပြီးနောက်အရပ်ဒေသတစ်ခုကို ပြောင်းရွှေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်မှာလည်း နေရထိုင်ရတာ အဆင်မပြေလှဘူး။ အဲဒါကလည်း . . . ငွေကြောင့်ပဲဆိုတာပေါ့၊ အရာရာကို မိတင်ကချည်း ဦးဆောင်နေရတယ်၊ ကြာတော့လည်း လင်အရင်းအစစ်ဖြစ်တဲ့ ငွေကို ခွာပြီး နောက်တစ်လင် ပြောင်းပြီး ယူလိုက်ရကောင်းမလားလို့ စဉ်းစားနေမိတယ် တဲ့''

''ဟာ . . . ဒါတော့ ဒီမိန်းမ သစ္စာမရှိတာပဲ၊ ငွေ့ စရိုက်ကို အရင်ကတည်းက မသိဘူးလား။ တကယ်တမ်း ညားပြီးခါမှ ကလေးကစားသလိုလုပ်တာတော့ မကြိုက် ဘူးဗျာ . . .''

''အိုကွာ် . . . မင်းတို့ကို ငါအစကတည်းက စကားခံ ထားတယ်မဟုတ်လား။ မိတင်ရဲ့စရိုက်က လုတပတရုပ် ကလေးအပေါ် အခြေပြုပြီး ကလက်တက်တက်နေတတ် ပါတယ်လို့၊ စရိုက်ကိုက အဲသလိုစရိုက်မျိုးဆိုတော့ မိတင် သည်လိုမျိုးတွေးတာ သဘာဝကျပါတယ်ကွာ . . .''

''ဟုတ်ပါပြီဗျာ . . . ဟုတ်ပါပြီ၊ ကဲ . . . ဆက်ပါဦး''

''အဲသလိုကွာ . . . နောက်တစ်လင်ယူဖို့တွေးမိတဲ့မြို့ ဟာ ကာလတွေရွှေ့လျောတာနဲ့ နောက်တစ်လင်ကနေ နိုက်တစ်လင်၊ နိုင်တစ်လင်ကနေ ဟောဗျာ . . . နတ္တလင်း ဆိုပြီး ဖြစ်လာခဲ့တာတဲ့ဗျား . . .''

''ဝါး ဟား ဟား ဟား . . .''





ရယ်မောသံတွေ ပွဲတင်ထပ်သွားကြပြန်သည်။ ကာကြီးမောင် ရှိလျှင် လက်ဖက်ရည်ဆိုင်သည် လူစည်ကားလှသည်မို့ ဆိုင်ရှင်က ရေနွေးအိုးကို အပြတ်မခံဘဲ အလျှဉ်မီအောင် ချပေးလေ့ရှိ၏။

''ဒါထက် . . . 'အိုးသည်ကုန်း' ဆိုတာကို လုပ်ဦးဗျာ၊ အဲဒီရွာဟာ ကျွန်တော့်ရည်းစားမိပေါက်ရှိတဲ့ရွာဗျ''

''ဟာ . . . ဟုတ်လား၊ အင်း . . . ကောင်းတယ်၊ ကောင်းတယ်၊ မင်းလည်း ငွေလိုကောင်မျိုးဖြစ်မှာပဲ''

''မဆီမဆိုင်လိုက်တာဗျာ . . . ကျုပ်နာမည် ငဖေဗျ။ ငဖေ၊ ငွေမဟုတ်ဘူး''

''ကိုင်း . . . ထားပါတော့ကွာ၊ မင်းနဲ့ကတ်ဖိုးကတ်ဖဲ့ ပြောနေရရင် လိုရင်းကိုရောက်တော့မှာမဟုတ်ဘူး။ အဲ . . . 'အိုးသည်ကုန်း' ဆိုတာကို ဆက်ရဦးမယ်၊ ဒီလိုနဲ့ နတ္တလင်းမှာ နေကြရင်းက 'ဣတ္ထိဝက်' နဒီဝက် ဆိုသလို မိတင်က ထုံထုံအအငွေကွယ်ရာမှာ လူတစ် ယောက်နဲ့ အချိတ်အဆက်ဖြစ်ကြတယ်ဆိုပဲ။

အဲသည်လူဟာ ငွေနဲ့ဆို ဆီနဲ့ရေလို ကွာတယ်တဲ့၊ မျက်နှာထားခပ်ချိုချို၊ အပြောအဆိုက သွက်သွက်၊ ခန္ဓာ ကိုယ်အချိုးအဆက်တွေက တကယ့်ယောကျ်ားပီသတဲ့ အနေအထားဆိုတော့ နဂိုကတည်းကမှ စိတ်ကစားနေတဲ့ မိတင်ဟာ မျက်စိကျသွားပါလေရော၊ ဟိုတွေးလည်း စားနေကျကြောင်ဘားဆိုတော့ ငွေ့အလစ်မှာ မိတင်ကို တစ်နေရာကို ခိုးပြေးသွားတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနိုးပြေးသွားတဲ့နေရာဒေသဟာ နောက်တော့'အိုးသည်ကုန်း'ဆိုပြီး တွင်သွားတယ်တဲ့ကွာ ...''

''ဟာ ... သူတို့ဘာသာနိုးသွားတဲ့ကိစ္စ၊ ဘာဖြစ်လို့ 'အိုးသည်ကုန်း'ဖြစ်ရတာတဲ့တုန်း။ လုံးဝဆိုလုံးဝ မဆီမဆိုင်ဘူးဗျာ''

ကံကြီးမောင်၏လုပ်ကြံရာဇဝင် ပုံပြင်ဒဏ္ဍာရီအပေါ် စောဒကတက်သံများ ဝေဆာလာခဲ့သည်။ ကံကြီးမောင်ကလည်း အားကျမခံပါချေ။

''ဟာ ... ဆိုင်တယ်ကွ၊ ဆိုင်တယ်၊ မင်းတို့ ဘာမှနားမလည်ဘဲနဲ့ အသားလွှတ်စောဒကမတက်ကြနဲ့၊ မိတင်ကို ကြာကူရီရိုက်သွားတဲ့ငတိက ဘာလုပ်တယ်မှတ်လို့တုန်း''

''သိဘူးဗျာ ... သူဘာလုပ်တယ်ဆိုတာပြော၊ မိတင်နဲ့ နောက်မီးလင်းပြီးညားတဲ့အလုပ်ကို မပြောနဲ့''

''မပြောလို့မရဘူး။ ပြောမှကိုရမယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီကြာကူလီငတိဟာ နယ်တကာ,အရပ်တကာလှည့်ပြီး အိုးတွေရောင်းတဲ့ အိုးသည်တစ်ယောက်တဲ့ကွ၊ အဲ ... မိတင် အဲဒီငတိနောက်လိုက်ပြီး ညားတဲ့အရပ်ဟာ ဒီနာမည်တွင်တာ ဆန်းသတဲ့လားကွာ ...''

''ဟား ဟား ဟား ... ဟုတ်တယ်၊ ဟုတ်တယ်''

ကာလသားအပေါင်း ဝမ်းသာအားရ ရွှင်မြူးစွာဖြင့် ထောက်ခံကြပါ၏။ သာချိုအဖို့တော့ ကိုကံကြီးမောင်၏ပါးစပ်ရာဇဝင်အပေါ်





အားကိုးအားထားပြု၍ ဆောင်းပါးတစ်စောင်တစ်ဖွဲ့ရေးမိပါက ဂုဏ်ပြုခံရမည်ထက် အဆိုပါအရပ်ဒေသရှိ နယ်သူနယ်သားအပေါင်းကတို့၏ အရပ်ဒေသ၊ ဇာတိဒေသအား မဟုတ်တမ်းတရားတွေနှင့် သိက္ခာချရပါမည်လားဆိုကာ ဝိုင်းဝန်းတွယ်ကြမည့်အရေး တွေးယောင်မြင်ယောင်မိသဖြင့် စာတစ်စောင်ပေတစ်ဖွဲ့ ရေးဖို့ရာအစီအစဉ်ကို ဖျက်သိမ်းလိုက်ရပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# [၁၇]

# မှိုင်းပြီ



www.burmeseclassic.com

www.burmeseclassic.com

ထွေးရီတစ်ယောက် သူ့ရပ်သူ့ရွာဖြစ်သော ရွှေသရက်သို့ ပြန်သွားလေသောအခါဝယ် လွမ်းမောတသ,လျက် ဟာတာတာကြီး ဖြစ်ကျန်ခဲ့ရသူမှာ ဓာတ်လိုက်ကျော်ကြီးသာချိုပင် ဖြစ်လေသည်။

"ဘယ်လိုဖြစ်နေရတာလဲ . . သာချိုရာ၊ မင်းမလည်း ငါ့နှမထွေးရီ သူ့ရွာပြန်သွားကတည်းက ခွေးအ,ကြီးလည် ပင်း လှည်းတက်အကြိတ်ခံရသလို တမှိုင်မှိုင်,တတွေတွေနဲ့ ဘယ်လိုလဲ . . . လန်းသွားရအောင် ထန်းရည်ချမလား၊ ငါတကာခံပါမယ် သာချိုရဲ့"

"ဟူး . . . မသောက်ချင်ပါဘူး ကိုကံကြီးမောင်ရာ၊ မှန်တဲ့အတိုင်းပြောရရင် ထွေးရီပြန်သွားပြီးကတည်းက စားလို့လည်းမဝင်၊ အိပ်လို့လည်းမပျော်နဲ့ ဘယ်လိုကြီးကို မသိဘူး၊ သိပ်ကိုခံစားနေရတယ်၊ ဒီလိုခံစားရမယ်မှန်း





သိရင် ရှေ့မျက်နှာနောက်ထားပြီး ချစ်စကားဆိုလို့ အဖြေကို မရမကတောင်းလိုက်ပါတယ်ဗျာ၊ ခုတော့ ကျွန်တော့် အနေအထားက သူမသိငါပိုး ဆိုသလိုများ ဖြစ်နေမလား မသိဘူး"

"ဟာကွာ . . . ငါ့နှမထွေးရီက ဒီလောက်မအပါဘူး၊ မသိချင်ယောင်ဆောင်နေတာပဲဖြစ်မယ်၊ မသိတာတော့ လုံးဝမဖြစ်နိုင်ဘူး၊ ငါတို့အမျိုးက ချက်ဆိုနားခွက်က မီး တောက်ပြီးသားပါ၊ ဟကောင် . . . သာချို၊ ငါလည်း ရှေ့မျက်နှာနောက်ထားပြီး မေးပါရစေဦး၊ မင်း တကယ်ပဲ ငါ့နှမထွေးရီကို ချစ်သလား"

"တကယ်ချစ်တာဗျ . . ."

"တကယ်ကော နှစ်နှစ်ကာကာကြိုက်ရဲ့လား"

"ဟာ . . . ဘယ့်နှယ်ပြောလိုက်တာလဲ၊ သေလောက်အောင်ကိုကြိုက်တာဗျ"

"ငါယုံပါတယ်ကွာ . . . ငါ မင်းအပေါ်လုံးဝယုံတယ်၊ ယုံလို့လည်း ထွေးရီကိုရစ်နေတာသိပေမယ့် မသိကျိုးကျွံ ပြုနေခဲ့တာပေါ့၊ တစ်ခုတော့ရှိတယ် . . ."

"ဘာများလဲ . . . ကိုကံကြီးမောင်ရဲ့"

"ငါနှမထွေးရီက တောသူလေးပီပီ တကယ့်ကို အရိုးခံ မလေးပါ၊ အိမ်မှုကိစ္စမှန်သမျှကို ထောင့်စေ့အောင်လုပ် တတ်တယ်၊ အချက်အပြုတ်မှာလည်း တကယ့်ကိုလက် ဆိပ်ရှိတဲ့ ကလေးမ၊ အဲ . . . ဒါပေမယ့် ကြွက်တို့၊ ကြောင်



www.burmeseclassic.com

www.burmeseclassic.com



တို့၊ ပိုးဟပ်တို့၊ အိမ်မြှောင်တို့ကိုတွေ့ရင် ဘယ်လိုသဘော
လည်းမသိဘူး။ လူတွေကို ညစ်တီးညစ်ပတ်လုပ်တဲ့သတ္တဝါ
တွေလို့ယူဆပြီး တွေ့ရာနဲ့ဆွဲရိုက်၊ ကြွက်တွင်းတွေ့ရင်
ရေလောင်းပြီး ဝါးလုံးနဲ့ထိုးလိုထိုး လုပ်တတ်တာကွ''

''ဒါကတော့ သူ့စရိုက်သူ့သဘာဝမို့ပါ၊ ဖျောင်းဖျ
ပြောဆိုပြီးပြုပြင်ရင် ရပါတယ်၊ အရွယ်နဲ့အသိက စကား
ပြောလာမှာပါ''

''မင်းဆီက ဒီလိုစကားမျိုးကြားရတာ ငါ့နှမကလေး
အတွက် ဝမ်းသာပါတယ်ကွာ၊ ဒီနှစ်တော့ အလွမ်းတွေ
အောင့်ထားဦး။ လာမယ့်နှစ် တွေးရီ တို့ဆီလာလည်တဲ့
အခါကျတော့ အားလုံးအဆင်ပြေအောင် ငါစီစဉ်ညွှန်ကြား
ပေးမယ်။

လာပါကွာ ...အဲသည်လိုငိုင်မနေပါနဲ့၊ လန်းလန်း
ရွှင်ရွှင်ဖြစ်သွားအောင် တစ်ခွက်တစ်ဖလား သွားချလိုက်
ကြရအောင်''

မတော်ရသေးသည့်ယောက်ဖလောင်းက အတင်းကာရော
ဆွဲခေါ်တော့လည်း အားနာပါးနာနှင့်ပင် ကိုကံကြီးမောင်နောက်
လိုက်ခဲ့ရပြန်လေသတည်း။



ကံကြမ္မာများ အံ့အားသင့်ဖို့အကောင်းသား။

သာချိုတစ်ယောက် လုပ်ငန်းခွင်ရာထူးတိုးစာမေးပွဲဖြေ
အပြီး အောင်စာရင်းတွေထွက်လာတော့ ရာထူးတစ်ဆင့်တိုးပြီး
လက်ရှိနေရာဒေသမှ အခြားသောအရပ်ဒေသသို့ ပြောင်းရွှေ့မိန့်
ထွက်လာသည်။

ကာလသားအပေါင်းအသင်းတွေကတော့ လက်ပွန်းတတီး
ရင်းနှီးချစ်ကြည်စွာနေထိုင်ခဲ့သော သာချိုတစ်ယောင် သည်ရပ်
သည်ရွာမှ ခွဲခွာတော့မည့်အတွက် စိတ်လက်မကောင်းကြ။ သည်
အထဲမှာတော့ ကိုကံကြီးမောင်က တစ်မျိုးတစ်ဘာသာ။

''မင်းတို့က စိတ်မကောင်းဖြစ်နေကြတယ်၊ ဟုတ်စ၊
ငါကတော့ သာချိုကြီး ခုလိုရာထူးတက်ပြီး နယ်ကိုလွှင့်
သွားတာ သိပ်ကိုဝမ်းသာတယ်''



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကြီးကတော့ ... လုပ်ပြီဗျာ"

"ဟုတ်ပ၊ နေစမ်းပါဦး ... ကျုပ်တို့တစ်တွေ ဝမ်းပန်းတနည်းဖြစ်နေကြချိန်မှာ ခင်ဗျားကြီးက ဘာလို့ဝမ်းသာရတာတဲ့တုန်း"

"ဟ ... ဝမ်းမသာဘဲနေမလားကွ၊ ဒီကောင်ကြီး အခုသွားရမယ့်နေရာက ဘယ်နေရာမှတ်လို့လဲ၊ ထွေးရီတို့ရွာနဲ့ နီးနီးကလေးရှိတဲ့မြို့နယ်ကွ"

"ဗျာ ..."

"အေး ... အဲဒါကြောင့် ဝမ်းသာရတာပေါ့ကွ၊ သူ့အလုပ်ဌာနနဲ့ ထွေးရီတို့ရွာသရက်ရွာဆိုတာ နီးနီးကလေး။ သူ့အလုပ်က လယ်ယာမြေတွေလိုက်ပြီးစစ်ဆေးရတဲ့အလုပ်ဆိုတော့ အမြဲတမ်းအဝင်အထွက်ရှိနိုင်တယ်။

ဒီကောင်ကြီး နဖူးစာမင်ရည် ပျစ်ခဲသွားရလေအောင် ထွေးရီအမေ ငါ့ဒွေးလေးကို စာနဲ့သေသေချာချာရေးပြီး အမှန်းတင်ပေးလိုက်မယ်၊ ထွေးရီကို ဒီကောင်ကြီးနဲ့ စိတ်ချလက်ချ ပေးစားလိုက်ပါလို့"

"ခင်ဗျားကတော့ တကယ့်အောင်သွယ်တော် ရွှေယောက်ဖကြီးပဲဗျာ၊ တကယ် ... တကယ် ..."

သည်လိုတော့လည်း ကာလမကြာခင် ဘဝအခြေတကျဖြစ်တော့မည့် ချစ်သည့်သူနှင့် ရွှေလည်တွဲ နွဲ့ပျော်ရတော့မည့် သာချိုကြီးအတွက် ဝမ်းနည်းခြင်းမှ ဝမ်းသာခြင်းသို့ ကူးပြောင်းရတော့၏။

စိုးစာပေ



"ကဲ ... ဒီတော့ တို့ခင်မင်ရတဲ့သာချိုကြီးအတွက် ကြက်သားကာလသားချက်နဲ့ ထန်းရည်ခါးအစီအစဥ်လေးကိုလုပ်ကြရင် မကောင်းလား"

"ကောင်းတယ်ဗျို့ ... ကောင်းတယ် ..."

အပေါင်းအသင်းတွေအားလုံး အားပါးတရ ဝမ်းပန်းတသာဖြင့် သာချိုကြီးနှုတ်ဆက်ပွဲကို ပျော်ရွှင်မြူးတူးစွာ ဆင်နွှဲလိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်တာဝန်ဖြင့် နယ်မြေသစ်သို့ ရောက်ခဲ့ပြီ။

အစစအရာရာသည် အဆင်ပြေချောမွေ့လျက်။

ထွေးရီတို့ရွာကိုရောက်ပြီး ဝင်လည်တော့ ထွေးရီကလည်း ဝမ်းပန်းတသာ၊ အားပါးတရ ကြိုဆိုခဲ့သည်။ ထွေးရီတို့မိသားစုက လည်း ရိုးသားသော တောသူတောင်သားတွေပီပီ သာချိုကြီးကို ညှို့ဝတ်ကျေကြသည်။

ဝင်လည်ပြီးအပြန်မှာတော့ ကိုကံကြီးမောင်ရေးပေးလိုက်သောစာအား ထွေးရီမိခင်ဒေါ်ဖွေးတုတ်လက်ထဲ ရှိသေစွာထည့်ခဲ့၏။ ခြေတုန်လက်တုန်နှင့် ရင်တုန်ပန်းတုန်တော့ အဖြစ်သား။

ရွှေသရက်မှအပြန် သူ့ဌာနသို့ပြန်ရောက်ပြီး ဌာနမှပေးသော အိမ်ခန်းလေးထဲနားနေရင်း မှေးခနဲဆိုသလို သူအိပ်ပျော်သွားခဲ့သည်။ ထိုစဉ်မှာပင် ရှင်းကြော့နေသော ထွေးရီ၏မျက်နှာကလေးက ဖျတ်ခနဲပေါ်လာသည်။





"ထွေးရီ ..."

"ရှင် ..."

"ထွေးရီကို ကိုယ့်ရင်ထဲက ခံစားနေရတဲ့ဝေဒနာတွေကို ဖွင့်ဟချင်နေတာ ကြာပါပြီ၊ ဒါပေမယ့်လည်း မပြောရဲလို့ ရင်ထဲမျိုသိပ်ထားနေခဲ့ရတာ၊ ခုတော့ဖြင့် မမျိုသိပ်နိုင်လွန်းလို့ ပေါက်ကွဲတယ်လို့ သဘောထားပါ၊ ပြီးတော့ ကိုယ့်ကိုလည်း စိတ်မဆိုးပါနဲ့လို့ တောင်းပန်ချင်ပါတယ်၊ ကိုယ် ထွေးရီကို သိပ်ချစ်တယ်၊ အဲ ... အဲဒါ ... ထွေးရီ ကိုယ့်ကို ဘယ်လိုသဘောထားသလဲဟင် ..."

မဝံ့မရဲဖြင့် ဖွင့်ဟပြောဆိုလိုက်မိပြီးနောက် ထွေးရီကိုကြည့်လိုက်တော့ ပြုံးရွှင်နေသောမျက်နှာထားလေးက ခပ်တင်းတင်းဖြစ်သွားခဲ့သည်။

"ဩ ... လက်စသတ်တော့ ဘာစကားများပြောမလဲလို့မှတ်နေတာ၊ ရှင်က ဒီယုန်မြင်လို့ ဒီချုံထွင်လိုက်တာကိုး၊ အစ်ကိုကံကြီးမောင်ကိုလည်း ဘယ်လိုများစည်းရုံးလိုက်သလဲမသိဘူး၊ အမေ့ကိုပေးလိုက်တဲ့စာထဲမှာ ရှင်နဲ့ကျွန်မကို ပေးစားသင့်တယ်တဲ့၊ ပြီးတော့ ရှင့်ရဲ့အရည်အချင်းတွေကို မှန်းထားလိုက်သေး။

ဒီမှာ ... ကိုသာချို၊ ရှင့်ကိုအပြတ်ပြောလိုက်မယ်၊ ရှင်ဟာ တစ်ရွာသား၊ ပဝါပါးကို ကြက်သားထုပ်ဖို့မသင့်သလို၊ ထွေးရီအနေနဲ့လည်း တစ်ရွာသားကို ဘယ်တော့မှ ရည်းစားမလုပ်ဘူးဆိုတာမှတ်လိုက်ပါ၊ ဒါ ... ကျွန်မရဲ့ အဖြေပဲ၊ သွားမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ထွေးရီ . . . ထွေးရီ၊ ကိုယ် . . . ကိုယ်ရှင်းပြပါရစေဦး ထွေးရီရယ် . . ."

ထွေးရီက လှည့်၍ပင်မကြည့်။ ဆတ်ခနဲကျောခိုင်းကာ စိမ်းစိမ်းကားကားကြီးပြုသွားခဲ့လေပြီ။

သည်မှာတင် အိပ်မက်က ဖျတ်ခနဲနိုးထလေတော့၏။

" ဟူး . . . တော်ပါသေးရဲ့၊ အိပ်မက်ထဲမှာမို့လို့ အပြင်မှာဆိုရင် တကယ့်ကိုပြဿနာပဲ၊ တော်ပြီ . . . တော်ပြီ၊ ခုတိုင်း ခင်ခင်မင်မင်နေတာကမှ ဖြေသာသေး၊ ထွေးရီရဲ့ အမုန်းကို ခံစားရမယ်ဆိုရင် ငါ့ဘဝက ရှင်လျက်နဲ့သေသလို ဖြစ်သွားလိမ့်မယ်"

ထိုနေ့ညက အိပ်ကြည့်သော်လည်း အိပ်မပျော်ခဲ့။

လှပကြော့ရှင်းသော ထွေးရီ၏မျက်နှာကလေးက သူ့မျက်လုံးထဲမှ လုံးဝကိုမထွက်ခဲ့။

တကယ်လည်း ထွေးရီ လှပါသည်။

ထွေးရီ၏မျက်လုံးကလေးများသည် ရယ်၍နေလေသည်။ နှုတ်ခမ်းကလေးနှစ်လွှာမှာလည်း ဆေးရောင်မခြယ်ပါဘဲ ရဲရဲတွတ်တွတ်ကလေးဖြစ်နေသည်။ နှာတံလေးက ဖြောင့်ဖြောင့်စင်းစင်း။ အသားကလေးက ဝါဝါနုနု။ ရင်ကလေးကြွသလို တင်ကလေးကလည်း တကယ့်ကိုလိုက်မောလောက်အောင် လှမှလှ၊ ယဉ်ယဉ်စစကလေးကို စတင်မြင်ရကတည်းက စွဲငြိအသည်းဆိုက်ခဲ့ရသည် မဟုတ်ပါလား။





သည်ရပ်သည်ရွာ၌ ထွေးရီကိုကြိုက်သူတွေ ရှိပေလိမ့်မည်။ သည်လိုမျိုး ထွေးရီကိုကြိုက်ကြမည့်သူတွေနှင့်ပတ်သက်၍ သူလုံးဝစိတ်မဝင်စားချင်ခဲ့။ စိတ်ဝင်စားမိလို့က သူပဲ အသည်းနင့်အောင် ခံစားရပေမည်။

ခုလောလောဆယ်မှာတော့ သူ ထွေးရီအား နှုတ်မှဖွင့်ပြောမထားသေး၍ ဘာမှုတော့ ကိစ္စရှိလိမ့်ဦးမည်မဟုတ်။ အခင်မပျက်၊ အမင်မပျက်ဘဲ ထွေးရီတို့အိမ်သို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာခွင့်ရနေသည် မဟုတ်ပါလား။ ထွေးရီတို့မိသားစုကလည်း သူ့လိုပညာတတ်တစ်ယောက်၊ ရာထူးရာခံရှိသူအား လိုလိုလားလားရှိပုံရသည်။

ထွေးရီကိုယ်တိုင်ကလည်း . . . သူရောက်ရှိလာခြင်းအပေါ် ဝမ်းသာရွှင်ပျဖြစ်နေမှုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ သူ့အကြည့်ကို ထွေးရီတစ်ယောက် နားလည်လိမ့်မည်ဟု ယုံကြည်သည်။

ခုတော့ . . . အိပ်မက်ပုံရိပ်က သူ့အား ရှေ့တိုးဖို့အရေးတားဆီးနေသည့်အသွင်။

အို . . . ဘယ်လိုရှေ့ဆက်စခန်းသွားရပါ့ . . .။



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၆ ]

# ဦးတာကံ့သဒကြွခင်းရုပ်

www.burmeseclassic.com

www.burmeseclassic.com

သည်ကနေ့ ရွှေသရက်ရွာကလေးမှာ မြေတိုင်းစရာကိစ္စရှိသည်။

တပည့်တစ်ယောက်နှင့်အတူ ရုံးမှထွက်လာခဲ့ရင်းက လုပ်ငန်းခွင်၌ တပည့်ကလေးကိုထားရစ်ကာ ထွေးရီတို့အိမ်ဘက်သို့ သူထွက်လာခဲ့သည်။ အိမ်မှာ ထွေးရီအမေဒေါ်ဗွေးတုတ်နှင့် သားငယ် ဖိုးချွန်တို့ကို တွေ့ရသည်။

"ဗျို့ . . . အစ်ကိုကြီး၊ မမထွေးရီကိုတွေ့ချင်လို့ လာတာလား"

"အယ် . . ."

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ ဖိုးချွန်က စကားသွက်သောကလေးပီပီ ပေါက်တင်ကြီးမေးလိုက်သည့်အတွက် သူ ကြောင်အမ်းအမ်း၊ ရှက်အမ်းအမ်းဖြစ်သွားရသည်။ ဒါကို ငယ်ရာမှကြီးလာသော အရီးဒေါ်ဗွေးတုတ်က ရိပ်စားမိလိုက်သည်။





"ဟဲ့ . . . ကောင်လေး ကျောင်းမသွားသေးဘူးလား ကျောင်းချိန်နီးနေပြီ"

"သွားမှာပေါ့ အမေရ၊ အစ်ကိုကြီးက အစ်မထွေးရီကို လာရစ်နေတာ ကျွန်တော် မသိဘဲနေပါ့မလား။ အစ်မထွေးရီ ဘယ်ကိုသွားတယ်ဆိုတာ ကျွန်တော်ပဲသိတာဗျ။ ဒါကြောင့် ခေါ်ပေးသင့်ရင် ကျွန်တော်က သွားခေါ်ပေးမလို့ မေးရတာ"

"ဟဲ ဟဲ ဟဲ . . . နေပါစေ ဖိုးချွန်ရာ၊ အစ်ကိုကြီးက ကြုံကြိုက်လို့ ဖိုးချွန်တို့ဆီ ဝင်လည်တာပါ"

"လာလည်ပါဗျာ . . . ကျွန်တော်တို့က ညှိသည်လာရင် သိပ်ပျော်တာဗျ၊ အမေတို့က ညှိသည်လာမှ ဟင်းကောင်းချက်တာဗျ၊ အစ်ကိုကြီး ပြန်မသွားနဲ့ဦးနော် . . . ထမင်းစားပြီးမှပြန်ရမယ်"

"ဟုတ်သားပဲ မောင်အာချိုရယ် . . . အရီးတို့အိမ်မှာ ဘာမှအားနာစရာမရှိပါဘူး"

"ဒါဖြင့် . . . ကျွန်တော် ခြံထဲကကြက်တစ်ကောင်ကို တွယ်လိုက်မယ်နော် အမေ . . ."

"ဟယ် . . . ကောင်လေး၊ ငရဲအိုးတွေကြီးကုန်တော့မှာပဲ၊ မလုပ်ရဘူး။ အိမ်မှာ ဝက်သားဟင်းချက်ထားတယ်၊ ပြီးတော့ ပဲကြီးဟင်းကို ဆူးပုတ်ရွက်အုပ်ပြီး တို့စရာ ငါးပိလည်း ရှိနေတယ်၊ သွား . . . သွား . . . တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ချိန်မမီရင် ဆရာလေးကိုကြည့်သာ စိတ်ဆိုးနေလိမ့်မယ်''

''အချိန်မီပါတယ် . . . အမေရဲ့ ခုပဲသွားတော့မှာပါ၊ ကျောင်းတော့အပျက်ခံလို့မဖြစ်ဘူး။ ပညာတတ်ကြီးဖြစ်မှ အစ်ကိုကြီးတို့လို ရာထူးရာခံနဲ့ဖြစ်မှာ၊ ကိုင်း . . . ထမင်းစားသောက်ပြီးမှပြန်နော်၊ ကျွန်တော် အစ်ကိုကြီးရောက်နေတဲ့အကြောင်း အစ်မထွေးရီကို ဝင်ပြီးပြောခဲ့မယ်၊ သွားပြီဗျို့ . . .''

ပြောပြောဆိုဆို ကျောင်းလွယ်အိတ်ကိုသိုင်းလွယ်ကာ ခြံအပြင်ဘက်သို့ ခုန်ပေါက်ပြေးထွက်သွားတော့သည်။

''အဲဒါသာကြည့်တော့ . . . မောင်သာချို့ မိသားစုထဲမှာ အထွေးဆုံးဖြစ်နေလို့ အလိုလိုက်ထားတာ၊ ပြောတာဆိုတာများ နားထဲထော်လော်ကန့်လန့်ဖြစ်နေရင် ခွင့်လွှတ်ပါကွယ် . . . ဗွေမယူပါနဲ့''

''ဟာ . . . မဟုတ်တာပဲ အရီးရယ်၊ ကျွန်တော့်မှာလည်း ညီအစ်ကိုမောင်နှမသားချင်းရယ်လို့မရှိတော့ အရီးတို့မိသားစုကိုပဲ ခင်တွယ်နေမိတာပါ''

''ကောင်းပါလေ့ကွယ် . . . ကောင်းပါလေ့ . . . ခုလိုသဘောထားမှန်းသိရတော့ ဝမ်းသာပါတယ်၊ အရီးတို့အိမ်ကို ကြုံကြိုက်တဲ့အချိန် ဝင်ပါ,ထွက်ပါ၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီး စားသောက်နော်၊ ဘာမှအားနာစရာမလိုဘူး၊ တတ်နိုင်ရင် နေ့တိုင်းတောင်မှ လာစားစေချင်တာ''





''ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် အရီလေးရယ်''

''ပြီးတော့ . . . မောင်သာချို့အကြောင်း သူ့အစ်ကိုကံကြီးမောင်က အပြည့်အစုံရေးထားပေးလို့ သိနေပါပြီ၊ သမီးထွေးရီကိုလည်း စောင့်ရှောက်ပါ၊ သူက စိတ်ရင်းစိတ်ခံကောင်းပါတယ်၊ ဗိုင်းကောင်းကျောက်ဖိနေတတ်အောင်လည်း အရီးတို့က ဆုံးမသွန်သင်ထားပါရဲ့၊ သူက သတ္တဝါတွေအပေါ် သနားစိတ်မရှိတာဘဲပြောစရာရှိတာ''

''ရပါတယ် . . . အရီးရယ်၊ ဒါမျိုးဟာ အချိန်ယူပြီး နားလည်သဘောပေါက်အောင် ဖျောင်းဖျလို့ပြုပြင်ပေးနိုင်ပါတယ်''

''ဟော . . . ဟော . . . ဟိုမှာ မင့်နှမ လာနေပြီ၊ စကားစမြည် ပြောကြဆိုကြဦး၊ အရီး မီးဖိုချောင်ဝင်ပြီး ဟင်းအိုးတွေနွှေးလိုက်ဦးမယ် . . .''

ဒေါ်ဗွေးတုတ်က အလိုက်သိစွာဖြင့် မီးဖိုချောင်သို့ ဝင်သွားသည်။ ထွေးရီသည် သူ့ကိုမြင်လျှင်မြင်ချင်း ပြုံးယောင်သမ်းသွားသည်ကို တွေ့လိုက်ရ၍ သူ့ရင်ထဲဗိုသွားတော့၏။

''ဟော . . . အစ်ကိုရောက်နေတာ ကြာပြီလား''

''သိပ်မကြာသေးပါဘူး၊ ဒီမှာ အရီးနဲ့စကားကောင်းနေတာ၊ အလုပ်နဲ့ရွှေသရက်ရောက်တုန်း သတိရလို့ဝင်လာတာ''

''ဒါဆို . . . ထမင်းစားပြီးမှပြန်နော်''

''ကောင်းပါပြီဗျာ . . .''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာထိုင်ဦးနော် . . . ရေနွေးကြမ်းသောက်၊ ထန်းလျက်စား၊ ထွေးရီ ဟင်းရွက်ကလေးတွေခူးလာလို့ မီးဖိုချောင်ဝင်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ထွေးရီလည်း သမင်ပျိုမကလေးအလား သွက်လက်ချက်ချာစွာဖြင့် မီးဖိုချောင်အတွင်း လှစ်ခနဲပြေးဝင်သွားလေသည်။ သည်လိုလှုပ်ရှားမှုသွင်ပြင်က သူ့အချစ်စိတ်ကို နိုးကြွလာစေခဲ့တော့သည်။

သိပ်မကြာလိုက် . . မီးဖိုချောင်မှ ဒေါ်ဖွေးတုတ်၏အသံက ပေါ်ထွက်လာတော့၏။

"ဟဲ့ . . . ဟဲ့ . . . အို . . . ဒီကလေးမ၊ လုပ်ပြန်ပါပြီ၊ ညည်းတော့အေ . . . ဝင့်လိုက်တော့မှာပဲ၊ ကြွက်တွင်းထဲ တုတ်နဲ့ထိုးလို့"

"အို . . . မလုပ်လို့ရမလား အမေရဲ့၊ အမေ့ကြွက်တွေက သောင်းကိုသောင်းကျန်းလွန်းတယ်၊ ထမင်းအိုး ဟင်းအိုးလည်း အလွတ်မပေး၊ ဟိုတစ်ညကလည်း သပေါ့ဖျာစတွေကို ကိုက်သွားသေးတယ်၊ ကြွက်တွေသောင်းကျန်းတာ ငြိမ်မလားဆိုပြီး ကြောင်မွေးပါတယ်၊ ကြောင်က တကယ့်ငပျင်း . . ."

ထွေးရီ၏အသံကိုကြားရတော့ သူ့အဖို့ပြုံးချင်ချင်၊ ထွေးရီ၏ အကဲဆတ်သောစိတ်ကို နားလည်ရသလို သူနှင့်အကြောင်းဆက် ပေါင်းဖက်လျှင်ဖြင့် သည်းခံခွင့်လွှတ်ကာ ပြုပြင်ယူသွားရမည်ဟု၍လည်း စိတ်ကူးထားလိုက်သည်။



[၁၂]



www.burmeseclassic.com

www.burmeseclassic.com

သည်ကနေ့ ... အလုပ်ပိတ်ရက်။

သည်လိုရက်မျိုးမှာ သူ့အဖို့ ထွေးရီတို့ထံ ခြေဦးမလှည့်ပါက ဘယ်သို့လှည့်ရပါအံ့နည်း။

ထွေးရီကို သတိရတိုင်း သူ့ရင်ထဲက ခံစားမှုတို့ကို ဖွင့်ဟလိုက်မည်ဟု စိတ်ကူးတွေက အမျှင်တန်းခဲ့သလောက် တကယ့်တကယ်တမ်း ထွေးရီနဲ့ ရင်ဆိုင်ကြုံတွေ့ရတော့ နှုတ်ထဲ အာစေးထည့်ထားသလို ပြောမထွက်ခဲ့။ ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးလျှင်ဖြင့် ခက်ရောမည်။ သည်အတိုင်းနေသည်က တစ်ဦးနှင့်တစ်ဦး အခင်အမင်မပျက်။ ချစ်စကား၊ကြိုက်စကားပြောပြီး သူ့ရင်ဘတ်ကြီးကို ဖွင့်လှပ်မိပါလျှင် လက်ခံသော် ကိစ္စမရှိ။ လက်မခံပါက အခင်အမင်ပျက်သွားပြီး ရွှေသရက်ရွာသို့ ခြေချဖို့အရေးပင် မတွေးလောက်အောင်ဖြစ်ရမည့်အရေးမို့ ရေဒီယိုထဲက သီချင်းတစ်ပုဒ်အတိုင်း 'ကိုယ်သာချစ်စိတ် တိတ်တိတ်ဖြေ'နေရတော့သည်။





ရေမိုးချိုး၊ အဝတ်အစားလဲပြီး ထွေးရီတို့ရွာသို့ တစ်ယောက်တည်း သူထွက်လာခဲ့သည်။ ရွာထိပ်အရောက်တွင် တစ်စုံတစ်ယောက်က လှမ်းခေါ်သဖြင့် လှည့်ကြည့်မိရာ သူ့အလုပ်ခွင်မှ တပည့်ပွကြီးဖြစ်နေသည်။

"ဆရာလေး ... လာပါဗျာ၊ တစ်ခွက်တစ်ဖလားလောက် ချီးမြှင့်ပေးပါဦး၊ သည်နယ်တစ်ကြောမှာတော့ ရွှေသရက်ထန်းရည်ဆိုတာ ထိပ်ပဲ၊ ဆရာလေးသောက်ကြည့်ရင် ခိုက်သွားလိမ့်မယ်၊ ပြီးတော့ ... အမြည်းကလည်း လယ်ကြွက်ကို ကြွပ်နေအောင်ကင်ထားတာခင်ဗျ"

တပည့်ကျော်ပွကြီး၏ အဆွယ်ကောင်းမှုကြောင့် သူ စိတ်အတော်ပါလာခဲ့သည်။

ထွေးရီနှင့်သည်ကနေ့တွေ့လျှင်ဖြင့် ပတ်ဝန်းကျင်အနေအထားကောင်းလျှင် သူ့အချစ်တွေကို ရင်ဖွင့်ပြလိုက်မည်။ ရင်ဖွင့်ရဲအောင်လည်း အကောင်းဆုံးဆိုသည့် ထန်းရည်နှင့် ရဲဆေးတင်ဖို့ရာ ဆုံးဖြတ်လိုက်သည်။

"ဒါဖြင့်လည်း ထည့်ကွာ ... မသောက်ရတာကြာလို့ တစ်ခွက်တစ်ဖလားတော့ တွယ်လိုက်ဦးမယ်"

"တွယ်သာတွယ်ပါ ဆရာလေးရယ်၊ ကျွန်တော်က ဆရာလေးကို ပြုစုချင်နေတာ ကြာပြီ၊ ဒီကနေ့ အိမ်က ဝက်ထီးတစ်ကောင် အရောင်းအဲဝယ်တည့်သွားလို့ အင်မတန်ရွှင်နေတာခင်ဗျ"



www.burmeseclassic.com

ရေမြေ့ရှင်တကာတော်ကလည်း သဘောကောင်း၏ မနော ကောင်းရယ်မို့ ထန်းရည်ဝိုင်းထဲ သူရောက်သွားခဲ့သည်။

"ဟား ... ကောင်းမှကောင်းပါပဲလား ပွကြီးရာ၊ မင်းပြောတာ တကယ်လည်းဟုတ်ပါရဲ့၊ ကြွက်ကင်ကလေး ကလည်း ရှနေ့မွှနေတာပဲ၊ ပေးကွာ .. နောက်တစ်ခွက်"

"ချ ... ဆရာလေး၊ ချ ... ချ၊ အားမနာနဲ့ ချသာချ၊ ပြီးရင် ဆရာလေးသွားချင်နေတဲ့ဆီ ကျွန်တော် လိုက်ပို့မယ်"

"နေပါဦး ... မင်းက ငါသွားချင်တဲ့ဆီပို့ရအောင် အဲဒီနေရာကို သိလို့လား"

"ဟာ ... မသိဘဲဘယ်နေပါ့မလဲဗျာ၊ ဆရာလေး သွားမယ့်အိမ်က ထွေးရီတို့အိမ်ကလွဲလို့ ဘယ်အိမ်မှမဖြစ်နိုင်ဘူး၊ ဟဲ ... ဟဲ ... စိတ်ကူးမလွဲနဲ့ ဆရာလေး၊ ထွေးရီဟာ သဘောကောင်း၊ မနောကောင်း၊ ပြီးတော့ .. အိမ်ထောင်မှုထိန်းသိမ်းတာလည်း အင်မတန်မှနိုင်နင်းတယ်၊ ကျွန်တော်တို့လေ့လာအကဲခတ်မိသလောက် ထွေးရီကလည်း ဆရာလေးကို ကျနေတဲ့ပုံပဲ၊ ဆရာလေးအနေနဲ့ ထွေးရီနဲ့နီးစပ်သွားရင် သူ့အိမ်တစ်အိမ်လုံးကလည်း သဘောကျမှာ အသေအချာပဲ အဲဒီအခါကျရင် ဆရာလေး အနေနဲ့ ထမင်းလခ ပေးစားစရာလည်း မလိုတော့ဘူး၊ အဝတ်အစားကိုလည်း ပိုက်ဆံပေးပြီး လျှော်နိုင်းစရာမလိုတော့ဘူး၊ ပြီးတော့ ... အပျိုး ..."





"ဟော့ကောင် ... ပွကြီး၊ ဘာအပျိုးလဲ"

"အပျိုးဆိုတာ အပျိုးပဲပေါ့ ဆရာလေးရဲ့၊ အပျိုးပျိုး"

ထန်းရည်တန်ခိုးက တရိပ်ရိပ်တက်လာခဲ့သည်။ သွားစရာ ရှိတာ သွားရဦးမည်။ ရဲဆေးက တင်ထားပြီးပြီဆိုတော့လည်း ကြောက်စိတ်က အလိုလိုကင်းနေခဲ့သည်။

"ကိုင်း ... ငါသွားဦးမယ်ကွာ ... ပွကြီး"

"နေဦးလေ ... ကျွန်တော် လိုက်ပို့ပေးမှာပေါ့ ဆရာ လေးရဲ့"

"ဟာ ... မလိုပါဘူးကွာ၊ ငါ့ဘာသာငါ သွားလို့ရပါ တယ်"

ထန်းရည်အာနိသင် ခပ်ထွေထွေဖြင့် သူသည် ထွေးရီတို့ အိမ်ရှိရာသို့ တရွေ့ရွေ့လှမ်းလျှောက်လာခဲ့သည်။

ထွေးရီတို့ခြံသည် ခါတိုင်းနှင့်မတူ။

တိတ်ဝ[illegible]တ်။

ခါတိုင်းဆိုလျှ[illegible]မသားသုံးလေးဦးလောက်တော့ ရှိနေ တတ်သည်။ ဖိုးချွန်ဆိုလျှင် ခြံထဲမှာ သူ့အဖော်တွေနှင့် ဆူညံလျက်။

"အဟမ်း ... အဟမ်း ..."

တစ်စုံတစ်ဦးများရှိလေမည်လားဟု အသံပြုကြည့်လိုက် သည်။

"ဟော ... အစ်ကိုသာချိုပါလား၊ လာလေ ... အိမ်ပေါ်တက်"

ထွေးရီ၏ချိုသာပျူငှာသောအသံကို ကြားလိုက်ရသည်။

www.burmeseclassic.com



"အရီးတို့၊ ဖိုးချွန်တို့ကော မမြင်ပါလား"

"မမြင်ဆို လက်ပံတောရွာအလှူကို မနက်ကတည်းက လှည်းနဲ့ထွက်သွားကြတာ၊ မိုးချုပ်ခါနီးမှပဲ ပြန်ရောက်လာကြတော့မှာ"

အနေအထားက အခွင့်သာသည့် အခါကောင်းပါပေ။

"ဒါထက် ... ထမင်းကော စားပြီးပလား"

"စားပြီး၊ အဲ ... မစားရ၊ အို ... စားပြီး ..."

"ဘယ်လိုဖြစ်နေတာလဲ၊ စကားပြောတာကိုက မရေမရာ မသေမချာနဲ့၊ ဟွန်း ... ထန်းရည်စော်နံလိုက်တာ၊ ကေနှ ... ပွကြီးတို့နဲ့ဆုံခဲ့ပြီထင်တယ်"

"သေချာတာပေါ့ ထွေးရီရယ်၊ အတင်းကာရော ဖွတ်တရွှတ်တိုက်ကြတာနဲ့ အားနာပြီးတော့ ... အဟဲ ..."

"တော်ပါ ... လူတွင်ပါလို့ နွားကျားကိုက်တဲ့ဥစ္စာ၊ သူတစ်ပါးကို ဆွဲမထည့်ပါနဲ့"

"အဟဲ ... နည်းနည်းလေးပါ ထွေးရီရယ်"

"ဟွန်း ... တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပဲ၊ ကုလားကြီးနဲ့အရာကြီး၊ အရာကြီးနဲ့ ကုလားကြီး၊ ဘာမှပိုမထူးဘူး၊ ထွေးရီတော့လေ ... ကဖော်သမား,ထန်းရည်သမားဆို အင်မတန်မုန်းတာရှင့်"

"အို ... အို ... ဒီတစ်ခါတော့ ခွင့်လွှတ်နော် ... ခွင့်လွှတ်၊ နောက်ဆို ထွေးရီမကြိုက်တာဆို အစ်ကို ဘာဆိုဘာမှ မလုပ်တော့ဘူးနော်၊ မလုပ်တော့ဘူး"





"ဟွန်း ... ဘာဆိုင်လို့လဲ၊ ကိုယ့်သဘောနဲ့ကိုယ်ပဲဟာ၊ ထွေးရီနဲ့ ဘာမှမပတ်သက်ဘူး"

ခါတိုင်းဆိုလျှင်ဖြင့် ထွေးရီ၏နှုတ်ခမ်းဖျားမှ ထိုသို့သော စကားလုံးများ ခုန်ပေါက်ထွက်ကျလာလျှင် သူ့အဖို့ ခွေးအ,ကြီးလည်းအကြိတ်ခံရသည့်ပမာ အမြီးအသာကုပ်လျက် လာရာလမ်းအတိုင်း ခပ်ရိုရို့ကလေး ပြန်လှည့်ထွက်သွားမိမှာ သေချာသည်။

ခုကျတော့ ... သည်သို့မဟုတ်။

တပည့်ကျော်ပွကြီး တင်ပေးလိုက်သည့်အရှိန်ကြောင့် ကြောက်စိတ်တွေ ကင်းမဲ့နေခဲ့သည်။

"ဘာမှမပတ်သက်ဘူးလို့တော့ မပြောလိုက်ပါနဲ့ ... ထွေးရီရယ်၊ ထွေးရီနဲ့ပတ်သက်ချင်လို့လည်း အစ်ကို အမျိုးမျိုး ကြိုးစားခဲ့ရတာပါ ထွေးရီရယ်၊ အစ်ကို ထွေးရီကို သိပ်ချစ်တယ်၊ ရင်ပွင့်မတတ်အောင်ကိုပဲချစ်တယ်"

"အို ..."

စကားနောက် တရားပါလေပြီကော။

အချစ်နှင့်တူသော ထန်းရည်တန်ခိုးက အကြီးအကျယ် အစွမ်းပြလေပြီ။ ဘယ်သူမှပင့်နိူးမရပါဘဲ လက်သွက်ခြေသွက်ဖြင့် လုံးကျစ်နေသော ထွေးရီ၏ခန္ဓာကိုယ်ကလေးအား ဖွေ့ခနဲလှမ်းဖက်လိုက်ပြီး၊ မို့မို့ဖောင်းဖောင်း ပါးပြင်နှစ်ဖက်အား နှာခေါင်းဖိ၍ ရှွတ်ခနဲ ရှွတ်ခနဲ နမ်းပစ်လိုက်သည်။

သည့်နောက်မှာတော့ ဘာကဘယ်လိုဖြစ်သည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ထွေးရီတို့နှစ်ဦးသား အရှိန်ဖြင့်လဲကျသွားကာ လှိုင်းစီးရသလို၊ မိုးတိမ်တွေမျောလွင့်သလို ခံစားနေရသည်။ ထွေးရီကလည်း ရှန်းကန်ဖယ်ရှားမှုမပြု။ နှ ြ သား မိန်းမောသလိုမျိုး။

သူအသိဝင်လာတော့ ထွေးရီက သူ့ရင်အစုံအား တဘုံးဘုံးထုတော့သည်။ သို့သော် နာနာကျင်ကျင်ဖြစ်အောင် ထုခြင်းတော့မဟုတ်။

"ကိုယ် ... ကိုယ်တောင်းပန်ပါတယ် ထွေးရီရယ်၊ ကိုယ် ထွေးရီကို ကျေနပ်လောက်တဲ့အထိ တောင်းပန်ပါတယ်"

"သွားစမ်းပါ ... လူကြည့်တော့ တကယ့်ကိုမနုတ်တတ်တဲ့ကြောင်၊ လာလိုက်ရင် တကယ့်ကို မထုံတတ်သေးနဲ့"

"အဲ ... အဲဒါ ... ထွေးရီကို လန့်လို့ပေါ့"

"ဘာလန့်တာလဲ၊ ဟွန်း ... ခုကျတော့လည်း ရဲတင်းလိုက်တာ၊ လူ့ကို ဘယ်လိုနေရမှန်းကိုမသိတော့ဘူး။ ဒါပဲနော် ... သူ့ကိုသနားလို့ အလိုလိုက်တာ၊ သူများကို အထင်သေးဖို့တော့ မကြိုးစားနဲ့"

"အို ... ဘာဖြစ်လို့အထင်သေးရမှာလဲ ထွေးရီရယ်၊ ဒါထက် ... ကိုယ့်ကိုသနားရုံသနားသလား။ ချစ်ကောမချစ်နိုင်ဘူးလားကွယ် ..."

"ဟွန်း ... မချစ်ဘဲနဲ့အလိုလိုက်မလား။ ဒါပဲနော် နောက်များကျရင်တော့ ထွေးရီကို ခွာသွားဖို့မစဉ်းစားနဲ့၊ ထွေးရီအကြောင်း ကောင်းကောင်းကြီးသိသွားမယ်"





"သိတယ် ... သိတယ်၊ စိတ်ချ ... စိတ်ချ၊ ထွေးရီကို ဘယ်တော့မှခွဲခွာမသွားဘူး"

ထန်းရည်နှင့်အချစ်ကား ...

ထပ်တူညီမျှခြင်း ဖြစ်သွားခဲ့လေပြီတကား။



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

[ ၁၈ ]

# စငြေကြေးပေါ်အသုံး

www.burmeseclassic.com

www.burmeseclassic.com

ခုတော့လည်း သာချိုကြီးတစ်ယောက် ရွှေသရက်ရွာသား စစ်စစ် ဖြစ်သွားခဲ့လေပြီ။

ဘာကြောင့်ဆို . . . နှစ်ဖက်သောမိဘဆွေမျိုးအပေါင်း၏ သဘောတူကြည်ဖြူမှုဖြင့် သာချိုကြီးနှင့်ထွေးရီတို့ အကြောင်းဆက်, ပေါင်းဖက်ခဲ့ကြလေပြီ။

သည့်အတွက် ထွေးရီနှင့်စပ်လျဉ်းသော ဆိုရိုးစကားတစ်ရပ် ရှိသွားခဲ့လေပြီ။ သည်စကားကိုဆိုသူမှာ အခြားမဟုတ်။ အင်မတန်မှ သွက်လက်ချက်ချာလှစွာသော ဖိုးချွန်ပဲဖြစ်၏။

"အမေရေ . . . အမေ့သမီး မမထွေးရီ အမေပြောတဲ့ အတိုင်း ဝဋ်လည်နေပြီဗျို့" တဲ့။

ဘာကိုရည်ရွယ်၍ ပြောဆိုလိုက်ခြင်းကိုဖြင့် အင်မတန်



BURMESE CLASSIC .com



ဉာဏ်တုံးလှစွာသော ဤဘုတ်အုပ်ရေးသားသူ ကိုရွှေတောသား အဖို့ ဖော်ထုတ်ခြင်းငှာ မစွမ်းသာ။

သည့်အတွက် လွန်စွာမှဉာဏ်ရည်ထက်လှစွာသော အဆွေ စာရှုသူတို့ တွေးတောစဉ်းစား၍ အဖြေပေးစေချင်ပါသတည်း။

**ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ**

**မြို့မေတ္တာခံယူမယ့်**

**ကိုရွှေတောသား**

www.burmeseclassic.com